
www.burmeseclassic.com

# သူ့အရပ်နဲ့သူ့ဇာတ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ကိုရွှေတောသား

## သူ့အရပ်နဲ့ သူ့ဇာတ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် — ၅၀၀၄၄၉၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၅၀၀၀၅၆၀၅၁၁

ပုံနှိပ်ခြင်း — ပထမအကြိမ်၊ ၂၀၁၁၊ ဇွန်လ

ထုတ်ဝေသူ

ဦးစန်းမွန်အောင်(ငါတို့စာပေ)

75(ဗီ) ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်မေသက်ခိုင်(ပြည့်စုံပုံနှိပ်တိုက်)

အဖုံးဒီဇိုင်း

အာကာ

အုပ်ရေ

၅၀၀

တန်ဖိုး — ၁၅၀၀ ကျပ်

၈၉၅.၈၃

ကိုရွှေတောသား

သူ့အရပ်နဲ့ သူ့ဇာတ်/ကိုရွှေတောသား ။ ရန်ကုန် ။

ငါတို့စာပေ၊ ၂၀၁၁။

(၁၈၀) စာ၊ ၁၂ စင်တီမီတာ x ၁၈ ၅ စင်တီမီတာ

(၁) သူ့အရပ်နဲ့ သူ့ဇာတ်

❖ သူ့အရပ်မှာပေါ့

သူ့ဇာတ်နဲ့တော့ သူတွင်ကျယ်။

❖ 'တစ်ကျောင်း တစ်ဂါထာ' တဲ့

တစ်ရွာလျှင် တစ်ပုဒ်ဆန်းတာကြောင့်

ဟုတ်တိုင်း မှန်ရာကိုဖြင့်

စာရေးသူ ကိုရွှေတောက

အဟောဝတ ဩချဖို့

ပြောပြတော့မယ်။

❖ ခဏတာ ဘဝအမောကိုဖြင့်

ပြေလျှော့ဖို့ စဉ်ရည်ရွယ်

ဟာသနွယ် ဇာတ်ဆင်ပြီး။

❖ စာလကာ အသွင်ချောအောင်ပ

ပေါ်တာတွေ ပါလာခဲ့လျှင်ဖြင့်

ညှာငဲ့ကာ ခွင့်သာလွှတ်ပါရော့

ဦးညွှတ်ကာ စိတ်မနောနဲ့

'I am Sorry'...။

မြို့မေတ္တာခံယူမယ့်

ကိုရွှေတောသား

(၈.၉.၂၀၁၀)

www.burmeseclassic.com

www.burmeseclassic.com

ကာလတစ်ခုဆီတုန်းက ဧရာဝတီမြစ်ကြောင်း ပြောင်းလဲခြင်း မရှိသည့်အတွက် သည်အရပ်သည်ဒေသ၌ ပြောစမှတ်တွင်စရာ တောရွာကလေးတစ်ရွာ ရှိခဲ့ဖူးပါသည်။

ရာသီကလည်း မဖောက်ပြန်၊ မိုးမှန်၊ လေမှန်ဆိုတော့ ရွာကလေးအဖို့ စီးပွားလုပ်ငန်းခွင် သင့်တင့်ကောင်းမွန်သည်နှင့်အမျှ ရွာရိပ်ဝန်းကျင်မှာလည်း သာတောင့်သာယာရှိလှသည့်ဟု ဆိုရပေလိမ့်မည်။ ရွာပတ်ပတ်လည်မှာ ကုက္ကိုပင်တွေ၊ ကန့်ပလာပင်တွေ၊ မန်ကျည်းပင်တွေ၊ ညောင်ပင်ကြီးတွေ၊ လက်ပံပင်တွေ၊ သရက်ပင်တွေ၊ ထန်းပင်တွေ၊ အုန်းပင်တွေ၊ ပေပင်တွေက ဝိုင်းပတ်လျက် မှိုင်းညို့နေလေသည်။ ရွာ့အပြင်တော့ ရှုမဆုံးလှသော လယ်ကွင်းပြင်များ။

မိုးတွင်းမှာ စပါး၊ ဆောင်းကာလမှာ ဆီထွက်သီးနှံဖြစ်ကြသည့် မြေပဲ၊ နေကြာနှင့် အခြားအခြားသော ပဲအမျိုးမျိုး။ နွေရောက်တော့ ဧရာဝတီမြစ်ရေကိုသွင်းလျက် ဖရဲ၊ ကြက်သွန်၊ ခရမ်းချဉ်စသော အသီးအနှံတို့ကို စိုက်ပျိုးကြသည်။ သည်တော့ ရွာကလေးဟာ သာ ဆိုရသည်။ စားဝတ်နေရေးအတွက် ပူပင်စရာမရှိလောက်အောင် (အလုပ်လက်ကြောတင်းပါက) ဘာမျှမခက်ခဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ရှိသည်။

သည်ရွာကလေးက နည်းနည်းတော့ သီးခြားဆန်သလို ဖြစ်နေသည်။

ဘာ့ကြောင့်ဆို ရွာနီးချုပ်စပ်ဆို၍ ပြစရာရွာမရှိ။ ရှိသည့်ရွာတွေကလည်း တကယ့်ကို တစ်မျှော်တစ်ခေါ်။ ရန်ကုန်မြို့ပြကို သွားမည်ဆိုပါက ဧရာဝတီမြစ်ကမ်းပါးသို့သွား၍ ကြားသင်္ဘောများကို အချက်ပြပြီး တစ်နေ့နှင့်တစ်ညသွားပါမှ ရောက်တော့သည်။ သည်တော့လည်း အကြောင်းကြီးငယ်မရှိပါက မည်သူမျှ ခရီးမထွက်ကြ။ ကိုယ့်အရပ်နှင့်ကိုယ့်ဇာတ် ဟပ်အောင်ကို နေတတ်ကြသည်။

တစ်ရွာလုံးက ဗုဒ္ဓဘာသာကို သက်ဝင်ကြည်ညိုကြသူတွေပီပီ ရွာမှာ ကိုးကွယ်ဆည်းကပ်စရာ ဘုန်းတော်ကြီးအား ဆောက်လုပ်ပေးထားသည့် ရွာဦးဘုန်းကြီးကျောင်း ရှိသည်။ ရွာတစ်ရွာမှာ စာသင်ကျောင်းမရှိလျှင်သာ နေရမည်။ ဘုန်းတော်ကြီးနှင့်တကွ ဘုန်းတော်ကြီးကျောင်း မရှိ၍မဖြစ်။

ဘာ့ကြောင့်ဆို လူဆိုသည်မှာ သာရေးနှင့်သော်လည်းကောင်း၊ နာရေးနှင့်သော်လည်းကောင်း ကင်းတတ်ကြသည်မှ မဟုတ်ပါပဲကလား။

ဒါကို သည်ရွာကလေးက အလေးအနက် သဘောပေါက်ခဲ့သည်။

သည်တော့ ဘုန်းကြီးနှင့်တကွ၊ ဘုန်းတော်ကြီးကျောင်းလည်း ရှိခဲ့ပြီ။



ဒါတင်ပဲလားဆိုတော့ မဟုတ်သေး။

နေခြည်မှာ ရွှေရည်လောင်းလျက် အနာဂတ်ပန်းပွင့်များအတွက်၊ တမ်နည်းအားဖြင့် ကလေးငယ်များအတွက် စာပေတတ်မြောက်စေရန် မူလတန်းကျောင်းလေး တစ်ကျောင်းလည်း ရှိထားပြီဖြစ်ရာ 'ဘာလိုသေးလဲ… ရွာကလေးရယ်' ဟုပင် မေးလိုက်ချင်စရာကောင်းပါဘိ။

တစ်ခုတော့ ရှိသည်။

ဒါက သည်ရွာကလေး၏ အမည်ကို မည်သူမည်ဝါကပေးခဲ့၍ တွင်သွားလေသည်မသိတတ်နိုင်သော ရွာအမည်ပဲဖြစ်၏။

သို့ဆိုလျှင် ထိုရွာကလေး၏ အမည်သညာခေါ်စရာကား အဘယ်ပါတဲ့နည်း။

တွဲ-ဂဏှာဟိ၊ မှတ်ပါလေလော့ မှတ်ပါလော့။

ရွာကလေး၏အမည်ကား အခြားမည်သည့်ရွာ၏ အမည်နှင့်မျှ တူနိုင်မည်မထင်သော အမည်နာမပဲဖြစ်၏။

'ဘုဂလန့်… ရွာ' ဆိုပါကလား။

သည်အမည်ကို စတင်ကြားရသူတိုင်း တစ်မျိုးတစ်မည် ဖြစ်သွားပေလိမ့်မည် ထင်ပါ၏။ သို့ရာတွင် အဆိုပါအမည်ကို ပေးခဲ့သူကား အနတ္တသညာ၏သဘောကို ကျေညက်နေသည့် ပညာရှိဖြစ်မှာ သေချာပါသည်။

ဘာ့ကြောင့်ဆို…

သည် 'ဘုဂလန့် ကျေးရွာ' ၌ မှီတင်းနေထိုင်ကြကုန်သော

www.burmeseclassic.com

www.burmeseclassic.com



ဘုဂလန့်ကျေးရွာသူ ကျေးရွာသားတို့၏ စရိုက်လက္ခဏာတွေကိုက ရွာအမည်နှင့် ထပ်တူထပ်မျှ ကိုက်ညီနေသောကြောင့်ပါတည်း။

ဟိ-သစ္စံ၊ ဤစကားသည် မှန်ပေစွ။

မှန်သည့်အကြောင်းကိုလည်း ရှေ့စာမျက်နှာတွေက ထင်ရှားစေမည်ပ။

○ ○ ○

'နောက်ပြီး... နွားတွေမှာ
အဝတ်အစား မလိုဘူး။
မွေးလာကတည်းက ဒါဟာ ဒါပဲ။
သနပ်ခါး လိမ်းစရာ...
ပေါင်ဒါ ရိုက်စရာ...
ရေမွှေးဆွတ်စရာ...
ဆီမွှေးလိမ်းစရာ ဘာမှမလိုဘူး။
သဘာဝအတိုင်းပဲ...'

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ဘုဂလန့်ကျေးရွာသို့ မြို့နယ်အတွင်းမှ တာဝန်ရှိအဖွဲ့တစ်ဖွဲ့ ရောက်လာကြသည်။

လာရင်းအဓိကက ဘုဂလန့်ကျေးရွာရှိ မူလတန်းကျောင်းကလေးနှင့်စပ်လျဉ်း၍ ပညာရေးဆိုင်ရာ တိုးတက်ရာ တိုးတက်ကြောင်းအတွက် လာရောက်ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်ကူညီ ပံ့ပိုးပေးဖို့ရာဖြစ်၏။

အဖွဲ့ခေါင်းဆောင်က မြို့နယ်ပညာရေးမှူးဖြစ်ပြီး ၎င်းနှင့်အတူ လက်ထောက်မြို့နယ်ပညာရေးမှူး အပါအဝင် စစ်ဆေးရေးနှင့်ရုံးအဖွဲ့သားအချို့ ပါလာခဲ့ကြသည်။ သည်လိုမျိုး ဧည့်သည်တွေရောက်လာလို့က ဘာမှုပူမနေရ။

စကားအပြောအဆို၌ အများတကာထက် ဘုဂလန့်အကျဆုံးဖြစ်သည့်အတွက် သူကြီးအဖြစ်တင်မြှောက်ခြင်းခံရသည့် ဘုဂလန့်ရွာသူကြီး ဦးဩဘာက ရွာသူရွာသားအပေါင်း၏ စုပေါင်းထည့်ဝင်ငွေဖြင့် ဝယ်ထားသည့် အသံချဲ့စက်အား မိုက်ဆင်၊ ဘတ္တရီချိတ်လျက် ‘ဟဲလို… ဟဲလို… တက်စတီ… ဝမ်းတူး သရီး ဖိုးဖိုက်ခြောက်’ ဆိုပြီး တဖူးဖူးလေမှုတ်လိုက်၊ တောက်ခေါက်လိုက်နှင့်…

www.burmeseclassic.com

www.burmeseclassic.com



'ဟော့… ဟော့… ဘုဂလန့်ရွာကဟာတွေ… ဘုဂလန့်ရွာကဟာတွေ ငါတို့ရွာကို မြို့ကဧည့်သည်တွေ စာသင်ကျောင်းကိစ္စနဲ့ လာကြလိမ့်မယ်၊ အေး… အဲသည်အတွက် ထမင်းနဲ့ဟင်းကို ဘုန်းကြီးဆွမ်းလောင်းသလိုမျိုး စာသင်ကျောင်းကို လာပို့ကြ၊ မပို့တဲ့သူ တစ်တေး၊ ဒါပဲ'

ဟူ၍ ကြိုတင်ပြင်ဆင် စီစဉ်ထားလိုက်လေ၏။

ရွာသူရွာသားတွေကလည်း အညီသား။

အိမ်တိုင်းစေ့နီးပါးပင် ထမင်းချိုင့်နှင့်ဟင်းခွက်ကလေးများ ဆွဲလျှက် စာသင်ကျောင်းရှိရာ လာပို့ကြသည်။ ထိုအခါ ကာလသမီးခေါင်းဆောင် ဒေါ်မေနှင်းက လဲလှယ်ယူငင်လျက် ထမင်းအရန်သင့်၊ ဟင်းအရန်သင့်၊ ငါးပိရည်၊ တို့စရာ၊ ရေနွေးကြမ်းအရန်သင့် စီစဉ်ထားလိုက်သည်။

ထို့အတူ ကာလသားခေါင်း ကြွက်နီကလည်း ကျောင်းဆရာကိုစိန်ဘန်းအား ထန်းရည်တို့ဘာတို့ စီစဉ်ထားရမလားဟု လစ်ဟာမှု မရှိရလေအောင် မေးလာသည်။

'လိုရမယ်ရ ဆွဲထားတာတော့ မမှားဘူးပေါ့ဗျာ၊ တကယ်လို့ သူတို့မသောက်လည်း ခင်ဗျားတို့ ကျုပ်တို့ သောက်ရတာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်တာပေါ့… ဆရာလေးရာ၊ ကျွန်တော် ပိုပိုသာသာလေး သွားဆွဲထားလိုက်မယ်'

မည်သည့် အိမ်ရှင်လာလာ၊ ဘုဂလန့်ရွာကလေးကတော့ နာ



မည်သာ ဆိုးချင်ဆိုးမည်။ စိတ်ရင်းစေတနာက တကယ့်ကို ဖြူဖြူစင်စင်။ ဧည့်ဝတ်က လိုအပ်နေတာထက်ကို ကျေနေခဲ့ပြီးသား။

သည့်အတွက် မြို့ကရောက်ရှိလာသော တာဝန်ရှိအဖွဲ့မှာ ကျေနပ်အားရ ဖြစ်ခဲ့ရသည်။ အုံ့ဩစရာကောင်းသည်က ထန်းရည်ကို လုံးဝမသောက်။ ထမင်းသာ စားကြသည်။ သည့်အတွက် ဆရာကို စိန်ဘန်းနှင့်သူကြီးလည်း နို့စားနွားမမွေးထားသော နွားခြံပိုင်ရှင် ဦးချစ်ပီးအား နွားနို့ဖြင့်ဧည့်ခံရန် စကားဆိုလိုက်သည်။

'ဟာ… အတော်ပဲပေါ့ ဆရာလေးနဲ့သူကြီးရယ်၊ ကျုပ်က သည်ဆရာကြီးတို့အဖွဲ့ကို ကျုပ်နွားနို့ ဘယ့်ကလောက် ကောင်းတယ်ဆိုတာ ကြွားလုံးထုတ်တဲ့အနေနဲ့ ကျိုပြီးတိုက်ချင်နေတာ၊ ထမင်းလုံးစီပြီးတာနဲ့ ကျုပ်ရဲ့နွားခြံကို လျှောက်ခဲ့ကြပါ၊ လေ့လာချင်တာရှိရင် လေ့လာရတာပေါ့'

သည်သို့ပြောဆိုပြီး ပြေကျနေသောတဘက်ကို ခေါင်းတွင် ပြန်ပတ်လျက် အင်္ကျီကျောပြောင်ကြီးဖြင့် ပြန်ထွက်သွားလေ၏။

မြို့မှအဖွဲ့လည်း ထမင်းလုံးစီရင်း ပြောဆိုစရာတွေ ပြောဆိုကြပြီး အညောင်းအညာပြေ ခြေလည်းဆန့် နွားနို့လည်းသောက်ရန် ဦးချစ်ပီး၏ နွားခြံသို့ ထွက်လာခဲ့ကြလေ၏။ နွားခြံအတွင်းမှာတော့ နွားကြီးနွားငယ်၊ နွားလတ်တို့ကို သူ့အကန့်နှင့်သူ သန့်ရှင်းစွာထားရှိသည်ကို တွေ့ရ၏။

'ဟော… ဆရာတို့ လာကြပြီ၊ ကြွကြပါ… ကြွကြပါ'

ဦးချစ်ပီးက ဝမ်းသာအားရဖြင့် သစ်တိုပင်ကြီးအောက်ရှိ ကွပ်

www.burmeseclassic.com

www.burmeseclassic.com



ပျစ်သို့ ခေါ်ဆောင်လာ၏။ ကွပ်ပျစ်ပေါ်မှာတော့ သင်ဖျူးဖျာချောများ ကိုခင်းလျက် ကွမ်းအစ်၊ ဆေးလိပ်၊ လက်ဖက်၊ ရေနွေးကြမ်းတို့ အသင့်စီစဉ်ထား၏။ ဧည့်သည်များ ကွပ်ပျစ်၌ထိုင်မိကြသောအခါ မလိုင်ကျအောင် ကျိုထားသော နွားနို့စစ်စစ် ပျစ်ပျစ်နှစ်နှစ်ဖြင့် အားပါးတရဧည့်ခံရာ. ဧည့်သည်များလည်း အထူးပင် လျှာလည်သွားလေ၏။

'ကောင်းဗျာ၊ ကျုပ်တို့မြို့က နွားနို့တွေနဲ့တော့ အပုံကြီးကွာမှာပဲ'

'အဟင်း… ဟင်း၊ ဒီလိုပဲ ဖြစ်ရမယ်လေ'

သည်သို့ ဝမ်းသာပီတိဖြစ်ရင်းမှ နွားဆရာပီပီ၊ ငါ့စကားနွားရဆိုပါလေတော့၏။

'ဒါထက်… ကြုံတုန်းကြုံခိုက် ဆရာတို့ကို မေးခွင့်ပြုပါနော်'

'ဘာများမေးချင်လို့လဲဗျ၊ မေးပါ ဦးချစ်ပီး'

'အဟင်း… ကျုပ်မေးချင်တာက နွားနဲ့လူ၊ ဘယ်သူက သာသလဲဆိုတာပါ'

'ဟာ… ဦးချစ်ပီးကလည်း မေးမှမေးတတ်ပလေဗျာ၊ နွားနဲ့လူ၊ လူကနွားထက် သာတာပေါ့ဗျ၊ သာလို့လည်း နွားဟာ လူရဲ့အခိုင်းခံ ဖြစ်နေရတာ မဟုတ်ဘူးလား'

'ဒါတော့… ဆရာတို့က အတွင်းကျကျမသိလို့ သည်လို ပြောတာ ဖြစ်မယ်၊ တကယ့် တကယ်ကျတော့ နွားနဲ့လူ၊ ဘယ်လိုပဲ



ယှဉ်ကြည့်၊ ယှဉ်ကြည့် နွားကလူတွေထက် အစစအရာရာသာတာပဲ ဆရာတို့ရဲ့'

အတိုက်အခံ မလုပ်ချင်သည်က တစ်ကြောင်း၊ ငှင်းတိုက်ကျွေးထားသော နွားနို့မျက်နှာရှိသည်က တစ်ကြောင်းတို့ကြောင့် ဘာမျှစောဒကမတက်တော့ဘဲ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း ပြုံးစေ့စေ့ဖြင့်။

'ဒါဆိုလည်း ပြောစမ်းပါဦး ဦးချစ်ပီးရယ်. ဦးချစ်ပီးက နွားတွေနဲ့ အတူနေတာဆိုတော့ ဗဟုသုတရတာပေါ့'

ထိုသို့ အလိုက်သင့်ကလေး ပြောလိုက်တော့ ဦးချစ်ပီးခမျာ အတော့်ကို သဘောခွေ့သွားပုံရသွား၏။

'တကယ်ပဲ ဆရာတို့ရဲ့၊ နွားက လူထက် အစစအရာရာသာတာကတော့ အမှန်ပဲ၊ အရင်ဆုံး နွားမကြီးက နွားကလေးစပြီး မွေးလာတာကိုပဲ ပြောမယ်၊ ကျုပ်တို့ လူတွေ၊ အဲ… လင်ရှိမိန်းမတွေပေါ့ဗျာ၊ ကိုယ်ဝန်ဆောင်ပြီးရင် မမွေးခင်ကတည်းကကို သားဖွားဆရာမ ပြရတယ်၊ အရပ်လက်သည်ကို အပ်ရတယ်၊ နွားမှာ ဘာမှမလိုဘူး၊ လူမိန်းမတွေ မွေးခါနီးရင် အရပ်လက်သည်ပြေးခေါ်ရ၊ သားဖွားဆရာမ ပြေးခေါ်ရ၊ သားဖွားဆေးရုံ၊ ဆေးခန်းတွေဆီသွားရနဲ့ အင်မတန်မှ ကယိကထများတာကလား၊ နွားမတွေမှာ မွေးတော့မယ်ဆိုရင် အဲသည်လို ရှိသလား'

သူ့စကားနဲ့သူ ဆိုတော့လည်း ဟုတ်နေသဖြင့် ဧည့်သည်များ ငြိမ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့လည်း ဦးချစ်ပီးခမျာ ပို၍အာတွေ့သွားရသည်။

'နွားမဟာ သားမွေးပြီဆိုရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး၊ သူ့အတွက် ရေမွှာပေါက်သေးတို့၊ ဂလူးကို့စ်တို့ မထိုးရမချိတ်ရဘူး၊ သူ့အလိုလို မွေးထုတ်လိုက်တာပဲ၊ မိန်းမများကလေးမွေးပြီး အချင်းမြှုပ်ရတာ ဇော်ဇော်ကလေးကို အလုပ်ရှုပ်တာပဲ၊ တချို့များ ဗေဒင်တွက်ချက်ပြီး ဘယ်အရပ်မှာ မြှုပ်ရမယ်ဆိုတာရှိသေး၊ နွားမကြီးကျတော့ မွေးပြီးတာနဲ့ သူ့အချင်းသူ ပြန်စားတာပဲ၊ သူမစားစေချင်ရင် လူက အဲသည်အချင်းကိုယူပြီး သုပ်စားချင်စား၊ ဟင်းချိုချက်သောက်ချင်သောက် ဂျင်းနုံ့၊ ကြက်သွန်ဖြူနံ့ မွှေးမွှေးကလေးနဲ့ သိပ်ကိုအရသာရှိတာကလား၊ မီးယပ်၊ ဒူလာအတွက်လည်း ကောင်းမှကောင်း ဆရာတို့ရဲ့'

ဦးချစ်ပီး၏ နွားစကား နွားတရားကြောင့် ညွှေ့သည်တွေခမျာ နွားအချင်းကိုပဲ တောင့်တချင်လာသလိုလို။

'လူမိန်းမကမွေးတဲ့ ကလေးဆိုတာကျတော့ မွေးလာကတည်းက ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်နဲ့ တကယ့်ကို ယက်ကန်ယက်ကန်ကလေး၊ ထထိုင်ဖို့မပြောနဲ့ ဝမ်းလျားမှောက်နိုင်အောင်ကို သုံးလေးလမက အချိန်ယူပြီး ပြုစုစောင့်ရှောက်ရတယ်၊ လမ်းလျှောက်နိုင်ဖို့ဆိုတာ တစ်နှစ်ကျော်လောက်ကို အချိန်ပေးပေရော့၊ နှစ်နှစ်ကျော်လောက်မှ တောက်တောက်၊ တောက်တောက်နဲ့ သွားနိုင်မယ်။

ဟော… နွားပေါက်ကလေးကျတော့ သည်လိုဟုတ်ပါရဲ့လား၊ သည်ကနေ့ နွားမကြီးဝမ်းကကျွတ်၊ သည်နေ့ပဲ လေးဘက်ရပ်လို့ ဘွန်းတွန်းထိုးထိုးနဲ့ မိခင်နွားမကြီးရဲ့နို့ကို စို့နိုင်ပါရောလား'



ဒါလည်း ဟုတ်တုတ်တုတ်။

ဘယ်အချိန် ဘယ်ကာလကတည်းက ဦးချစ်ပီးတစ်ယောက် နွားနဲ့လူတို့ရဲ့မတူ ကွဲပြားချက်တွေကို နှိုင်းယှဉ်သုံးသပ်နေခဲ့လေသည် မသိ။

'အဲသည်မှာလည်း လူနဲ့နွား ကွာခြားချက် ရှိပေပြန်တာပဲ၊ ဘာလဲဆိုတော့ လူကမွေးလာတဲ့အခါ အခြေအနေတစ်ခုခုကြောင့် နို့ခန်းနေတာတို့၊ နို့မထွက်တာတို့၊ နို့ကြောင်းပိတ်နေတာတို့ ရှိတတ်တာမို့ နွားနို့အကူ၊ နို့မှုန့်အကူ၊ နို့ဆီအကူတွေနဲ့ ကလေးငယ်ကို နို့ဘူးဖျော်တိုက်ရတယ်။

အဟဲ… နွားမကြီးမှာတော့ သည်လိုမျိုး မဟုတ်ရပေါင်ဗျာ၊ မွေးပြီးပြီးချင်း သူ့ကလေးအတွက် နွားနို့အုံကြီးက နို့တွေချပေးဖို့ အဆင်သင့်၊ အဲသည်အခါ လူတွေက သူတို့ရဲ့ အာဟာရအတွက်၊ သူတို့ရဲ့ စီးပွားရေးအတွက် နွားပေါက်ကလေးကို အယောင်ပြပြီး နွားနို့တွေ ညှစ်ယူကြတယ်၊ ကြည့်စမ်း မတရားလိုက်တဲ့လူတွေ၊ နွားတွေဟာ ငါတို့လူတွေလောက် အသိဉာဏ်မရှိဘူးဆိုပြီး အနိုင်ကျင့်ကြတာတွေ၊ လူတွေရဲ့ကျေးဇူးဟာ နွားတွေအပေါ် မရှိဘူး၊ နွားတွေကသာ လူတွေအတွက် အလုပ်တွေလုပ်ပေးကြ၊ နို့တွေ ထုတ်ပေးကြ၊ ပြီးတော့ သူတို့ရဲ့ ပါးစပ်သန်ချိုင်းအတွက် အသက်တောင်ပေးခဲ့ကြတာ။

အံမာ… မီးနေသည်မိန်းမ နို့မထွက်ဘူးဆိုရင် နွားမြီးတိုမ်းနဲ့ ...ကပ်ပြီးတော့ စဉ်းတီတုံးပေါ်တင် တောက်တောက်စဉ်း၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပန်းရွက်ကလေးခတ်ပြီး ဟင်းခါးချက်တိုက်မယ်ဆိုရင်ဗျာ၊ ဘာတဲ့ ရေးစာဆိုကြီးတစ်ပါး ရေးထားတာရှိပါသေး'

'နို့မျက်မိန်းမ၊ သောက်လိုက်ရလျှင်၊ နို့လုံးရှင်သည် သူ့လင်စို့၍ မကုန်တည်းတဲ့'

'ဟား··· ဟား··· ဟား··· ဟား'

ဦးချစ်ပီး၏ နွားဋ္ဌီကာ၊ နွားဗဟုသုတများကြောင့် ဧည့်သည်များလည်း ပါးစပ်မစေ့နိုင်ဖြစ်ရင်း တဟားဟား ရယ်မောမိကြလေ၏။ ၎င်း၏ အတ္တနောမတိအရ လူတွေအပေါ်နှိမ်လျက်၊ နွားတွေအပေါ် ဟိမဝန္တာချီးမွမ်းခန်းဖွင့်ခြင်းအပေါ် စောဒကမတက်သာတော့ဘဲ ဘာတွေများ ဆက်ပြောမှာပါလိမ့်ဟူ၍ပင် နားကိုယ်စီစွင့်နေမိကြလေ၏။

'နောက်ပြီး နွားတွေမှာ အဝတ်အစားမလိုဘူး၊ မွေးလာကတည်းက ဒါဟာ ဒါပဲ၊ သနပ်ခါးလိမ်းစရာ၊ ပေါင်ဒါရိုက်စရာ၊ ရေမွှေးဆွတ်စရာ၊ ဆီမွှေးလိမ်းစရာ ဘာမှမလိုဘူး၊ သဘာဝအတိုင်းပဲ။

လူတွေ အဝတ်မဝတ်ဘဲ နေကြည့်ပါလား၊ မျက်နှာမသစ်၊ သွားမတိုက်၊ ရေမချိုး၊ မဝတ်မစားဘဲ နေကြည့်ပါလား၊ ပြင်ပြင်ဆင်ဆင်မလုပ်ဘဲ နေကြည့်ပါလား၊ ဟွန်း··· ရှုံစရာကောင်းမှကောင်းဗျား။

နွားတွေဟာ မြက်စားတယ်၊ ကောက်ရိုးစားတယ်၊ ဒါပဲ။ သည်တော့ အကုသိုလ်ကင်းတယ်၊ သူတို့စွန့်တဲ့ သေးဆိုပါစို့၊ နွားနက်ရဲ့သေးဆိုရင် ဇီးဖြူသီးနဲ့ စိမ်သောက်စမ်း၊ တကယ့်ဆေးပဲ၊ ဘုရားရှင်တောင်မှ နွားနက်သေးကို ဆေးအဖြစ် အသိအမှတ်ပြုခဲ့တယ်၊ နွားချေး



ဆိုလည်း ပုပ်ဟောင်လို့ နံမနေတဲ့အပြင် အသီးအနှံတွေ စိုက်ပျိုးတဲ့အခါမှာ သိပ်ကိုအသုံးဝင်တဲ့ သဘာဝမြေဩဇာ ဖြစ်လာတယ်။

လူတွေကျတော့ တကယ့်ကို အစုံစားသတ္တဝါ၊ ဒါကြောင့် လူတွေရဲ့ခံတွင်းဟာ နေ့စဉ်သန့်ရှင်းမှုသာမရှိရင် ဘယ့်ကလောက်တောင် ပုပ်ဟောင်နံနေမလဲ၊ သူတို့ရဲ့မစင်ဟာ ဘယ်မှာတင့်တယ်လို့လဲ၊ အနံ့ကလည်း ဆိုးမှဆိုး၊ တစ်ခုတော့ရှိတာပေါ့လေ၊ ခွေးတွေ၊ ဝက်တွေကတော့ လူ့မစင်ကို စားကြမှာပေါ့၊ လူ့မစင်ကို ဝက်ကစား၊ အဲသည်ဝက်ကို လူတွေက ပြန်စားနဲ့'

နားထောင်နေကြသော ဧည့်သည်များအဖို့ ပြုံ့ချင်သလိုလို၊ အန်ချင်သလိုလို။

'နောက်ဆုံး နွားတွေသေပြီ ဆိုပါစို့။

နွားသေအတွက် ဘုန်းကြီးပင့်စရာ မလိုဘူး၊ အသုဘအခမ်းအနား လုပ်စရာမလိုဘူး၊ ဂူသွင်းစရာ မလိုဘူး၊ သပိတ်သွတ်စရာမလိုဘူး၊ နွားတစ်ကောင်လုံးဟာ ချိုကနေခွာအထိ အသုံးဝင်တာချည်းပဲ၊ နွားသေရင် နွားသရေကျန်တယ်၊ ဖိနပ်ချုပ်လို့ရတယ်၊ အိုးစည်၊ ဒိုးပတ်၊ ဗုံလုပ်လို့ရတယ်၊ အသားတွေ၊ ကလီစာတွေ ရောင်းလို့ရတယ်။

ကိုင်း··· လူသေကျတော့ အားလုံးသိတဲ့အတိုင်းပဲ၊ ဝယ်ဖို့ရော နေသာသာ ကိုင်တွယ်ရေချိုးပေးရတာတောင်မှ မတတ်သာလို့။ လူသေကောင်နားကို ဘယ်သူမှ ကပ်ချင်ကြတာ မဟုတ်ဘူး။ နွားသေလို့ ဘယ်သူမှ မကြောက်ကြဘူး။ လူသေမှာသာ ငါ့ကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့လာခြောက်မလဲဆိုပြီး ကြောက်နေကြတာ။ လူသေလို့ အသုဘ ဖြစ်ပြီဆိုရင် အိမ်ရှင်အဖို့ ခုနစ်ရက်ခုနစ်လီ ဒုက္ခခံပေရော့…။

ဒါ… ကျုပ် သဘောအရပြောနေတာနော်၊ တကယ့်ကို ကတ်တီးကပ်ဖွဲ့ပြောရင် တပုံကြီးရှိသေးတယ်။ နွားဟာ ငါးပါးသီလမှာ တစ်ပါးလောက်သာကျိုးတာ။ လူကျတော့ တစ်ပါးမကဘူး။ ဒီတော့ ဆရာတို့ စဉ်းစားကြည့်ပါ။ နွားနဲ့လူ ဘယ်သူကသာသလဲဆိုတာ'

ဦးချစ်ပီးက အောင်ပွဲရစစ်သူကြီးပမာ စကားကို ရပ်လိုက်သည်။

'ဒါဖြင့်ရင်… ဦးချစ်ပီး အနေနဲ့ နွားက လူထက်သာတယ်လို့ဆိုချင်တာပေါ့'

'ဟုတ်တာပေါ့ ဆရာတို့ရယ်၊ ဟုတ်တာပေါ့'

သည်အခိုက် သူကြီးဦးသြဘာက စကားတစ်ခွန်း ဝင်ထောက်လိုက်သည်။

'ဟော့ကောင် ချစ်ပီး…

သည်လိုဆိုရင် မင်း နွားမကိုမယူဘဲ ဘာဖြစ်လို့ မွေးဒုတ်ကို ယူရသလဲ'

သည်စကားကြောင့် ဦးချစ်ပီး ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ပြီးလေတော့ ရှက်ကိုးရှက်ကန်းဖြင့်…

'ဒါကတော့… သူကြီးရယ်၊ မွေးဒုတ်က နွားမတွေထက် ကောင်းတယ်လေ၊ အဲ… အဲဒါကြောင့်'



'ဝါး… ဟား… ဟား… ဟား'

သဘာဝလောကကြီးအား ဘုဂလန့်တိုက်ချင်သော ဦးချစ်ပီး၏ စကားကြောင့် ညီ့သည်အပေါင်းမှာ ရယ်ရယ်မောမော တသောသော ဖြစ်သွားကြပါလေသတည်း။

❂ ❂ ❂

ရွာကလေး၏အမည်က 'ဘုဂလန့်'ဆိုသည့်အတိုင်း သူကြီးဦးသြဘာမှအစ၊ ရွာဦးဘုန်းတော်ကြီး ဦးဂန္ဓမာအလယ်၊ ရွာသူရွာသားတွေအဆုံး စကားပြောဆိုရာတွင် နည်းနည်းလေးတော့ ထော်လော်ကန့်လန့် နိုင်ချင်သည်။ သည့်အတွက် တခြားရွာကလူတွေ မျက်စိလည်လမ်းမှား၍ သော်လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း သည်ရွာကိုရောက်လာပါက နည်းနည်းတော့ ဖြုန်မိကြစမြဲ။

ဘုဂလန့် ရွာသားတွေ အားလုံးလိုလိုပင် သဘာဝရာသီဥတုကို ခွတိုက်ကြသည်ထင့်။ အပေါ်အင်္ကျီဝတ်ဖို့ နေနေသာသာ စွပ်ကျယ်ဒွပ်ပြဲကလေးမျှပင် မဝတ်။ အမြဲလို ကိုယ်အထက်ပိုင်း ဗလာကျင်းလျှက်။ မိန်းမတွေဆိုလျှင်လည်း အပျိုအရွယ်လေးတွေမှအပ မိန်းမကြီးမှန်သမျှ ထဘီရင်လျားနှင့်။ ဖိနပ်ကိုလည်း စီးရကောင်းမှန်း မသိ။ အမြဲတစေ ခြေတုံးလုံး။ မြို့တက်မည်ပြုသည့်အခါ၊ အလှူမင်္ဂလာပွဲလမ်းသဘင်ရှိသည့်အခါ၊ ဥပုသ်သီတင်းစောင့်ဖြစ်သည့်အခါတို့ ၌သာ အပေါ်ဝတ်ကို သတိရကြသည်။ ခါတိုင်းအချိန်တွေမှာတော့

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဝတ်ထားလည်း ဘာမျှမထူး။ ဗလာကျင်းနေလျှင်လည်း ဘာမျှမထူး။

'ဗျို့… ကိုသံဂဲကြီး၊ နေလို့ထိုင်လို့ ကောင်းရဲ့လား'

အခြားတစ်ရွာမှ ရောက်လာပြီး သည်လိုမျိုး ပဋိသန္ဓာရစကားဆိုလို့ကတော့…

'ဟကောင်ရ… မင်း မျက်လုံးတွေ ကန်းနေသလား၊ နေထိုင်ကောင်းလို့ အလုပ်လုပ်နေတာပေါ့ကွ'

ဟူ၍ ဘုဂလန့်တိုက်မှာ သေချာသည်။ စိတ်ရင်းစေတနာကကောင်းပါသော်ငြား နှုတ်ဝသီအကျင့်ကိုတော့ ဖျောက်၍မရ။ တစ်ရွာသားတွေကိုမှ မဟုတ်။ ကိုယ့်ရွာသူရွာသား အချင်းချင်းအပေါ်၌လည်း ဝသီအကျင့်တွေက ခေါက်ရိုးကျိုးနေစမြဲပင်။

မိသားစုထမင်းဝိုင်းပြင်ဆင်နေခိုက် ရွာထဲမှ တစ်ဦးဦးရောက်လာပါက…

'ဟဲ့… နင်က တို့များထမင်းစားချိန်ကို ငတ်ကြီးကျဖို့ အချိန်ကိုက်ပြီး လာတာမဟုတ်လား'

'ဟာဗျာ… ဟုတ်တာပြောတော့မယ်၊ ဘာဟင်းချက်လဲဗျ'

'ငါးဘတ်မွှေချက်တယ်၊ တခါတည်းသာဝင်စား'

'စားမှာပေါ့ဗျာ၊ ထမင်းကို ဇလုံနဲ့အမောက်သာ ခူးပေးဗျာ'

သည်လိုမျိုး ပြောသူကပြော၊ ဆိုသူကဆိုနှင့် ထမင်းလက်ဆုံစားကြစမြဲ။

တောမှာပွင့်သည့်ပန်း၊ တောမှာပဲလန်းသည့်ကိစ္စ။



တနည်းအားဖြင့် ကိုယ့်ရွာ လူပျိုအပျို နှစ်ယောက်ချင်းဆုံကြသည့် အခါမျိုးမှာလည်း ဘုဂလန့်တိုက်သည့် အကျင့်ကမပျောက်။

'ဟဲ့… မိနှင်း၊ နင်ဟာလေ… တစ်နေ့နဲ့တစ်နေ့ မတူဘူး၊ လှလှလာတယ်ဟာ'

'ဘာလဲ… တော့်စိတ်ထဲ ရူးရူးလာတယ်ပေါ့'

'အေးဟာ… ငါ နင့်ကိုကြိုက်နေတာ ဖွင့်ပြောရင်စိတ်ဆိုးမှာစိုးလို့ မပြောတော့ပါဘူးဟာ'

'ဩော်… ဒီလိုလား၊ တော်ဖွင့်ပြောရင် ကျုပ်ကလည်း ခေါင်းညိတ်ပြီး အဖြေပေးမလို့ စဉ်းစားထားတာ၊ ခုတော့ မစဉ်းစားတော့ဘူး'

သည်လိုမျိုး ဝေ့လည်ကြောင်ပတ်လုပ်ရင်း ဘုဂလန့်စကားတွေဆိုကြရင်း သမီးရည်းစားတွေ ဖြစ်သွားကြသည်က တစ်ပုံတစ်ပင်။

'ရေခပ်လမ်းမှာ တွေ့ရတာ အဆင်မပြေဘူးဟာ၊ ဒီည ဖိုးကျော်ရှင်ရဲ့ နွားတင်းကုတ်ဘေးမှာ ဆုံကြရအောင်နော်'

'အောင်မာ… လူကို ဘယ်လိုအစားထဲက မှတ်လို့လဲ ဟွန်း… စောင့်နေလို့ တော်ရောက်မလာရင် သေခန်းပြတ်ပဲ'

စကားတွေက ရှေ့နောက်မညီ။

တကယ့်ကို ထော်လော်ကန့်လန့်။

သူတို့ သူတို့တင်ဆိုလားတော့ မဟုတ်။ သည်ရွာကို အုပ်ချုပ်သော သူကြီးဦးဩဘာကလည်း ဘာထူးမှာတဲ့နည်း။

တစ်နေ့…။

ကစော်သမားငပိန်တစ်ယောက် ဦးဖက်ကြီး ကြက်ခြံမှ

www.burmeseclassic.com

www.burmeseclassic.com



ကြက်မတန်းမလေး တစ်ကောင်ကို ခိုး၍ချက်စားသည်။ ဒါကို ဦးဖက်တီး သိတော့လာတိုင်၏။ ထိုအခါ သူခိုးငပိန်ကို ဆင့်ခေါ်လိုက်၏။ ငပိန်ရောက်လာတော့…

'ဟေ့ကောင်… ငပိန်၊ မင်း ဖက်တီး ကြက်ခြံထဲက ကြက်တစ်ကောင် ခိုးပြီးချက်စားတယ်ဆို ငါ့ကို မလိမ်နဲ့'

'မလိမ်ပါဘူး သူကြီး၊ ကျုပ် ခိုးစားမိပါတယ်'

'အေး… သည်တော့ မင်းမှာ အပြစ်ရှိတယ်၊ ဒါကြောင့် အပြစ်ပေးရမယ်'

ကြက်သူခိုးငပိန်အဖို့ ထိပ်တုံးခတ်ခံရမှာ ခပ်လန့်လန့်၊ အလျော်ပေးရမှာကလည်း သူ့မှာ ခြူးတစ်ပြားမှ မရှိ။

'ဒါကြောင့် မင်း တစ်အိမ်အိမ်က ကြက်တစ်ကောင်ခိုးပြီး ဖက်တီးကို ပြန်ပေးလိုက်'

'ဟုတ်'

'ဖက်တီးက သူ ခိုးလာတဲ့ ကြက်ကိုချက်စား ငါ့အိမ်ကို ဟင်းတစ်ခွက်ပို့ပေး၊ ကိုင်း… သွားကြတော့'

ငပိန်နှင့်ဖက်တီးတို့ ကျေနပ်မှုရသွားကြ၏။

ထိုည၌ ငပိန်က ကြက်တစ်ကောင်ခိုးကာ ဖက်တီး အားပေး၏။ ဖက်တီးလည်း ၎င်းကြက်အား ချက်စား၏။ သူကြီး ဦးသြဘာထံသို့လည်း ဟင်းတစ်ခွက်ပို့ပေး၏။

ထိုကြက်ကား သူကြီးအိမ်မှ ကြက်ဖြစ်နေကြောင်းသာ သူကြီးသိလျှင် ဘယ်ကလောက် ဒေါပွလိုက်လေမည်နည်း။



သည်ဘုဂလန့်ရွာမှာတော့ ဒေါ်စိန်မမ ဆိုသည်က နာမည်ကြီး။

စကားအပြောအဆို ဘုဂလန့်တိုက်သည်သာမက နှုတ်အာကကြမ်းမှကြမ်း။ ကြားသာကြားရ နားဝသက်သာစရာ မရှိ။ သူ့ နှုတ်ကြမ်းမှုသတင်းသည် တစ်ရွာလုံးအနံ့ ပျံ့နှံ့နေသည်ဆိုတော့ ရွာဦးကျောင်းဘုန်းတော်ကြီး ဦးဂန္ဓမာ၏နားသို့ မရောက်ဘဲရှိပါတော့မည်လား။

သည့်အတွက် ဘုန်းတော်ကြီး ဦးဂန္ဓမာအဖို့ ဆရာဒကာပီသစွာ ဆုံးမသွန်သင်ပေးရပေတော့မည်။ ကံအားလျော်စွာပင် ဒေါ်စိန်မမသည် သူမ၏ အိမ်၌ဝါဆိုသင်္ကန်းကပ်လှူ၏။ ဖိတ်ကြားထားသူတွေလည်း ဘုန်းတော်ကြီး ဦးဂန္ဓမာထံမှ ငါးပါးသီလခံယူကာ ငြိမ်ငြိမ်သက်သက်ကလေးနေကြရင်း မိန့်ကြားမှုမှန်သမျှကို နာခံနေကြလေသည်။ ဤတွင် အကြောင်းဆိုက်လာပြီဖြစ်သဖြင့် ပရိသတ်၏ရှေ့မှောက်၌ လက်အုပ်ချီကာ ကုံ့ကုံ့လေးထိုင်နေသော အလှူ့ဒါယိကာမကြီး ဒေါ်စိန်မမအား စူးစူးစိုက်စိုက်ကြည့်လျက် ရိပ်ဖမ်းသံဖမ်းဖြင့် ဆုံးမသြဝါဒ ပေးလေတော့၏။

'ဒကာမကြီး ဒေါ်စိန်မမ

သည်ကနေ့ဟာဖြင့် ဒကာမကြီးအနေနဲ့ ဝါဆိုသင်္ကန်းကို ဘုရားရှင်အမှူးပြုပြီး ဘုန်းကြီးတို့ကို လှူဒါန်းခဲ့တဲ့အပြင် ဆွမ်းနဲ့ဘွယ်ဘောဇဉ်တွေနဲ့ ဆက်ကပ်လှူဒါန်းလိုက်တဲ့အတွက် ကုသိုလ်အကျိုးတွေ ရရှိပါတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ဘုန်းကြီးအနေနဲ့ ဗဟုသုတဖြစ်ဖွယ်ကို ပြောရရင်ဖြင့် ဝါဆိုသင်္ကန်းကပ်လှူတဲ့အတွက် ဘယ်လိုအကျိုးတွေ ခံစားရရှိနိုင်သလဲ ဆိုတာပါပဲ၊ ဝါဆိုသင်္ကန်းကပ်လှူတဲ့သူဟာ···

၁။ ရွှေအဆင်းကဲ့သို့ ဝင်းဝါလှပခြင်း

၂။ ကိုယ်အညစ်အကြေးကင်းခြင်း

၃။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပခြင်း

၄။ တန်ခိုးရှိန်ဖော် အာနုဘော်ကြီးမားခြင်း

၅။ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်ခြင်း

၆။ လှပပြီး တန်ဖိုးကြီးမားတဲ့ အဝတ်အထည်တို့ကို ရရှိခြင်း

၇။ ဝါဆိုသင်္ကန်းလှူတဲ့သူဟာ အမျိုးသမီးဖြစ်ခဲ့ရင် အသပြာကိုးကုဋေတန်တဲ့ မဟာလတာတန်ဆာကို ရရှိဆင်မြန်းနိုင်ခြင်း

၈။ အမျိုးသားဖြစ်ခဲ့မယ်ဆိုရင် ဧဟိဘိက္ခုရဟန္တာဖြစ်ပြီး တန်ခိုးနဲ့ ဖြစ်ပေါ်လာတဲ့သင်္ကန်းကို ရရှိနိုင်ခြင်း

စတဲ့ အကျိုးအာနိသင်တွေ ခံစားရသတဲ့ ဒကာမကြီး'

'တင်ပါ့··· ဘုရား'

ဒေါ်စိန်မမကား ၄င်း၏ ဝါဆိုသင်္ကန်းအလှူအပေါ် ဘုန်းတော်ကြီး ဦးဂန္ဓမာမှ ချီးမြှောက်ပေးနေသည့်အတွက် ပီတိသောမနဿတွေ ဖြစ်ပေါ်နေသည်။ သူမ၏ အလှူဒါနကြောင့် ပြိုင်ဘက်ကင်းလှပလာမှာကို လည်းကောင်း၊ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ရှင်းကြော့သန့်ပြန့်လာပြီး အဖိုးထိုက်အဖိုးတန် အဝတ်အစားတန်ဆာများဖြင့် တန်ခိုးရှိန်စော်အာနုဘော်တို့ ကျော်စောလာမှာကို တစိမ့်စိမ့်ပီတိ



ဖြစ်နေခဲ့သည်။ ဒါဆိုလျှင် တန်ဆောင်မုန်းလ ရောက်သည့်ရှိသော် ကထိန်သင်္ကန်းကိုပါ လှူဦးအံ့ ဟူ၍ အတွေးဝင်နေမိပြန်၏။ ဤတွင်···

'ဒကာမကြီး···

လူမှာကျူးလွန်တတ်တဲ့ ကံသုံးပါးဆိုတာ ရှိတယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတာတွေပေါ့၊ ကံသုံးပါးအနက်က မနောကံနဲ့ပြစ်မှားမှုဟာ ကိုယ့်စိတ်မနောထဲမှာပဲ ရှိနေတာမို့ တခြားဘယ်သူ့ကိုမှ ပြင်းပြင်းထန်ထန် နစ်နစ်နာနာ မဖြစ်နိုင်ဘူး၊ ကာယကံမြောက်ကျတော့ တော်ရုံတန်ရုံလူတွေအဖို့ လောကီ၊ လောကုတ္တရာတရာတွေရဲ့ တားမြစ်ကန့်သတ်ချက်တွေ ရှိနေတာကြောင့် လူတိုင်း ကျူးလွန်ရဲကြတာ မဟုတ်ဘူး။

ဒါကြောင့် လူတွေက ကိုယ်လက်အားဖြင့် စောင့်စည်းမှုရှိတတ်ကြပေမဲ့ ဝစီကံဖြစ်တဲ့ နှုတ်ကျတော့ဖြင့် စောင့်စည်းမှုလျော့လျည်းပြီး ဖရုဿဝါစာစကားတွေ၊ အယုတ္တအနုတ္တစကားတွေ အထွက်လွယ်တတ်ကြတယ်၊ အဲသည်တော့ကာ လက်ကြောင့်လည်း ကြေတတ်ကြသလို၊ နှုတ်ကြောင့်လည်း သေတတ်ကြပါသတဲ့၊ စကားဥပမာတောင် ရှိပါသေးရဲ့ 'ကြမ်းကျွံရင် နှုတ်လို့ရကောင်းပေမဲ့ စကားကျွံရင်တော့ဖြင့် နှုတ်လို့မရဘူး' ဆိုတာလေ။

သည်တော့ ဒကာမကြီးအနေနဲ့ အစစရာရာ၊ သတိ··· သတိ··· သတိ ဆိုတာလေးကို အသိမှာကပ်ကပ်ပြီး ပြောဆိုစေချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'သာဓု… သာဓု… သာဓုပါဘုရား'

ဘုန်းတော်ကြီး ဦးဂန္ဓမာလည်း ဝစီကံအကြောင်းအခြင်းရာကို သတိပေးပြီး ရေစက်ချကာ ကိစ္စဝိစ္စပြီးသည်နှင့် ကျောင်းတော်ရှိရာသို့ ပြန်ကြွသွားလေတော့၏။ ဤ၌ ဒေါ်စိန်မမ၏ ကြမ်းတမ်းသော နှုတ်အာတို့အား သိရှိထားကြကုန်သော ပရိတ်သတ်အပေါင်းမှာမူ ပြုံးစေ့စေ့နှင့် ပါးစပ်ကိုလက်ဝါးအုပ်ကာ တခွီခွီဖြစ်နေကြလေ၏။ ဒေါ်စိန်မမ အဖို့မတော့ ဘုန်းတော်ကြီး၏ ဆိုဆုံးမမှုများကြောင့် အလှူဒါနအပေါ် ကြည်နူးပီတိဖြစ်ခဲ့ရမှုများမှာ ကင်းပျောက်လုလု။ သူမ၏ ဝသီအကျင့်စရိုက်ပေါ်၌ လူအများ၊ ပရိတ်သတ်များရှေ့မှောက်၌ သတိပေးဆုံးမသွားခြင်း ဖြစ်သည့်အတွက်လည်း ရှက်ခြင်း၊ ကြောက်ခြင်း၊ နောင်တရခြင်းတို့ ရောပြွမ်းဖြစ်ပေါ်နေတော့၏။

'ဘုန်းကြီးဟောတာလည်း အဟုတ်သား၊ ငါ့အပေါက်ကို ကဆိုးကိုဆိုးလွန်းလှပါတယ်၊ အဲ… ပါးစပ်၊ ပါးစပ်'

သည့်နောက် ဖိတ်ကြားထားသော ဧည့်ပရိတ်သတ်တို့အား ကျွေးမွေးရန် တာဝန်ရှိသေးသည်မို့ ၄င်း၏ အလုပ်သမားများအား အော်တန်အော်၊ ဟစ်တန်ဟစ်၊ ဆူတန်ဆူ၊ ဆဲတန်ဆဲနှင့် ဘုန်းတော်ကြီးဆုံးမသွားသည်တို့ကို မေ့လျော့သွားခဲ့ချေပြီ။ ထိုအခိုက် ရှာစဉ်လှည့်၍ ထမင်းတောင်းစားတတ်သော သူတောင်းစား တစ်ယောက်သည် မည်သူက လမ်းညွှန်ပေးလိုက်လေသည် မသိ၊ ဒေါ်စိန်မမတို့ ခြံဝင်းထဲသို့ ခွက်တစ်လုံးကိုင်ကာ ဝင်လာလေ၏။ ထိုမြင်ကွင်းကို မြင်တော့ ဒေါ်စိန်မမလည်း ၄င်း၏ အလုပ်သမားတစ်ယောက်အား…





'ဟဲ့… ငဦး၊ အကျန်တွေကို စက္ကူနဲ့ထုပ်ပိုးပြီး အဲသည်သူတောင်းစားကို သွားပေးပြီး မောင်းထုတ်လိုက်၊ ငါ့ခြံထဲမှာ ကျက်သရေယုတ်တယ်'

အလုပ်သမားမောင်ဦးလည်း ဒေါ်စိန်မမ စေသည့်အတိုင်း စားကြွင်းစားကျန်အချို့ကို စက္ကူနှင့်ထုပ်ကာ သူတောင်းစားထံသွား၍ ချိုင့်ခွက်တွင်းသို့ ထည့်ပေး၏။ နံငယ်ပိုင်းသာ ခါးတွင်ပတ်ထားပြီး အပေါ်ပိုင်းဗလာကျင်းလျက် ညစ်ပတ်ပေတလူးနေသော ကိုရွှေသူတောင်းစားသည် အစားအသောက်တွေ့ရပြီးလေသော် စကားကို နားမထောင်ချေ။ ဒေါ်စိန်မမ၏ ခြံအတွင်း မရမ်းပင်ကြီးအောင်ရှိ ကွပ်ပျစ်၌ အကျအနပွဲတော်တည်နေလေတော့၏။ ထိုအခါ ခွေးတွေဝိုင်းလာကြကာ မျက်နှာစိမ်းသူတောင်းစားအား တဝုတ်ဝုတ်ထိုးဟောင်လေရာ သောသောကို ညံနေလေတော့၏။

'ဟင်းနော်… ခက်တော့တာပါပဲ၊ ဟဲ့… ငဦး နင့်ယောက်ဖကို ခြံအပြင် မောင်းမထုတ်ဘူးလား'

'မောင်းထုတ်ပါတယ် ဒေါ်စိန်ရဲ့၊ သူ့ဖာသာသူ မသွားဘဲ ပေကတ်နေတာ'

'အဲဒါပေါ့ ကိုယ့်ပစ္စည်းနဲ့ကိုယ် အမှန်းခံရတယ်ဆိုတာ အသာနေပလေ့စေ၊ ဒီသူတောင်းစားတော့ ခွေးဝိုင်းဆွဲတော့မယ်'

ခြံထဲမှ ခွေးဟောင်သံများ ဆူညံနေသည့်အတွက် ဒေါ်စိန်မမနှင့်တကွ၊ အားလုံး၏အာရုံသည် ခြံထဲသို့ ရောက်နေကြသည်။

'ဟဲ့… ခွေး၊ ဟဲ့… ခွေး'

www.burmeseclassic.com

www.burmeseclassic.com



ခွေးတွေအတွက် မျက်စိထဲအမြင်မတော်သော သူတောင်းစားအား ထိုး၍ဟောင်ကြရုံမျှမက နံငယ်ပိုင်းကိုပါ ဝိုင်း၍ဆွဲကြ၏။ ဤတွင် အခန့်မသင့်၍လား မသိ။ သူတောင်းစား၏ နံငယ်ပိုင်းမှာ ခွေးဟပ်၍ ကျွတ်ကျသွားလေရာ၊ ပရိတ်သတ်အပျိုများမှာ ခေါင်းကို ငုံ့နေကြလေ၏။ မငုံ့သူမှာကား ဒေါ်စိန်မမတည်း။

'အောင်မာ… ငါပေးကမ်းတာလည်း စားသောက်သေး၊ လုံချည်လည်း ကျွတ်ကျသေး၊ ဒါကြောင့် စကားဥပမာရှိတာပေါ့၊ ဘာတဲ့ သူတောင်းစား ထမင်းဝတော့ ဘာဖြစ်တယ်ဆိုတာလေ၊ နောက်တစ်ခါ ခြံထဲဝင်လာလို့ကတော့ အသိပဲ'

အိမ်ပေါ်ရှိ ပရိတ်သတ်အပေါင်းမှာတော့ ဒေါ်စိန်မမ၏ နှုတ်အကြမ်းကြမ်းဖြင့် ဘုဂလန့်တိုက်ကာ ပြောထည့်လိုက်သော စကားကြောင့် မျက်နှာအထားရ ခက်သူခက်၊ ရှက်သွေးဖြာသူဖြာ၊ ပြုံးစေ့စေ့ဖြစ်သူဖြစ်ဖြင့် ပုံစံအသွင်အမျိုးမျိုး ကွဲနေလေတော့သတည်း။

ဒေါ်စိန်မမ၏ အကြောင်းက သည်ရွှေသည်မျှသာဆိုလျှင် ဘုဂလန့်ရှာအတွက်တော့ လက်ရွေးစင်အဆင့် မီလိမ့်မည်မထင်။

ဒေါ်စိန်မမ အတွက်တော့ ဘုဂလန့်တောရပ်တစ်ခွင်၌ ပြောစမှတ်တွင်စရာတွေက အများကြီးမှ အများကြီး။

တစ်ခါတုန်းက ၎င်း၏ အိမ်ရှေ့သို့ မယ်သီလရှင်အချို့ တန်းစီပြီး ဆွမ်းဆန်အလှူခံသည်။ ဒေါ်စိန်မမ၏ ပကတိဓာတ်ခံ၌ အလှူဒါနအပေါ်၌ ဘယ်သောအခါမှ မတွန့်တိုတတ်ပါ။ သို့ရာတွင် ၎င်းကိုယ်တိုင် မလောင်းလှူအားသဖြင့် အလုပ်သမားမောင်ဦး၏သမီး



အပျိုပေါက်မကလေးအား ဆန်အိုးထဲမှခပ်စေလျက် ဆွမ်းဆန်သွားအလှူခိုင်းသည်။ ကလေးမလေးက နည်းနည်းတော့ ရှပ်ပျာပျာနိုင်သည်။

သို့ကြောင့်ပင် ဆန်ကိုနို့ဆီခွက်နှင့်ခပ်အပြီး ထွက်လာသည့်အခိုက် အိမ်ခါးပန်းနှင့်တိုက်၍ ဟပ်ထိုးလဲကာ ဆန်တွေပြန့်ကြဲကုန်သည်။

သည်ခဏ ဒေါ်စိန်မမ၏ပါးစပ်မှ…

'ဒီကလေးမနှယ်တော် လင်လိုချင်လို့လား မသိဘူး၊ ရှပ်ပျာ… ရှပ်ပျာနဲ့၊ ပေါ့ပျက်ပျက်တွေ အတိုင်းပဲ'

ဟူ၍ အသံပြဲကြီးဖြင့် မြည်တွန်လိုက်ရာ ဆွမ်းခံရပ်နေသော သီလရှင်များ သုတ်ခနဲ လှမ်းကြွသွားခဲ့ဖူးလေ၏။ တစ်ခါကလည်း ရွာဦးကျောင်းမှ ဦးဇင်းတစ်ပါး ဆွမ်းခံဝင်လာသည်ကို မသိ၊ တူတော်မောင်တစ်ယောက်ကို ဆူပူကြိမ်းမောင်းနေသည်နှင့်ဆုံလေ၏။ တူတော်မောင်ဖြစ်သူက အများအမြင်၊ ပတ်ဝန်းကျင်အမြင်၌ အေးဆေးလှသည်ဟု ထင်ရလေသော်ငြား ရည်းစားသနာ မှိုလိုပေါက်အောင်များသည့်အကြောင်း သတင်းအခိုင်အမာရလာသည့်အတွက် ဆူပူကြိမ်းမောင်းခြင်း ဖြစ်၏။

'ဟဲ့… ညွန့်တင်၊ နင်ဟာလေ လူပုံက ရိုးပုံရိုးပမ်း၊ ပါးစပ်က ဘုရား… ဘုရား၊ လက်က ကားယား… ကားယား၊ ပြောကိုမပြောလိုက်ချင်ဘူး၊ ဒါကြောင့်လည်း ရှေးလူကြီးတွေက နင့်လိုအကောင်မျိုးကို နှာခေါင်းကတော့ ဓားပြလို့ ပြောကြတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ဆိုလိုက်ရာ ဆွမ်းခံဦးပဉ္ဇင်းလည်း အသာကလေးခြေဖွလျက် ပြန်လှည့်သွားရဖူးလေ၏။

သည်တော့ ဒေါ်စိန်မမအဖို့ စိတ်ထဲက ပါသည်၊ မပါသည် အသာထား။ နှုတ်ဝစီကဖြင့် ကြမ်းလှသည်ကိုမူ လက်ခံရပေတော့မည်။

တစ်ခါက ရွာသူရွာသားများ၏ ကောင်းမှုအဖြစ် ရွာဦးကျောင်း၌ ဆွမ်းစားဇရပ်ကလေးတစ်ဆောင် ဆောက်လုပ်လှူဒါန်းသည့် ရေစက်ချပွဲကလေး ကျင်းပရာသို့ ဒေါ်စိန်မမတစ်ယောက် ဝတ်ကောင်းစားလှများဖြင့် ရောက်သွား၏။ ကျောင်းလှေကား အတက်အဆင်း၌ ခြေသုတ်ရန်ခြေသုတ်ဖုံ ကော်ဇောအသစ်တစ်ခုခင်းထားရာ ထိုအခင်းပေါ်၌ ကျောင်းခွေးတစ်ကောင်သည် အမြိုင့်သား ခွေလှဲအိပ်နေလေ၏။ ဒါကိုမြင်တော့ ဒေါ်စိန်မမ၏နှုတ်ဖျားမှ မည်သို့သော စကားလုံးတွေ ခုန်ပေါက်ကျလာပါသနည်း။

'တောက်... အမယ်လေး... လေး၊ ခွေးဖြစ်ပေလို့ပဲ၊ အကောင်းကို ကြိုက်လိုက်တာ၊ မသိဘူးတဲ့'

သည်စကားကို ကျောင်းထိုင်ဆရာတော်ကြီး ဦးဂန္ဓမာ မကြားသည်မှာ ကံကောင်းလှ၏။ ကြားသာကြားလို့ကတော့ဖြင့် ဒေါ်စိန်မမတစ်ယောက် လွယ်လိမ့်မည် မဟုတ်။

ဩော်... ဝစီ... ဝစီ... ဝစီ။

✿ ✿ ✿



သူ့နာမည်က ရွှေရိုး။

နာမည်ကသာ ရိုး၏။ လူကတော့ တကယ့်ကို ပန်ကာ။

ဉာဏ်နီဉာဏ်နက်တွေ ထွက်သည့်နေရာမှာတော့ တကယ့်ကို ထိပ်သီး။

အနီရွှေရိုးကား တခြားမဟုတ်။

ဘုဂလန့်ရွာသူကြီး ဦးသြဘာနှင့်သူကြီးကတော်ဒေါ်မဲတူ တို့မှ မွေးဖွားသန့်စင်ပေးလိုက်သော သားသမီးနှစ်ယောက်အနက်မှ အငယ်ဆုံးသားဖြစ်၏။ သူ့အထက်က အစ်မဖြစ်သူ မငွေမိုး။

မငွေမိုးကား အချိန်တန်အရွယ်ရောက်သည့်သကာလ လူ့သဘာဝအရ အိမ်ထောင်ရက်သားကျသွားခဲ့လေပြီ။ မငွေမိုး၏ ဖူးစာဖက်ကား ဤဘုဂလန့်ရွာမှ မဟုတ်။ ဘုဂလန့်ရွာရှိ ကိုးတောင်ပြည့်စေတီကို ပန်းရံဆရာများ လာရောက်တည်ကြစဉ်က တစ်ရပ်တစ်ကျေးမှ ပါလာသော ဖိုးသခွားဆိုသည့် ကရင်လူပျိုကလေးနှင့်ဖြစ်၏။ ငွေမိုးနှင့်ဖိုးခွားတို့ အကြောင်းဆက်ပေါင်းဖက်ပြီးလေသော် ငွေမိုးလည်း ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာလိုက်ပါရစမြဲဟူသည့်အတိုင်း လင်တော်မောင်ဖိုးသခွား အလုပ်ရှိရာနောက်သို့ တကောက်ကောက်လိုက်ပါရင်း အခါလည်ကျမှသာ ဤဘုဂလန့်ရွာကလေးသို့ ပြန်လည်ရောက်ရှိခဲ့လေ၏။

ဖိုးသခွားအဖို့ အရပ်တကာလှည့်ရသည်မှာ နှံ့နေပြီဖြစ်၏။ အခြေတကျမဟုတ်ဘဲ ဟိုရွှေ့သည်ပြောင်း မလုပ်လို။ သို့ဖြင့် ဇနီးသည် ငွေမိုးနှင့်တိုင်ပင်ပြီး ဘုဂလန့်ရွာ၌ ယောက္ခမများနှင့်အတူ တော

www.burmeseclassic.com

www.burmeseclassic.com



သဘာဝ လုပ်ကိုင်စားသောက်ရန် ရည်ရွယ်ထားပြီး ဒေသဆိုင်ရာ ထုံးတမ်းဓလေ့များကို လေ့လာစူးစမ်းလျက် ရှိလေသည်။

'ကျွန်မတို့ တောနယ်တွေဆိုတာ ရိုးရာပူဇော်ပသမှု အစွဲအလမ်းတွေ ရှိကြတယ်။ ကျွန်မတို့ဆို တစ်နှစ်တစ်ခါ နတ်စားကြတယ်။ ရွာမှာလည်း မကြာခဏဆိုသလို နတ်ပွဲတွေ ပေးကြတယ်'

'အင်းလေ… အဲသည်လို လူတွေရှိနေလို့၊ နတ်ကတော်တွေ ထမင်းမငတ်ကြတာပေါ့'

'ဘာပဲဖြစ်ဖြစ်လေ နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့၊ မယုံကြည်ရင်နေလို့ရတယ်၊ မစော်ကားရဘူး'

'ဒါတွေ ငါသိပါတယ် ငွေမိုးရယ်၊ ငါတို့ ကရင်တွေဆိုတာလည်း နတ်ကိုးကွယ်မှုနဲ့ မကင်းကြပါဘူးဟာ၊ ဒါကြောင့် ဘယ်အရပ်၊ ဘယ်ရွာ၊ ဘယ်ဒေသရောက်ရောက် ရပ်ရွာဒေသတွေရဲ့ ဓလေ့ထုံးစံနဲ့ လိုက်လျောညီထွေနေတတ်အောင် ငါအမြဲလေ့လာနေတာပေါ့ ငွေမိုးရဲ့'

ဖိုးသခွားက ရိုးရိုးသားသား။

မည်သည့်အလုပ်မဆို ဒေါင်ကျကျ၊ ပြားကျကျ လုပ်ကိုင်တတ်သူမို့လည်း ငွေမိုးတစ်ယောက် တစ်ရွာသားနှင့် ဖူးစာဆုံလင့်ကစားလင်အရတော်သည်ဟူ၍ ပြောဆိုကြချေ၏။ ပြီးတော့ ဖိုးသခွားက ယောက္ခမများနှင့်လည်းကောင်း၊ ယောက်ဖရွှေရိုးနှင့်သော်လည်းကောင်း၊ ရွာသူရွာသားတွေနှင့်သော် လည်းကောင်း ပလဲနံပသင့်အောင်နေထိုင်တတ်သည်။

တစ်နေ့ ရွာထဲ၌ အမဲပေါ်သဖြင့် နွားရှင်က ရပ်မိရပ်ဖဖြင့်



သော သူကြီးအတွက် မိုးခိုသားတစ်တွဲ လာပို့သည်။ သည့်အတွက် အမဲသားကို တုံးတစ်ကာ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ချင်း၊ စပါးလင်၊ မဆလာစသော အမွှေးအကြိုင်များဖြင့် နယ်ဖတ်ကာ အိုးထဲထည့်ပြီး မီးဖိုပေါ်တင်ထားသည်။ မီးဖိုနားမှာတော့ ဖိုးသခွားသည် ဝါးဖယောင်းနှီးများကို ဓားမောက်ဖြင့်သပ်ကာ ထိုးနေ၏။

'ကိုသခွားရေ… ဟင်းအိုးကို ခဏကြည့်ထားနော်၊ ကျွန်မ အေးကြည်မတို့ခြံထဲမှ ရွှေအပ်သီးကလေးတွေ သွားခူးချင်လို့'

'အေး… သွား… သွား'

သည်သို့ ဇနီးသည်ငွေမိုးကို တုံ့ပြန်လိုက်ရင်း ထိုးလက်စနှီးများကို သပ်နေလေတော့၏။ ဇနီးသည် အောက်သို့ဆင်းသွားပြီး သိပ်မကြာ။ ယောက္ခမ သူကြီးဦးသြဘာ ဝင်လာပြီး ဟင်းအိုးကိုဖွင့်၊ ယောက်ချိုဇွန်းဖြင့်မွှေကာ နဘေးရှိဆားအိုးထဲမှ ဆားတစ်ဇွန်းကို ကော်လျက် ဟင်းအိုးထဲထည့်၊ အဖုံးပြန်ပိတ်ပြီး ထွက်သွားလေ၏။ ဖိုးသခွားလည်း ကြည့်ကောင်းကောင်းနှင့် ကြည့်နေလေ၏။

သိပ်မကြာ…

ယောက္ခမ သူကြီးကတော်ဒေါ်မဲတူ မီးဖိုချောင်တွင်းသို့ ဝင်လာပြန်၏။ ၎င်းလည်း အဘိုးကြီးအတိုင်း အိုးကိုဖွင့်ကာ ဆားတစ်ဇွန်းခပ်ထည့်ပြီး မွှေလိုက်၏။ ထို့နောက် အဖုံးပြန်ပိတ်ရင်း ဆင်းသွားပြန်၏။ တစ်အောင့်လောက် အကြာမှာတော့ ရွှေအပ်ငရုတ်သီးများကိုခူးပြီး ငွေမိုး ပြန်ရောက်လာသည်။ ငရုတ်သီးများအား ဓလုံလွှတ်တစ်ခုတွင်းထည့်ပြီးနောက် အမဲသားဟင်းအိုးအဖုံးကို ဖွင့်ပြန်၏

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဆားတစ်ဇွန်း ခပ်ထည့်ကာ မွှေပေးလေ၏။ ပြီးလေသော် အဖုံးကို ပြန်ပိတ်ပြီး အောက်သို့ဆင်းသွားပြန်လေ၏။

'ဟ… ငါ့မိန်းမအိမ်က တော်တော်လည်း နှတ်ကြီးပုံရတယ်နဲ့ တူတယ်၊ အမဲသားဟင်းချက်ပြီဆိုရင် ရှိတဲ့အိမ်သားတွေမှန်သမျှ ဟင်းအိုးထဲ ဆားတစ်ဇွန်းစီထည့်ရတယ် မှတ်တယ်၊ သည်ကနေ့ ယောက်ဖရွှေရိုး မရှိပေလို့၊ ဒီကောင်သာရှိရင် သူလည်း ဟင်းအိုးထဲ ဆားတစ်ဇွန်းတော့ ခပ်မှာအမှန်ပဲ။

ဟဲ… ဟဲ… ဘာရမလဲ၊ ငါလည်း သားမက်သာဆိုတယ်၊ တကယ်တော့ သူ့အိမ်ထောင်စုဝင် ဖြစ်နေပြီပဲ၊ ဒီတော့ကာ'

ထို့နောက်မှာတော့ဖြင့် ဖိုးသခွားလည်း ဓားမောက်ကို နှီးလောင်းထားသည့် ဝါးဆစ်ပိုင်းများကြား၌ချကာ အမဲသားဟင်းအိုးရှိရာ လျှောက်လာလျက် အရင်လူတွေ၏ ပုံစံနှင့်မခြား ဆားတစ်ဇွန်း ခပ်ထည့်လိုက်လေတော့သတည်း။

ထိုနေ့ထမင်းဝိုင်းကား သူတို့လေးယောက်စလုံး ဘယ်လိုမှ စား၍ မရလောက်အောင် ငန်တူးလှစွာသော အမဲသားဟင်းနှင့် ရင်ဆိုင်ရလေတော့၏။

'ဟဲ့… ဟင်းက… ငန်လှချည်လား၊ ငန်ရုံမက တူးနေတာပဲ'

'ဟုတ်ပါရဲ့ ဘယ်သူများ ဆားဝင်ခပ်သွားပါလိမ့်'

'ငါ… တစ်ဇွန်းဝင်ခပ်မိတယ်ဟ'

'အဲ… တော့၊ ကျုပ်လည်း ဘယ်သူမှ မခပ်ရသေးဘူးထင်လို့ တစ်ဇွန်းခပ်ထည့်လိုက်တယ်'



'အဲဒါမှ… ခွပဲ၊ သမီးလည်း ဘုမသိ၊ ဘမသိနဲ့ တစ်ဇွန်းခပ်ထည့်လိုက်သေးတယ် အမေရဲ့'

'ဟား… ဟား… ဟား'

သည်ရယ်သံ၏ ပိုင်ရှင်ကား ဖိုးသခွားထံမှ ဖြစ်လေ၏။ ၎င်း၏ ရယ်သံကြောင့် ထမင်းဝိုင်းတစ်ဝိုင်းလုံး ပွက်လောညံသွားလေတော့၏။

'ဖြစ်မှဖြစ်ရလေဗျာ၊ အမဲသားဟင်းအိုးကို အဖေလည်း ဆားတစ်ဇွန်း ခပ်ထည့်တာ မြင်တယ်၊ အမေဝင်လာပြီး ခပ်ထည့်တာလည်း မြင်တယ်၊ နောက် ငွေမိုးရောက်လာပြီး ထည့်တာလည်း မြင်တယ်'

'ဟာကွာ… မင်းနှယ် တစ်ယောက်ထည့်ပြီးတာ မြင်မှတော့ နောက်လူတွေ ထည့်တော့မယ့်အခါ ဝင်တားပေါ့ကွာ၊ ခုတော့ တစ်ယောက်ပြီးတစ်ယောက် တစ်ဇွန်းစီ ခပ်ထည့်နေမှတော့ ဟင်းအိုးဟာ ပစ်ရပြီပေါ့ ဖိုးသခွားရယ်'

သူကြီးဦးသြဘာက ညည်းညူညူဖြင့် ဖိုးသခွားကို အပြစ်တင်ဟန်ပြုသည်။

'အဲဒါ… ဘယ်သိမလဲ အဖေရဲ့၊ ကျွန်တော်ကလည်း အဲသည်လို အိမ်သားတွေမှန်သမျှ တစ်ယောက်ပြီးတစ်ယောက် ဆားထည့်ခပ်တာ ရပ်ရွာရဲ့ထုံးစံလေ့လို့ ထင်မှတ်နေတာကိုး။

အဲသည်တော့ အိမ်သားဖြစ်လာတဲ့ ကျွန်တော်လည်း မနေနိုင် မထိုင်နိုင်ဆိုသလို နှတ်အကြိုက်ဖြစ်ရလေအောင် ဇွန်းတစ်ဇွန်းဝင်ခပ်မိပါသဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'သေလိုက်ပါတော့ ဖိုးသန္တာ့ရယ်'

ထိုထမင်းပွဲမှာတော့ အမဲသားဟင်းသည် အပယ်ခံဖြစ်သွားရပြီး စပ်သီးထောင်းနှင့် တာလပေါဟင်းသည်သာ အောင်ပွဲခံဖြစ်သွားရလေတော့သတည်း။

○ ○ ○

'မပူနဲ့ အရီး...
အဖေ့ဆီကို အကူအညီ တောင်းရမှာပေါ့။
ကိုင်း... အဖေ
အဖေ၊ အမေ့ကို ဝယ်ပေးထားတဲ့
ရွှေထည်တွေ ခဏထုတ်ပေးပါ။
အဖေ့ရွှေထည်တွေ
တစ်ခုမှ အရာမယွင်းစေရဘူး။
များလေ... ပိုကောင်းလေနော်...'

www.burmeseclassic.com

www.burmeseclassic.com

သည်နှစ် ဘုဂလန့်တစ်ရွာလုံး လယ်ယာသီးနှံတွေ အထွက်ကောင်းသည်မို့ အပျော်ကြီးပျော်နေကြသည်။

သူကြီးဦးသြဘာအဖို့လည်း သမက်တော်ဖိုးသခွားက အားကြိုးမာန်တက် လုပ်ကိုင်ပေးသည့်အတွက် ကောက်ကြီးစပါးမှာ မှန်းထားသည်ထက် ပို၍ထွက်လေရကား မပျော်ဘဲ ဘယ်နေမှာတဲ့တုံး။

'ဟော့… ဖိုးသခွား၊ စပါးတွေ ရောင်းချပြီးရင် ငါ့ခြံဝိုင်းကလေးထဲမှာ မင်းတို့လင်မယားအတွက် အိမ်တစ်လုံးဆောက်ပေးမယ်ဟုတ်ပလား'

'ကောင်းတာပေါ့ အဖေရယ်၊ ဒါဆိုရင် အဖေ့သမီး ငွေမိုးတစ်ယောက် သိပ်ကိုပျော်မှာ အဖေရ'

ယောက္ခမနှင့်သားမက်ဆိုသော်ငြား တကယ့်သားအဖနှင့်မခြားသွေးစည်းနေမှုက အားကျစရာကောင်းလှပါဘိ။ သူကြီးဦးသြဘာတို့ လင်မယားအဖို့ သမက်ကောင်းတစ်ယောက် ရလိုက်သည်။ သမီးဖြစ်သူ ငွေမိုးအဖို့ရာလည်း လင်ကောင်းတစ်ယောက် ရလိုက်သည်ဆိုလျှင် မမှား။

www.burmeseclassic.com

www.burmeseclassic.com



'ဒါထက်… မင့်ညီ ရွှေရိုးတစ်ယောက်ကောကွ၊ မမြင်ပါလား'

'စောစောကတောင် တွေ့သေးတယ်၊ ဘင်ဂျိုသံတခေါင်ခေါင်နဲ့ပဲ၊ သြော်… နေဦး… နေဦး၊ ရွာအနောက်ဖျားက ဦးတက်လူမော်ကြီးတို့ သည်နှစ်အလှူလုပ်မယ်ဆိုလို့ အဲဒီကို ကာလသားတွေနဲ့ လိုက်သွားသလား မပြောတတ်ဘူး'

'ဟော… ဟုတ်ပ၊ မင်းပြောမှပဲ သတိရတော့တယ် ဖိုးသခွား ရယ်၊ ဟုတ်တယ်ကွ၊ သည်နှစ် ကိုတက်လူမော်တို့လင်မယား သူ့သမီးလေးကို နားသမင်္ဂလာလုပ်ပြီး၊ သူ့တူသား နောင်မယ်တွေကို ရဟန်းခံ ရှင်ပြုဖို့ကိစ္စအတွက် စည်းဝေးတိုင်ပင်ရအောင် ငါ့ကို ရေနွေးကြမ်းသောက် ဖိတ်ထားသေး၊ အေး… အဲသည်ကို သွားလိုက်ဦးမယ်'

'ဟုတ်ကဲ့… အဖေ'

သူကြီးဦးသြဘာလည်း စွပ်ကျယ်လက်စကလေးကို လူမြင်ကောင်းယုံဝတ်ဆင်လျက် ရွာ့အနောက်ပိုင်းရှိ ဦးတက်လူမော်တို့ အိမ်ဂေဟာရှိရာသို့ ထွက်လာခဲ့လေ၏။ သွားလိုသည့်အိမ်မရောက်ခင် ကြားရပြန်ပါပြီကော သားတော်မောင် လူလည်ပန်ကာရွှေရိုး၏ ဘင်ဂျိုလက်သံ၊ ပြီးတော့ ၎င်း၏ အသံဝါဝါကြီး။

'တောင်တော××× တောင်တောသာယာ××× ပန်းမျိုးစုံလင်စွာ××× ပွင့်မာလာ××× ခတ္တာ××× ရွှေအင်ကြင်း××× ဇလပ်တာ ခတ္တာငယ်××× ဇီဇဝါ ပင်ကြက်ရုံး××× အို ××× မမုန်းနိုင်တယ်××× ဂန္ဓမာလယ်××× ကြိုင်စွာ××× အို××× ပွင့်ငုံ×××'



သူ့အသံဝါဝါကြီးနှင့်ဘင်ဂျိုလက်သံကတော့ အလိုက်သား။

ဦးတက်လူမော်တို့၏ ခြံထဲဝင်လိုက်တော့ သားတော်မောင် ရွှေရိုးအပါအဝင် ကာလသားအချို့မှာ ကွပ်ပျစ်ပေါ်တွင် ရေနွေးကြမ်းဝိုင်းဖြင့် အငြိမ့်သားဖြစ်နေကြသည်။ အိမ်ပေါ်မှာတော့ ဘုရားဒကာ ကျောင်းဒကာ၊ ဇရပ်ဒကာနှင့် ရပ်မိရပ်ဖအချို့က ကွမ်းလေးမြုံ့လိုက် ဆေးပေါ့လိပ်ကလေးဖွာလိုက်၊ လက်ဖက်သုပ်ကလေးဝါးလိုက်၊ ထန်းလျက်ခဲလေးကိုက်လိုက်၊ ရေနွေးကြမ်းကလေးမော့လိုက်နှင့် လေပေးလေယူ ဖြောင့်နေကြသည်။

ဗိန္ဒောဆရာဦးအောင်ကြီးက ဗေဒင်နက္ခတ်ပညာရပ်ကိုလည်း တီးမိခေါက်မိသူပီပီ မင်္ဂလာအခါပေးရက်ကို ရွေးချယ်နေသလို ကာလသားခေါင်းကြွက်နီကလည်း အလှူမတိုင်မီ မဏ္ဍပ်ထိုးရန် တာဆူ နေသည်။

စပ်ပန်းချီဆရာကြီး ဖိုးအောင်ခိုင်ကလည်း မည်သည့်အလှူ ပွဲမဏ္ဍပ်များနှင့်မတူ ဒုပိတ်များ၊ တိုင်ဖုံးများ၊ နဖူးစည်းများကို အရောင်စုံ အသွေးစုံဖြင့် ပန်းကနုတ်များ ခြယ်သပေးမည့်အကြောင်း လေဖောင် နေ၏။ အချက်အပြုတ်ခေါင်းဆောင် ကိုမောင်ကြီးနှင့်ကာလသမီးခေါင်း ဒေါ်မေနှင်းတို့က အကျွေးအမွေးနှင့်ပတ်သက်၍ ဆွေးနွေးနေသည်။

'ဝက်သားက ပြောင်ကျွေးမှာလား ကိုတက်လူမော်'

'ကျွေးမှာ… ကျွေးမှာ၊ ခုကတည်းက ဖက်တီးဝင်းမောင်ကို လိုရမယ်ရဝက်သုံးကောင်လောက် ရာခိုင်းထားပြီးပြီ။ တစ်ကောင်ကို အချိန်ရှစ်ဆယ်လောက်ဆီ မှန်းထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို… လောက်လောက်ငှငှပါပဲ ကိုတက်လှမော်'

'ဝက်သားရယ်၊ ဆယ့်နှစ်မျိုးဟင်းချိုရယ်၊ သရက်ချဉ်သုပ်ရယ်၊ ငါးခြောက်ထောင်းရယ်၊ ငန်ပြာရည်ချက်နဲ့ တို့စရာရယ်'

'မြိုင်ပဗျာ… မြိုင်ပ။ ကျုပ်တို့ ဘုဂလန့်တစ်ရွာလုံးမှာတော့ ခင်ဗျား အလှူကထိပ်ပဲဗျို့… ထိပ်ပဲ'

ကိုမောင်ကြီး၏ အပင့်အမြှောက်ကြောင့် အလှူ့ဒကာလောင်းကြီး ဦးတက်လှမော်ခမျာ အတော်ကလေးကို ဘဝင်ခွေ့သွားလေ၏။

'ဒါထက် အလှူဆိုတော့ အလှူအင်္ဂါရပ်နဲ့ ကိုက်ညီအောင် ဆိုင်းလေးပွဲလေး မထည့်ဘူးလားဗျ'

'ထည့်ရမှာပေါ့ဗျာ… ထည့်ရမှာပေါ့၊ ဒါမှလည်း ကိုယ့်ရပ်ကိုယ့်ရွာ စည်စည်ကားကားဖြစ်ပြီး တခြားရွာကလူတွေရဲ့ အကဲ့ရဲ့လွတ်မှာပေါ့'

'အလှူဖိတ်စာအတွက် စာစီပေးဖို့ကော'

'အဲသည်ကိစ္စကို ဖိုးလေးစံမြ တာဝန်ယူထားတယ်၊ နေ့ကောင်းရက်မြတ်ရွေးပြီးတာနဲ့ စာစီပြီးသားဖြစ်ရမတဲ့'

အားလုံးသူ့အကန့်နှင့်သူ အကြမ်းဖျင်းတာဝန်တွေ ခွဲဝေအပြီးမှာတော့ ဦးတက်လှမော် တို့မိသားစု၏အလှူမှာ တစ်ဝက်ကျော်မျှ အဆင်ပြေအောင်မြင်ခဲ့လေပြီ။

ကိစ္စဝိစ္စတွေ ဆွေးနွေးပြောဆိုအပြီး ရပ်ရွာလူကြီးများလည်း အသီးသီး ကိုယ့်အိမ်ကိုယ့်ယာသို့ ပြန်ခဲ့ကြလေရာ ရွှေရိုးနှင့်သူကြီး ဦးသြဘာတို့ သားအဖလည်း အများနည်းတူ ပြန်လာခဲ့ကြလေ၏။



အိမ်သို့ရောက်ပြီးသိပ်မကြာ ခြံစိုက်တောင်သူမကြီး ဒေါ်ပန်းရုံတစ်ယောက် အူလျားဖားလျားနှင့် ပေါက်ချလာ၏။

'အမယ်လေး… သူကြီးရယ်၊ ကျုပ်ကို ကယ်နိုင်ရင် ကယ်ပါဦးတော့… အီးဟီးဟီး'

အရင်းမရှိ အဖျားမရှိဘဲ ဟီးချ၍ငိုကြွေးလာလေတော့ သူကြီးဦးသြဘာလည်း ကြောင်အမ်းအမ်းကြီး ဖြစ်သွားရလေ၏။ ထို့ကြောင့် ဖွာလက်စဆေးပေါ့လိပ်တိုအား ဆေးလိပ်ခွက်ထဲ ထည့်လိုက်ရသလို ဘင်ဂျိအသံစမ်းနေသော ရွှေရိုးမှာလည်း ဆက်၍အသံမစမ်းဖြစ်တော့ဘဲ ဘင်ဂျိုအား ပုဏ္ဏားကွယ်၌ ထောင်ထားလိုက်ရလေ၏။ ဒေါ်ပန်းရုံမှာ စကားဆက်မပြောနိုင်သေးဘဲ သူကြီးရှေ့၌ ကြုံ့ကြုံ့ကလေး ထိုင်ကာ တရှုံ့ရှုံ့ ငိုကြွေးနေဆဲပင်။

'ဟဲ့… ဘယ်ကဘယ်လို ဖြစ်တယ်ဆိုတာကိုလည်း အကျိုးသင့်အကြောင်းသင့်တော့ ပြောဦးမှပေါ့၊ နို့မဟုတ်ရင် ငါတို့က ဘာကို ဘယ်လို နားလည်ရမှာလဲ ပန်းရုံရဲ့'

'ဟုတ်သားပဲ အရီးရယ်၊ အကျိုးအကြောင်းလေးတော့ ပြောဦးမှပေါ့ဗျာ'

'အေးလေ… ဟုတ်ပါရဲ့ ရွှေရိုးရယ်'

သည်တော့မှ ဒေါ်ပန်းရုံ အငိုတိတ်သွားလေတော့၏။

ဒေါ်ပန်းရုံကား အသက်လေးဆယ်ကျော် မုဆိုးမကြီး ဖြစ်၏။ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက်ပိုင်း တစ်ပင်လဲမှ တစ်ပင်မထူတော့ဘဲ သမီးငယ်ပန်းမွှံနှင့် ၄င်း၏ခြံ၌ ရာသီထွက်သီးနှံမျိုးစုံ၊ ပန်း

www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံစိုက်ပျိုးကာ ဘဝကိုရုန်းကန်နေရသူ ဖြစ်လေ၏။ ခြံထွက်ပစ္စည်းများကို ရောင်းချရင်းမှ စားလည်းစား စုလည်းစု၏။ စပါးပေါ်ချိန်တွင် ရွှေထည်လက်ဝတ်လက်စားများ လုပ်ထားတတ်ပြီး သမီးပန်းမှုံကို ဆင်ပေး၏။

ငွေလိုလာပြီဆိုလျှင် မည်သူ့ထံမှ မျက်နှာအောက်ကျို့ခံ ချေးမနေဘဲ ရွာထဲရှိ ငွေတိုးပေးစား၍ အပေါင်ပစ္စည်းလက်ခံသူ တရုတ်ကပြားကျင်ငွေထံတွင် ပေါင်နှံလေ့ရှိ၏။ ယခုဖြစ်လာသော ပြဿနာကလည်း လက်ဝတ်လက်စားပေါင်နှံပြီး ပြန်ရွေးသည်မှ အစပြုလေ၏။

'အဖြစ်က ဒီလိုပါ သူကြီးရယ်၊ ပြီးခဲ့တဲ့ ဆောင်းဦးပေါက်တုန်းက မြေဆီဝယ်ဖို့ရယ်၊ တခြားလိုအပ်တာလေးတွေ ဝယ်ဖို့ရယ် အတွက် လက်ထဲငွေပြတ်သွားတာနဲ့ လက်ကောက်နှစ်ကွင်းကို တရုတ်ကျင်ငွေဆီကို သွားပေါင်ခဲ့ပါတယ်'

'သြော်… နင့်ကိစ္စက တရုတ်ကျင်ငွေနဲ့ ပတ်သက်နေတာကိုး'

သူကြီးက မှတ်ချက်ချ၏။ ရွှေရိုးကမူ ဘာမျှဝင်မပြောဘဲ ဒေါ်ပန်းရုံ ဆက်ပြောမည့်စကားတို့ကိုသာ အာရုံစိုက်နေလေ၏။ တရုတ်ကျင်ငွေကား ဘုဂလန့်ရွာသားအစစ်မဟုတ်။ တစ်နယ်တစ်ကျေးမှ ရောက်ရှိလာပြီး ဘုဂလန့်ရွာသူဒေါ်မချွေးနှင့်အိမ်ထောင်ကျကာ ရွာ၌ အခြေကျနေခြင်းဖြစ်၏။ ၎င်းသည် ဝက်ကို စီးပွားဖြစ်မွေး၏။ ငွေကို အတိုးဖြင့် ချေး၏။ ရွှေအပေါင်ခံ၏။ ရွှေသာမက အိုး၊ ပန်းကန်၊



ခွက်ယောက်နှင့်တကွ အဝတ်အစားများကိုလည်း အပေါင်ခံ၏။ သည်တော့ တရုတ်ကျင်ငွေ၏ စီးပွားရေးမှာ တစ်နှစ်ထက်တစ်နှစ် ဒီရေအလားတိုးတက်ကာ လေးပင်သုံးခန်း ကျွန်းသားအိမ်ကြီးဖြင့် တင့်တောင်းတင့်တယ် နေနိုင်သူဖြစ်၏။

'ကဲ… ဆက်ပြောစမ်း ပန်းရုံ'

'ဟုတ်ကဲ့ သူကြီး၊ တစ်နေ့က ကျွန်မလည်း ခြံထွက်ပစ္စည်းတွေ ရောင်းရငွေရယ်၊ နည်းနည်း… နည်းနည်းနဲ့ စုထားတဲ့ငွေတွေရယ် ပေါင်းကြည့်တဲ့အခါ ပစ္စည်းပြန်ရွေးဖို့ လုံလောက်တာမို့ သူ့ဆီကို သွားပြီး ပစ္စည်းရွေးပါတယ်။

အဲသည်နေ့ကျတော့ ရွေးလာတဲ့လက်ကောက်ကို ဖျက်ပြီး ရွှေထပ်ထည့်ရအောင်ဆိုပြီး မနက်စောစော မြို့ကိုတက်လို့ ပန်းထိမ်ဆိုင်ကို သွားပါတယ်။

အဲသည်မှာ ပန်းထိမ်ဆရာက လက်ကောက်တွေကို သေသေချာချာကြည့်ပြီး ရွှေရည်စိမ်အတုတွေတဲ့။ နေဖြူ ဦးဖိုးချမ်းရဲ့ ကြေးနှစ်ခံရွှေရည်စိမ်တွေလို့ ပြောလိုက်တယ်။

သည်တော့ ကျွန်မလည်း မဖြစ်နိုင်ဘူးဆိုပြီး လက်ကောက်တွေကိုပြန်ယူပြီး သေသေချာချာစစ်ဆေးကြည့်တဲ့အခါ ကျွန်မရဲ့ လက်ကောက်နှစ်ကွင်းစလုံးဟာ မြက်ရိတ်ရင်းက ရှထားတဲ့ရှရာလေးတွေ ရှိရမယ့်ဥစ္စာ ဘယ်ရှရာမှ မရှိဘူး။ အားလုံးစင်းလုံးချော ဖြစ်နေတယ်။

ဟောဒီမှာ သူကြီး သေသေချာချာကြည့်ပါ။ ကျွန်မရဲ့ မှုရင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ကောက်နဲ့ မတူတူအောင် လုပ်ထားတဲ့ တရုတ်ကျင်ငွေ ပြန်ပေးလိုက်တဲ့ လက်ကောက်နှစ်ကွင်း'

ဒေါ်ပန်းရုံ ထိုးပေးသည့် လက်ကောက်နှစ်ကွင်းကို သေသေချာချာကြည့်တော့ မည်သည့်ထိနိုက်ရှရာမျှမရှိ။ တခုခုတော့ဖြင့် လွဲချော်နေပေပြီ။

'သည်တော့… နင်က တရုတ်ကျင်ငွေကို သွားမပြောဘူးလား'

'ဘယ်နေလိမ့်မလဲ… ပြောတာပေါ့ သူကြီးရယ်၊ ပန်းထိမ်ဆိုင်က ပြန်လာလာချင်းကို သူ့အိမ်တန်းဝင်ပြီး ပြောတာပေါ့'

'အေး… အဲသည်တော့ သူက ဘာပြောသလဲ'

'ဘာပြောရမလဲ သူကြီးရယ်၊ 'ခင်ဗျား ပေါင်ထားတဲ့ပစ္စည်း ခင်ဗျား ပြန်ရပြီပဲဥစ္စာ၊ ကျုပ်ကို ပြဿနာ မရှာပါနဲ့'တဲ့၊ ကျုပ်က ဒီရွာမှာ ခင်ဗျား တစ်ယောက်ထဲနဲ့ ဆက်ဆံနေရတာ မဟုတ်ဘူး။ အများနဲ့ ဆက်ဆံနေရတာ၊ ခင်ဗျား လာရွေးစဉ်တုန်းက သေသေချာချာ စစ်ဆေးပြီး ပြောပါလား။

ခုတော့ နှစ်ရက်လောက်ရှိကာမှ ဒီလာပြန်ပြောတယ်ဆိုတော့ ကျုပ်အလွန် မဟုတ်တော့ဘူး။ ခင်ဗျားဘာသာ ခင်ဗျား တခြားမှာ သွားလဲပြီး ကျုပ်ကို လာပြဿနာ မရှာနဲ့'တဲ့။

'ကျွန်မလည်း ဘာကိုဘယ်လိုဆက်ပြီး ပြောရမှန်းမသိတာနဲ့ ကြံရာမရဖြစ်ပြီး သူကြီးဆီ တန်းလာခဲ့ရတာ။ ကယ်နိုင်ရင်ကယ်ပါဦး သူကြီးရယ်၊ သည်ရွှေထည်ကလေးဖြစ်လာဖို့ ကျွန်မတို့ သားအမိနှစ်



ယောက်မှာ မိုးရွာမရှောင် နေပူမရှောင် ကုန်းရုန်းလုပ်ပြီး စုဆောင်းရှာဖွေထားရတဲ့ အထုပ်အထည်လေးမို့ပါ သူကြီးရယ်'

ကြားရသည်က စိတ်မသက်သာစရာ။

သူကြီးမှာတော့ သက်ပြင်းကိုသာ တဟင်းဟင်းချရင်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် စိတ်အိုက်နေလေသည်။

ဒေါ်ပန်းရုံ၏ အကြောင်းကို သူ သိသည်။

သူမသည် ငယ်စဉ်တောင်ကျေးမှသည် ယခုကာလရောက်သည်အထိ မဟုတ်တာမှန်သမျှ ဘာတခုမျှ မလုပ်ခဲ့။ ဘုဂလန့်ရွာမှာတော့ ရှာမှရှားလောက်အောင် နေထိုင်တတ်သော စံပြရွာသူဆိုလျှင်မမှား။ ဘယ်သူတွေ ဘယ်လိုပင် စကားကို ကော်ကော်ကတ်ကတ်ဘုဂလန့်တိုက်တိုက် သူမကတော့ ရိုးစင်းလှသူဖြစ်ကြောင်း၊ ရိုးအသူဖြစ်ကြောင်း ဦးသြဘာ သိပါ၏။ သည်တော့ ဒေါ်ပန်းရုံဘက်က မှန်သည်ထားဦး။

နှစ်ရက်တည်းဟူသော အချိန်ကာလက တရုတ်ကျင်ငွေဘက်က အလေးသာနေခဲ့ပေပြီ။ သည်တော့ အမှုကိစ္စဖြစ်လည်း တရုတ်ကျင်ငွေဘက်က ငြင်းချက်သာ လှိုင်လှိုင်ထုတ်၊ ဒေါ်ပန်းရုံအဖို့ အရှုံးတွေ ချည်းသာပင်။

'ဟူး… အခြေအနေကတော့ နင့်ဘက်မှာ ရှုံးဖို့များတယ် ပန်းရုံရဲ့၊ ဖြစ်ဖြစ်ချင်းဆို ပြဿနာမရှိဘူး၊ ခုကျ နှစ်ရက်လောက်ရှိကာမှ သွားပြောတယ်ဆိုတော့ သူ့ဘက်က အသာချည်းပဲ။ အေးဟာ ငါလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ဘူး၊ ခက်တာပဲ…'

www.burmeseclassic.com

www.burmeseclassic.com



ဦးသြဘာ သည်လိုညည်းလိုက်တော့ အားကိုးရာသူ ဒေါ်ပန်းရုံ အဖို့ ဝမ်းနည်းမျက်ရည်ဖြာရုံမှတပါး အခြားမရှိတော့။

'မခက်ပါဘူး အဖေရာ၊ ဒီကိစ္စက လွယ်လွယ်လေးပါ'

'ဟေ…'

'ဟင်'

ငြိမ်ကုပ်ပြီးနားထောင်နေသူ ရွှေရိုး၏ စကားကြောင့် သူကြီး နှင့်ဒေါ်ပန်းရုံခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

'ဘာ… ဘာ မခက်ဘူး ဟုတ်လား'

'ဟုတ်ပါတယ် အဖေရာ၊ ကိုယ်က သူ့ထက်နာတစ်ဖျားမက ဉာဏ်ကစားလိုက်မယ်ဆိုရင် အရီးပန်းရုံရဲ့ မူလလက်ကောက်နှစ်ကွင်း စသုံး ပြန်ရမှာပါ'

'လုပ်စမ်းပါ ရွှေရိုးရယ်၊ အရီးလေ မင်းကို အားကိုးပါတယ် ကွယ်'

'တစ်ခုတော့ ရှိတယ် အရီးလေးရဲ့…

အဲဒါ ဘာလဲဆိုတော့ 'လှေမျောရင် လှေနဲ့လိုက်၊ ငွေမျောရင် ငွေနဲ့လိုက်' ဆိုတဲ့စကားကို ကြားဖူးတယ် မဟုတ်လား'

'ကြားဖူးတယ်… ကြားဖူးတယ်၊ ဒီတော့ ဘာလုပ်ရမလဲ'

'အင်း… ဘာလုပ်ရမလဲဆိုတော့ အဲသည်စကားအတိုင်းပဲ 'ရွှေမျောတော့ ရွှေနဲ့ပဲလိုက်' ရလိမ့်မယ် အရီး'

'အိုကွယ်… အရီးမှာမှ မရှိတဲ့ ဥစ္စာ၊ ရှိတာကလည်း ဟို ကာလိမ်ကကျစ် တရုတ်ကျင်ငွေဆီမှာ'



'မပူနဲ့ အရီး၊ အဖေ့ဆီကို အကူအညီတောင်းရမှာပေါ့၊ ကိုင်း… အဖေ၊ အဖေ အမေ့ကိုဝယ်ပေးထားတဲ့ ရွှေထည်တွေ ခဏ ထုတ်ပေးပါ၊ အဖေ့ရွှေထည်တွေ တစ်ခုမှ အရာမယွင်းစေရဘူး။ များလေ ပိုကောင်းလေနော်'

'နေဦး ရွှေဘီးရယ်၊ လက်ကောက်လေးကွင်းရယ်၊ လက်စွပ် ရယ်၊ ဆွဲကြိုးတစ်ကုံးရယ် ရှိတယ်'

'ဒါဆို အဆင်ပြေပြီ အဖေ၊ ကျုပ်လုပ်မယ့် အစီအစဉ်ကို ပြောပြမယ်၊ အရီးလည်း သေသေချာချာ နားထောင်'

သည်သို့ဆိုရင်း ရွှေရိုးလည်း ၎င်းကြံစည်ထားသမျှ အစီ အစဉ်တို့အား ဖခင်သူကြီးဦးသြဘာနှင့်ဒေါ်ပန်းရုံတို့ကို ခရေစေ့တွင်း ကျပြောပြလေရာ ၎င်းတို့နှစ်ဦးသားမှာ ခေါင်းညိတ်သူက ခေါင်းညိတ်၊ တအင်းအင်း ရွတ်သူကရွတ်ဖြင့် သဘောအကျကြီး ကျနေလေတော့ ၏။

မကြာခင်မှာပင် ဦးသြဘာလည်း လက်ဝတ်ရတနာ ပစ္စည်း ထုပ်အား ရွှေရိုးလက်ထဲသို့ ထည့်လိုက်လေ၏။

'ဟိုရောက်လို့ ကျုပ်နဲ့ တရုတ်ကျင်ငွေတို့ စကားပြောနေတုန်း မှာ အရီးက လက်ကောက်အတုတွေနဲ့ ဝင်လာခဲ့။ အရီးကိစ္စအဆင် ပြေလို့ ပြန်ထွက်သွားပြီးရင် အဖေက ငှက်ကြီးတောင်ဆွဲပြီး အိမ်ပေါ် ကိုတက်လို့ ကျုပ် သင်ပေးတဲ့အတိုင်း ဓားကြိမ်း ကြိမ်းရမနော်'

'ကောင်းပါပြီကွာ'

'သည်တော့ ခု ကျုပ်အရင်သွားနှင့်မယ်၊ အဖေနဲ့အရီးက

www.burmeseclassic.com

www.burmeseclassic.com



လှည်းနဲ့လိုက်ခဲ့၊ တရုတ်ကျောင်ငွေကို့ အိမ်မရောက်ခင် လှည်းရပ်ပေး လိုက်။ အရီးကဆင်းပြီး ဝင်လာနော်၊ အရီး ပြန်ထွက်သွားတော့ အဖေက လှည်းကို ဒုန်းစိုင်းပြီး မောင်းလို့ဝင်လာခဲ့ပါ။

ကိုင်း… သွားပြီဗျို့’

ထိုသို့ အကွက်ကျကျ စီမံပြီးသည့်နောက် ရွှေရိုးလည်း ရွှေထုပ် နှင့်အတူ အိမ်ပေါ်မှဆင်းသွားလေတော့သတည်း။

○ ○ ○

‘ပေးတာက အရေးမကြီးဘူး ကိုကျင်ငွေ
ပစ္စည်းတွေကို
သေသေချာချာ စစ်ဆေးဦး
စိတ်တိုင်းကျမှ… ယူ။
တော်ကြာ… နေဖြူ ဦးဖိုးချမ်း
ရွှေရည်စိမ်တွေနဲ့ မှားရင်
မရှုပ်မရှင်းတွေ ဖြစ်ကုန်ရင်
မကောင်းဘူး’

www.burmeseclassic.com

www.burmeseclassic.com

တရုတ်ကျင်ငွေ၏ လေးပင်အိမ်ကြီးနှင့်ပနံရလှသော ခြံကျယ်ကြီးထဲကိုရောက်တော့ ကလိမ်ကကျစ်တရုတ်ကျင်ငွေသည် ဝရံတာတွင် ရေနွေးကြမ်းတစ်အိုးဖြင့် ပေသီးကို တဂျောက်ဂျောက် ခေါက်နေလေသည်။

'ဗျို့... ကိုကျင်ငွေ၊ ဗျို့... ကိုကျင်ငွေ'

ရွှေရိုးမှ အသံပြုလိုက်တော့ တရုတ်ကျင်ငွေလည်း ခေါက်နေသော ပေသီးကိုရပ်လိုက်ရင်း...

'ဟေ... ဘယ်သူလဲ'

'ကျုပ်... ရွှေရိုးပါဗျ'

'ဩ... ဘယ်သူလဲလို့ သူကြီးဦးဩဘာသား ရွှေရိုးကိုး၊ လာ... လာလေကွာ'

တရုတ်ကျင်ငွေ၏ ဖိတ်ခေါ်မှုဖြင့် ရွှေရိုးလည်း အိမ်ပေါ်သို့ တက်ခဲ့၏။

'ထိုင်ကွာ... ဘာကိစ္စများ ရှိလို့ပါလိမ့်'

'ငွေနည်းနည်းလိုကာနဲ့ အဖေက လွှတ်လို့လာခဲ့တာဗျ'

'ဟ... နေစမ်းပါဦး၊ မင်းက ဘာကြောင့်များ ငွေလိုရတာပါလိမ့်'

www.burmeseclassic.com

www.burmeseclassic.com



'ဟိုဗျာ… အဖေက ကိုဖိုးသန္တာနဲ့ အစ်မငွေမိုးတို့ကို အိမ်ခွဲဆောက်ပေးဖို့ရယ်၊ လယ်ထပ်ဝယ်ဖို့ရယ်အတွက် လွှတ်လိုက်တာဗျ'

'လွှတ်တာကတော့ ဟုတ်ပါပြီ၊ ငါက ဘယ်သူ့ကိုမှ လက်လွှတ်စပယ် ချေးတာမဟုတ်ဘူးနော်'

'သိပါတယ်ဗျ၊ ဟောဒီမှာ… ဟောဒီမှာ'

ထိုသို့ ပြောဆိုရင်း ရွှေရိုးက လက်ထဲမှအထုပ်ကို ဖွင့်ပြသည်။ များစွာသော ရွှေထည်တွေကို မြင်ရတော့ တရုတ်ကျင်ငွေ၏ မျက်နှာမှာ ဝင်းခနဲလက်သွားတော့၏။

'အေး… အတိုးနှုန်းကို သိတယ်နော်'

'သိပါ့ဗျာ… သိပါ့'

'တစ်နှစ်နေလို့မှ အတိုးလည်း မသတ်နိုင်၊ ပြန်လည်းမရွေးရင် အဆုံးပဲနော်'

'အဆုံးမခံပါဘူးဗျာ၊ အတိုးလည်း အတိအကျယူပေါ့'

'ဒါထက် မင်းက ငွေဘယ်လောက် ယူမှာမို့လို့လဲ'

တရုတ်ကျင်ငွေက ရွှေထုပ်ကို လက်ဖြင့်တဆဆလုပ်ရင်း မေးလိုက်လေ၏။

'အဖေက ငါးသိန်း ယူခဲ့တဲ့'

'အေးလေ ပေးရတာပေါ့'

ပစ္စည်းတန်ဖိုးက သည်ပမာဏထက်များလေရကား တရုတ်ကျင်ငွေအတွက် ငွေငါးသိန်းကား ဘာမျှဖြန့်လောက်စရာ မရှိ။

'ပေးတာက အရေးမကြီးဘူး ကိုကျင်ငွေ၊ ပစ္စည်းတွေကို



သေသေချာချာ စစ်ဆေးဦး၊ စိတ်တိုင်းကျမှယူ တော်ကြာနေဖြူဦးဖိုးချမ်း ရွှေရည်စိမ်တွေနဲ့မှားရင် မရှုပ်မရှင်းတွေဖြစ်ကုန်ရင် မကောင်းဘူး'

သည်စကားလုံးက တရုတ်ကျင်ငွေ၏ မျက်နှာအား ကွက်ခနဲပျက်သွားစေခဲ့၏။ ပျက်ဆို ဒေါ်ပန်းရုံကို သူလှည့်စားခဲ့သည် မဟုတ်လော။ သို့ရာတွင် ချက်ချင်းဆိုသလို ဣန္ဒြေကို ပြန်ဆယ်လိုက်သည်။

'ရွှေရိုးရယ် ငါက ဒါမျိုး လုပ်စားနေတဲ့လူပါ၊ ဒါမျိုး လုပ်စားနေတဲ့ လူဆိုတာ နာမည်အပျက်ခံလို့ ဘယ်ဖြစ်ပါ့မလဲကွာ၊ ပြီးတော့ မင်း အခု လာပေါင်တဲ့ပစ္စည်းဆိုတာ သူကြီးရဲ့ပစ္စည်းတွေ ဥစ္စာ'

သည်သို့ ပြောဆိုပြီး လုံခြုံရာနေရာ၌ သိမ်းဆည်းရန် အဝတ်ထုပ်ဖြင့် သေချာကျစ်လစ်စွာ ထုပ်ပိုးလိုက်သည်။ စိတ်ထဲမှာလည်း မည်သို့မည်ပုံ ကလိမ်ကကျစ် လုပ်ရမည်မည်ကို ကြံစည်နေမိသည်။ ထိုအခိုက်…

'ကိုကျင်ငွေ'

အသံက စူးစူးရဲရဲ။

အသံရှင်ကား ဒေါ်ပန်းရုံ ဖြစ်၏။ အသံနှင့်အတူ အိမ်ပေါ်တက်လာသော ဒေါ်ပန်းရုံကို မြင်လိုက်ရသည့် တဒင်္ဂ တရုတ်ကျင်ငွေသည် မျက်စိမျက်နှာပျက်ကာ တွန့်ခနဲ ဖြစ်သွားလေ၏။ ရင်အစုံလည်း ဘုန်းဒိုင်းလှုပ်ခုန်လျက်။ စိတ်ထဲမှာလည်း…

'ဒီမိန်းမကြီးနဲ့တော့ ပြဿနာပဲ၊ သူ့ရဲ့ ရွှေအစစ်လက်

www.burmeseclassic.com

www.burmeseclassic.com



ကောက်တွေ ငါလဲထားတာကို ပွစိပွစိလုပ်ရင် ရွှေရိုးတော့ ငါ့အပေါ် မယုံသင်္ကာဖြစ်ပြီး သူလာပေါင်တဲ့ ရွှေထည်တွေ ပြန်ယူသွားရင် ဂျောက်ပဲ။ သည်တော့ ထောင်မြင်ရင် ရာကိုစွန့်ရမယ်ဆိုသလို ငါကပဲ ဒီမိန်းမကြီး ဘာတစ်ခွန်းမှ စကားမဟနိုင်အောင် လုပ်မှဖြစ်တော့မယ်'

ဟူ၍ တွေးလိုက်ရင်း…

'ဩော်… ဘယ်သူများလဲလို့ ဒေါ်ပန်းရုံကြီးပဲ၊ အိမ်ပေါ် တက်ခဲ့လေဗျာ၊ တက်ခဲ့… တက်ခဲ့'

ဟူ၍ ပြောလိုက်၏။ ဒေါ်ပန်းရုံ အိမ်ပေါ်သို့ ရောက်သည် ရှိသော်။

'ဒေါ်ပန်းရုံကလည်းဗျာ၊ ကျုပ်ဆီပစ္စည်းတွေ လာပေါင် ထားပြီးတော့ ပြန်ရွေးတဲ့အခါ ကျုပ်ကလည်း အမှုမဲ့အမှတ်မဲ့ဆိုပြီး အလွယ်ပေးလိုက်မိတယ်၊ အလုပ်ကလည်း များနေတာကိုးဗျ ဟဲ… ဟဲ၊ ဖြစ်ချင်တော့ သည်မနက်ကမှပဲ ကျုပ်မိန်းမက ပစ္စည်းမှားနေတဲ့ အကြောင်းပြောတာနဲ့ အတော်ကလေး စိတ်မကောင်းဘူး ဖြစ်သွား တယ် ဗျာ။

ဒီလို ရွှေရိုးရဲ့၊ ငါတို့ အလုပ်ဆိုတာ သိတယ်မဟုတ်လား၊ သူခိုးဓားပြရန်က ကြောက်ရတယ်ဆိုတော့ ရွှေရည်စိမ်အတုတွေကို ပုံမှားရိုက်ဖို့ ဆောင်ထားရတယ်။ အဲ… ဖြစ်ချင်တော့ ဒေါ်ပန်းရုံကြီးကို ပစ္စည်းမှားပြီး ပေးလိုက်မိတယ်။ ကဲ… ကဲ ခင်ဗျား ပါလာတာပြန် ပေး။ ခင်ဗျားရဲ့ ပစ္စည်းအစစ်ကို ပြန်ပေးလိုက်မယ်။ သေသေချာချာ လည်း စစ်ကြည့်ဦးနော်'



ပြောပြောဆိုဆိုနှင့် အခန်းတွင်းသို့ ဝင်သွားခဲ့၏။ သိပ်မကြာ ခင်မှာပင် လက်ကောက်နှစ်ကွင်းကိုကိုင်ကာ ပြန်ထွက်လာလေသည်။

'ကိုင်း… ရော့ စစ်ကြည့်ဦးနော်'

ဒေါ်ပန်းရုံလည်း လက်ထဲရောက်လာသော လက်ကောက်နှစ် ကွင်းကို သေချာစွာ စစ်ဆေးကြည့်ရှုလိုက်သည်။

'ဟုတ်တယ်… ဟုတ်တယ်၊ အစစ်ပဲ၊ တံစဉ်ရှရာလေးတွေ ပါတယ်၊ ကိုင်း… သွားမယ် ကိုကျင်ငွေ'

'ဟုတ်ကဲ့ဗျာ… ဟုတ်ကဲ့၊ အလုပ်များ အကိုင်များတာလေး တွေအတွက် စိတ်ထဲဗွေမယူပါနဲ့ဗျာ၊ တကယ်လို့ ဒေါ်ပန်းရုံသာ ခုလို ရောက်မလာရင် တော်လေးကြာကျ ကျုပ်ကိုယ်တိုင် လာပေးမလို့ဗျ'

တရုတ်ကျင်ငွေကား လွန်စွာမှ လိမ္မာပါးနပ်လှပါဘိ။ ရွှေရိုး စိတ်ထဲမှာတော့ ကျိတ်ပြုံးကလေး ပြုံးလိုက်မိပါသေး။

'ပစ္စည်းမသိမ်းနဲ့ဦးလေဗျာ၊ တိတိကျကျ ရှိရလေအောင် ချိန်တွယ်စရာရှိတာ ချိန်တွယ်လေဗျာ'

'အေးလေ ဟုတ်သားပဲ'

တရုတ်ကျင်ငွေအဖို့ ထောင်မြင်လျှင် ရာစွန့်ရမည်ဆိုသည့် အတိုင်း ဒေါ်ပန်းရုံထံမှ လွတ်သွားသော အကျိုးအမြတ်အား ရွှေရိုးထံမှ စားရမည်ဟူသော တွက်ကိန်းဖြင့် ဒေါ်ပန်းရုံကိစ္စအား မေ့ထားလိုက် လေ၏။ ဒေါ်ပန်းရုံ အိမ်ပေါ်မှ ပြန်ဆင်းအသွားမှာတော့ တရုတ်ကျင်ငွေ လည်း ရွှေရိုး၏ ရွှေထည်ပစ္စည်းများအား ချိန်တွယ်ရန် ရွှေချိန်သည့် ချိန်ခွင်ငယ်ကလေးအား ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် နွားခလောက်သံ ဖြောင်းဆန်အောင်ညံလျက် လှည်းတစ်စီးသည် တရုတ်ကျင်ငွေ၏ ခြံဝိုင်းအတွင်းသို့ ဒုန်းစိုင်း ဝင်လာခဲ့လေ၏။

အိမ်ရှေ့မလှမ်းမကမ်းသို့ ရောက်လေသော် လှည်းသည် တုံ့ခနဲ ရပ်သွားပြီး လှည်းပေါ်မှလူတစ်ဦး ခုန်ဆင်းလေ၏။ ထိုသူ၏ လက်ထဲ မှာတော့ ငှက်ကြီးတောင်ဓားတစ်လက်။

'ဟင်… သ… သ… သူကြီးပါလား'

တရုတ်ကျင်ငွေ၏ တအံ့တဩဖြစ်မှု မဆုံးခင်မှာပင် သူကြီး ဦးဩဘာသည် အိမ်ပေါ်သို့ ခုန်တက်လိုက်ပြီး သားဖြစ်သူ ရွှေရိုးကို စူးစူးဝါးဝါး ကြည့်လိုက်ပြီး။

'တောက်! ခွေးမသား ရွှေရိုး၊ ထွက်ပြေးမယ် မကြံနဲ့နော်၊ ဟောဒီမှာ တွေ့တယ်မဟုတ်လား ငှက်ကြီးတောင်၊ အသေပိုင်း ပစ်လိုက်မယ်'

'မ… မ… မလုပ်ပါနဲ့ အဖေရယ်၊ ကျုပ် ရှိကြီးခိုးပါတယ် ဗျာ'

ဒေါသူပုန်ထနေသော သူကြီးရှေ့မှောက်မှာတော့ ရွှေရိုး၏ အဖြစ်က သနားစရာ။ တရုတ်ကျင်ငွေမှာလည်း ဘာလုပ်လို့ ဘာကိုင်ရ မှန်းမသိ။ သည်သားအဖ ဘာတွေများ ပြဿနာတက်နေကြပါလိမ့်။

'ဟေ့ကောင်… ရွှေရိုး၊ ဘာမှ ရိုခိုးမနေနဲ့၊ လောကမှာ 'ကျွန်ယုံတော့ တစ်ဖက်ကန်း၊ သားသမီးယုံတော့ စုံလုံးကန်း' ဆိုတာ သိပ်မှန်တဲ့ စကားပဲ' မင်းက မင်းအမေ မသိအောင် သေတ္တာထဲက



ရွှေတွေခိုးပြီး အလေနတ်တောလိုက်ဖို့ရာ ကျင်ငွေဆီ ရွှေတွေလာပေါင် တယ်ပေါ့ ဟုတ်လား။

မင်းဟာ… ရွှေရိုး မဟုတ်တော့ဘူး၊ ရွှေသူခိုး ဖြစ်သွားပြီ၊ ဟေ့ကောင်… ကျင်ငွေ'

'ဗျာ… ပြောပါ သူကြီး'

'ဒီကောင် မင်းဆီ ရွှေတွေလာပေါင်တယ် မဟုတ်လား'

'ဟုတ်… ဟုတ်'

'ဒါဆို အမှုတွဲထဲမှာ မင်းလည်း သူခိုးလက်ခံဖြစ်သွားပြီ'

'ဒီ… ဒီလိုတော့ မရက်စက်လိုက်ပါနဲ့ သူကြီးရယ်၊ ကိုယ့်ရပ် သူ ကိုယ့်ရပ်သားတွေပဲဥစ္စာ၊ ကျုပ်လည်း ဒီလောက်အများကြီး လာ ပေါင်တော့ စိတ်ထဲမှာ သိပ်မသင်္ကာတာနဲ့၊ ပြီးတော့ သူကြီး လိုက် လာမယ်အထင်နဲ့ အချိန်တွေ ဆွဲနေတာပါ'

'အို… ဒါတွေ မကြားချင်ဘူးကွာ၊ ဘယ်မလဲ ငါ့ရွှေတွေ ပေး'

'ယူ… ယူပါသူကြီး ရော့… ရော့'

'ဟေ့ကောင်… အကုန်ပြည့်တယ်နော်၊ တစ်ခုတလေလျော့ နေလို့ကတော့ မိုးမီးလောင်သွားမယ်'

'ပြည့်ပါတယ် သူကြီးရယ်၊ ပြည့်ပါတယ်၊ စိတ်ချ'

သူကြီးဦးဩဘာလည်း လျင်မြန်သွက်လက်စွာဖြင့် ရွှေထုပ်ကို ကောက်ယူလိုက်လေ၏။ ထို့နောက်…

'ဟေ့ကောင်… ရွှေခိုးတဲ့ ရွှေရိုး၊ မင်း ငါနဲ့တစ်ခါတည်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုလိုက်ခဲ့၊ သားသမီးအရင်းချာသောဘာသော နားမလည်ဘူး၊ မင်းကို ထိပ်တုံးခတ်ပြီး အစာင်တ်ရေငတ် တစ်ရက်တိတိထားမယ်၊ ကိုင်း… လာ'

သူကြီး၏ ဓားမိုးကာ ကြိမ်းမောင်းမှုအောက်၌ ရွှေရိုးလည်း မျက်နှာသေလေးဖြင့် လိုက်ပါသွားရလေ၏။ ထို့နောက် နှစ်ယောက်သား လှည်းပေါ်သို့ရောက်သည်နှင့် ဒုံးစိုင်းကာ မောင်းချသွားလေတော့၏။

တရုတ်ကျင်ငွေတစ်ယောက် စားရခါနီးမှ ပုတ်ချခံလိုက်ရသူပမာ မချင့်မရဲဖြစ်လျက် ဖင်ဆောင့်ကာ မှိုင်တွေနေသလောက်။

လမ်းခွတ်လတ်သို့ ရောက်နေပြီဖြစ်သော လှည်းပေါ်က ရွှေရိုးနှင့်သူကြီးဦးသြဘာတို့ သားအဖနှစ်ယောက်မှာမူ သဏ္ဌာန်လုပ်သရုပ်တူအောင် ကပြခဲ့သောဇာတ်ကွက်ကို ပြန်ပြောင်းပြောဆိုရင်း တဟီးဟီး… တဟားဟား။

✿ ✿ ✿

'ဟင်း… ဟင်း… ဟင်း
ဒီလိုနည်းနဲ့ ဆင်ပေါက်ကို
လှည့်စားလို့ ရမယ်များ မှတ်နေသလား။
ဟော့ကောင်တွေ
သူတို့ ကိုယ်မှာဝတ်ထားတဲ့
ဆွဲကြိုးတွေ၊ လက်ကောက်ငွေ၊ လက်စွပ်တွေ
နားကပ်တွေကို ယူကြကွာ'

www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟုဆိုကြ၏။ သည်စကားကို တရုတ်ကျင်ငွေ လွန်စွာမှ သဘောကျ၏။ သဘောကျသည့်အလျောက် မိန်းမဖြစ်သူ ဒေါ်မခွေးကို ဖွင့်ပြောပြ၏။

'မခွေးရေ… ငါတို့တော့ သည်ဘုဂလန့်ရွာမှာ ဆက်နေလို့ အကျိုးမရှိနိုင်ဘူးလို့ ထင်တယ်'

'ဘာဖြစ်လို့လဲ ကိုကျင်ငွေရယ်'

'ဘာဖြစ်ရမှာလဲ ခုဆိုရင် ဘုဂလန့်တစ်ရွာလုံးမှာ ငါ ဒေါ်ပန်းရုံကြီးကို ရွှေလိမ်တဲ့သတင်းက ပျံ့နေပြီ၊ သည်တော့ ငါ့ကို အယုံအကြည်မရှိကြတော့ဘူး၊ လာလည်းမပေါင်ကြတော့ဘူး။

ဝက်မွေးတယ်ဆိုတဲ့နေရာမှာလည်း တစ်လောက ဝက်နာကျ သိုက်တာ တက်တက်ကိုပြောင်မတတ်ဘဲ၊ ဒီတော့ကွာ တစ်နယ် တစ်ကျေးကိုပြောင်းပြီး အပေါင်ဆိုင်ဖွင့်ရင် ကောင်းမလားလို့'

လင်ဖြစ်သူ၏စကားကို မယားဖြစ်သူကလည်း မပယ်ရှား။ ရေ့သွားနောက်လိုက် ညီလွန်းလှပါဘိ။

'ဒါဆိုလည်း ကိုကျင်ငွေ့ သဘောပဲလေ၊ ကျုပ်က တော့်ကိုမှ

www.burmeseclassic.com

www.burmeseclassic.com



ခိုအားထားနေရတဲ့သူဆိုတော့ ဝက်သိုးကြီးသွားရာ ဝက်မလိုက်သလိုပဲ လိုက်ရတော့မှာပေါ့'

သည်လိုမျိုး အပေးအယူ မျှတညီတူလေသော လင်မယား နှစ်ယောက် အိမ်တံခါးပိတ် ဝင်းခြံတံခါးသော့ခတ်ကာ အထုပ်အထည်ကလေးများ ထုပ်ပိုးရင်း ဘုဂလန့်ရွာကို ကျောခိုင်းလိုက်လေတော့၏။

ပြောင်းမည့်ပြောင်းဖြစ်တော့လည်း မကြာခဏ ဓားပြတိုက်ခံရလေ့ရှိသော ဓားပြခေါင်းဆောင် ဆင်ပေါက်၏နယ်မြေ ဖြစ်နေလေတော့သတည်း။

ဓားပြခေါင်းဆောင်ဆင်ပေါက်ကား သည်နယ်တစ်ကြောမှာတော့ နာမည်ကြီး။ တပည့်အင်အား တောင့်တင်းသလို ဘယ်က ဘယ်လို ဖန်တီးခဲ့လေသည်မသိ။ လုပ်သေနတ်တွေကလည်း အပြည့်အစုံ။ ဓားပြတိုက်တော့မည်ဆိုလျှင် ရွှေငွေအထုပ်အထည် ပြည့်စုံချမ်းသာသူတွေကို အသေအချာ လေ့လာစုံစမ်းပြီးမှ တိုက်သည်။ ဓားပြတိုက်ပြီးပြီဆိုလျှင် မည်သူမည်ဝါမှ ခြေရာခံ၍မမိနိုင်အောင် ရှောင်တိမ်းတတ်လေရာ သက်ဆိုင်ရာမှ ဖမ်းဆီး၍ မမိနိုင်အောင် ရှိရလေသည်။

သည်နယ်နှင့် ဆက်စပ်နေသည်ကား ခနေဖြူဆိုသော မြို့ပေတည်း။

ခနေဖြူသည် ဧရာဝတီမြစ်ကို မေးတင်လျက် သာယာကြည်နူးဖွယ်ကောင်းသော မြို့တစ်မြို့ ဖြစ်၏။ ကျိုက်ကလွန့်ဗွန်းစေတီတော်ဖြင့်



သာသနာ့အရောင် တောက်ပသကဲ့သို့ စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးရာမြို့အဖြစ်လည်း ထင်ရှား၏။ ထို့ပြင်တစ်ဝ ရွှေရည်ကိုအာမခံဖြင့်စိမ်ရာ၌ နာမည်ကြီးသော မြို့လည်းဖြစ်ပြန်၏။ ရွှေရည်စိမ်ဆရာကြီး ခနေဖြူ ဦးဖိုးချမ်းဆိုလျှင် တကယ့်ကို နာမည်ကျော်။ သည့်အတွက် ငွေကြေးချမ်းသာသူတို့အနေဖြင့် သူခိုးဓားပြတို့ကို လှည့်စားရန် ဦးဖိုးချမ်းရွှေထည်များကို ဝယ်ယူလေ့ရှိကြ၏။

ဦးဖိုးချမ်းရွှေထည်များမှာလည်း လက်ရာမြောက်သကဲ့သို့ ရွှေအရည်အသွေးမှာလည်း တကယ့်အစစ်နှင့်မခြား စံချိန်မှီလှ၏။ နှစ်နှစ်၊ သုံးနှစ်မက အာမခံ၏။ သည့်အတွက် သူခိုးဓားပြရန်ကြောက်သော ငွေကြေးချမ်းသာသူတို့မှာ တကယ့်ရွှေထည်အစစ်အမှန်များကို ခေါင်းအုံးထဲမှာသော်လည်းကောင်း၊ ဆန်အိုးတွင်းမှာသော်လည်းကောင်း၊ အိမ်တိုင်အခေါင်းပေါက်တွင်းမှာသော်လည်းကောင်း သိုဝှက်ထားကြပြီး ဦးဖိုးချမ်းရွှေများကိုမူ သေတ္တာတွင်း ဗီရိုအတွင်း၌ အခန့်သားထားတတ်ကြလေသည်။

တစ်ညသ၌ အဆိုပါရွာရှိ အပျိုကြီးဒေါ်မြမြလှိုင်တို့အိမ်သို့ ဓားပြခေါင်းဆောင်ဆင်ပေါက်နှင့်အဖွဲ့သည် ဝင်၍တိုက်ကြ၏။ ပတ်ဝန်းကျင်အရိပ်အခြည်ကိုကြည့်ရန် တစ်ယောက်က လမ်းမမှောင်ရိပ်တွင် စောင့်ပြီး ကျန်သူတွေက အိမ်ပေါ်သို့တက်ကာ လက်နက်ပြပြီး ခြိမ်းခြောက်လေ၏။

'အော်မယ် မကြံနဲ့နော်၊ ဟောဒီ သေနတ်ထဲက ကျည်ဆန်တွေ ပါးစပ်ထဲကို အတွဲလိုက်ဝင်သွားမယ်၊ ဘာမှတ်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မ··· မ··· မအော်ရဲပါဘူးတော်'

'ကဲဟော့··· ဒီမိန်းမကြီးနဲ့ အိမ်သားတွေအားလုံး ကြမ်းပြင်မှာ မှောက်ထားနိုင်း၊ ပြီးရင် အပေါ်ကနေ စောင်တွေခြင်ထောင်တွေ အုပ်ထားလိုက်ကြ'

'ဟုတ်'

သည်သို့ စနစ်တကျ စီမံခန့်ခွဲပြီး လူခွဲကာ မွှေနှောက်ရှာဖွေလေသောအခါ သေတ္တာတစ်လုံးကို တွေ့ရ၏။ သော့ခလောက်က ခတ်လျက်သား။

'ဟော့ကောင်တွေ သော့တံတောင်းမနေနဲ့ အရစ်ရှည်တယ်၊ ပါလာတဲ့သံတူရွင်းနဲ့ သေတ္တာကို ကလန့်ပြီးဖွင့်ကွာ'

'ဟုတ်'

ခေါင်းဆောင်ဆင်ပေါက်၏ အမိန့်အတိုင်း တပည့်ဖြစ်သူက သံတူရွင်းဖြင့်ကလန့်၍ ဖွင့်လိုက်သည်ရှိသော သေတ္တာသည် ဝုန်းခနဲ ပွင့်သွားလေ၏။

သေတ္တာအတွင်းမှာတော့ ငွေသားအနည်းငယ်နှင့်ရွှေထည်ပစ္စည်းများ။

ခန့်မှန်းခြေအားဖြင့် တစ်ဆယ်သားမက ရှိပေလိမ့်မည်။

'ဟေ့··· လွယ်အိတ်ထဲကို အကုန်ထည့် ပြီးရင် တစ်ယောက်ချင်း ထွက်ကြ'

ငယ်သားတွေ တစ်ယောက်ပြီးတစ်ယောက် အိမ်ပေါ်မှဆင်းစေပြီး ခေါင်းဆောင်ဆင်ပေါက်က နောက်ဆုံးမှနေသည်။



'ကိုင်း··· အော်ရဲတဲ့သူ အော်ကြည့်၊ ငါတို့နောက် လိုက်ရဲတဲ့သူ လိုက်ကြည့်၊ ဟောဒီလို သေနတ်စာမိသွားမယ်'

'ဒိုင်း'

သေနတ်သံတစ်ချက် ပေါ်ထွက်အပြီးမှာတော့ ဓားပြတွေ အလျိုလျိုကွယ်ပျောက်သွားကြသည်။ သူတို့မှာက လူကိုသေစေနိုင်သော လက်နက်တွေက အပြည့်အစုံဆိုတော့ ဘယ်ရွာသူရွာသားတွေမှ မလိုက်ရဲကြ။

ဓားပြတွေ အတော်ဝေးဝေးရောက်တော့မှပင် အိမ်နီးချင်းပတ်ဝန်းကျင်မှ သတင်းမေးရန် အပျိုကြီးဒေါ်မြမြလှိုင်တို့ထံ ရောက်လာကြသည်။

သတင်းမေးသူတို့အဖို့ တအံ့တသြ။

ဘာကြောင့်ဆို ဓားပြအတိုက်ခံရသော်ငြား ဝမ်းနည်းပူဆွေးရိပ်မပြဘဲ၊ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသည်ကို တွေ့နေရသောကြောင့်ပါပေ။

'ဓားပြတွေဆီပါသွားတဲ့ ရွှေထည်တွေက အစစ်တွေမှ မဟုတ်ဘဲ၊ သုံးနှစ်အာမခံ ဦးဖိုးချမ်းရွှေတွေပဲ ဥစ္စာ'

'ဒါဆို ဓားပြဆင်ပေါက်တို့အဖွဲ့ ခံလိုက်ရပြီပေါ့'

'ခံလိုက်ရတာ အရေးမကြီးဘူး၊ အခဲမကြေဖြစ်ပြီး ပြဿနာပြန်ရှာရင် မလွယ်ဘူးနော်'

သည်တော့ အပျိုကြီးဒေါ်မြမြလှိုင်လည်း ရွာ၌မနေရဲတော့ဘဲ ခနဲ့မြို့သို့သာ ပြောင်းရွှေ့သွားရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားပြခေါင်းဆောင်ဆင်ပေါက်အဖို့ မှန်းချက်နှင့်နှမ်းထွက် မကိုက်ရုံမက လှည့်စားခြင်းခံလိုက်ရသည့်အတွက် စိတ်ထဲ၌ တနုံ့နုံ့ နေအောင် ခံစားနေရလေ၏။

'ဓားပြတိုက်ခံရတဲ့ လူတွေကို လျှော့တွက်လို့ မရတော့ဘူးကွ၊ သင်းတို့လည်း လူလည်ပန်ကာတွေ ဖြစ်ကုန်ကြပြီ။ သည်တစ်ခါတော့ သေတ္တာထဲ တရိုတသေသိမ်းထားတဲ့ ဦးဖိုးချမ်းတွေကို ရှောင်မှ၊ သင်းတို့ ကိုယ်မှာ ဝတ်ထားတာတွေ တခြားသိမ်းထားတာတွေကို တိုက်မှဖြစ်မယ်'

'ဟုတ်ကဲ့ ဆရာကြီး'

သို့ဖြင့် ရက်အနည်းငယ်ကြာတော့ ဆင်ပေါက်တို့အဖွဲ့ သာယာကုန်းရွာရှိ လယ်ပိုင်ရှင်ဦးတက်တူ၏ အိမ်သို့ ဓားပြဝင်တိုက်ကြပြန်၏။

ထုံးစံအတိုင်း အဖွဲ့သားတို့အား တာဝန်ကိုယ်စီချထားကာ လက်နက်ကိုယ်စီဖြင့် အိမ်ထဲသို့ဝင်ကြ၏။ ဦးတက်တူတို့ မိသားစုမှာလည်း ဆင်ပေါက်တို့၏လက်မှ သေနတ်များကြောင့် တုတ်တုတ်မျှ မလှုပ်ရဲကြ။

'ဟေ့… အားလုံးကိုပေါင်းပြီး ကြိုးတုပ်ထားလိုက်ကြ'

'ဟုတ်'

ယင်းသားလည်း ဦးတက်တူနှင့်တကွ အိမ်သားများအားလုံးကို တစ်စုတည်း ကြိုးများဖြင့် ရစ်ပတ်တုပ်နှောင်လိုက်လေ၏။ ထို့နောက် အိမ်ထဲအနှံ့ရှာဖွေကြလေသော် သေတ္တာတစ်လုံးကို တွေ့ရ၏။ တူရွင်း



ဖြင့်ကော်၍ ဖွင့်လေသော် ရွှေနှစ်ဆယ်သားခန့်နှင့်ငွေသားအချို့ကို တွေ့ရပေရာ ရွှေတို့ကိုလုံးဝမထိတွေ့ဘဲ ငွေသားတို့ကိုသာ ယူလေ၏။

'ဟင်း… ဟင်း… ဟင်း ဒီလိုနည်းနဲ့ ဆင်ပေါက်ကို လှည့်စားလို့ ရမယ်များ မှတ်နေသလား၊ ဟေ့ကောင်တွေ… သူတို့ ကိုယ်မှာဝတ်ထားတဲ့ ဆွဲကြိုးတွေ၊ လက်ကောက်တွေ၊ လက်စွပ်တွေ နားကပ်တွေကို ယူကြကွာ'

'ဟုတ်'

တပည့်အပေါင်းတို့လည်း ဆရာမှာသည့်အတိုင်း ဦးတက်တူတို့ မိသားစုဝတ်ဆင်ထားသော ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ နားကပ်တို့အား တစ်ခုမကျန် ဖြုတ်ယူကြလေ၏။

'ကိုင်း… အော်ရဲတဲ့သူ အော်ကြည့်၊ လိုက်ရဲတဲ့သူ လိုက်ကြည့်၊ အော်တဲ့သူ လိုက်တဲ့သူမှန်သမျှ မသာပေါ်သွားမယ်'

'ဒိုင်း'

ထုံးစံအတိုင်း သေနတ်ကို မိုးပေါ်ထောင်ဖောက်လျက် အဖွဲ့သားများလည်း ညအမှောင်၌ ကိုယ်ယောင်ဖျောက် သွားကြလေသတည်း။

နောက်နေ့ မနက်ရောက်တော့ ဦးတက်တူတို့မိသားစုမှာ လယ်များအား လူငှားချခဲ့၍ အိမ်တံခါး၊ ခြံတံခါးပိတ်ကာ မြို့ကိုပြောင်းသွားကြလေ၏။ မပြောင်း၍လည်းမဖြစ်၊ ညတုန်းက ဆင်ပေါက်တို့ အဖွဲ့ ဖြုတ်ယူသွားကြသည့် လက်ဝတ်လက်စားတို့မှာ ရွှေအစစ်မဟုတ် ဦးဖိုးချမ်းသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်အစစ်အမှန်ကား ၄င်းတို့ ယူငင်မသွားဘဲ သေတ္တာအတွင်း ချန်ထားခဲ့သည့် ရွှေများသာပင်။

သည်သို့ ဖြစ်ရခြင်းမှာလည်း ဦးတက်တူအဖို့ ဓားပြတိုက်ခံရသော ဒေါ်မြမြလှိုင်အကြောင်း ကြားဖူးနားဝရှိထားခြင်းကြောင့်ပဲ ဖြစ်သည်။

ဒေါ်မြမြလှိုင်တို့အိမ် ဓားပြတိုက်စဉ်က သေတ္တာထဲ ရွှေအတုများရရှိသွားသော ဓားပြဆင်ပေါက်သည် နောက်တစ်ကြိမ်ဓားပြတိုက်သော် သေတ္တာထဲမှရွှေများအား အစစ်ဟုမှတ်ယူခြင်း မပြုဘဲ ပကတိဝတ်ဆင်ထားသော ရွှေများကိုသာ အစစ်ဟုထင်မှတ်စရာရှိကြောင်း တွေးတောမိပြီး ရွှေထည်အစစ်များအား သေတ္တာထဲထည့်သွင်းပြီး ဦးဖိုးချမ်းအထည်များကိုသာ ကိုယ်မှာဝတ်ဆင်ထားသည့်အတွက် ဓားပြဆင်ပေါက်တို့ လှည့်စားမှုခံရခြင်း ဖြစ်လေသည်တကား။

✿ ✿ ✿

သည်ရပ်သည်ရွာကလေးကို ပြောင်းလာတော့လည်း ဟန်အကျသား။

ဝက်မွေးမြူရေးနှင့်တွဲဖက်လျက် ရွှေထည်နှင့်တကွ အခြားအခြားသော အိုး၊ ပန်းကန်၊ ခွက်ယောက်အဆုံး အပေါင်ခံလေသည့်အတွက် အတော်ကလေး အလုပ်ဖြစ်လာ၍ တရုတ်ကျင်ငွေခမျာ ပီတိတွေ ဖြာနေခဲ့လေသည်။



'ငါ အစကပြောတာ ခုမှန်နေပြီ မဟုတ်လား မခွေး၊ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုတာလေ'

'ဟုတ်ပါ့ ကိုကျင်ငွေရယ်၊ ဟုတ်ပ'

လင်မယားနှစ်ယောက် စီးပွားလမ်းပွင့်နေသည့်အတွက် အတိုင်အဖောက်ညီစွာ ပျော်တပြုံးပြုံး ဖြစ်နေကြလေသည်။

'တို့များ ဒီမှာ အခြေတကျဖြစ်ပြီဆိုရင် ဘုဂလန့်ရွာက အိမ်နဲ့ခြံဝိုင်းကို အပြတ်ရောင်းပစ်မယ်ကွာ၊ အဲသည်မှာ ပြန်ပြီးခြေချဖို့ လုံးဝကို စိတ်ကူးမရှိတော့ဘူး'

'ကျုပ်လည်း တော့်လိုပါပဲ ကိုကျင်ငွေရယ်၊ ကိုယ့်ဇာတိချက်မြုပ်ရွာမို့သာ နေ နေခဲ့ရတာ၊ ဘာမှ နေလို့ထိုင်လို့ လုပ်ကိုင်လို့ကောင်းတဲ့အရပ်ဒေသ မဟုတ်ဘူး၊ အခု ဒီကို ရောက်ခါမှ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ရတာ'

အမှန်တကယ်လည်း သည်ရပ်သည်ရွာ ရောက်လာကာမှ စီးပွားလမ်းက ပိုဖြောင့်လာသည်ဟု ဆိုရမည်။ တရုတ်ကျင်ငွေက စီးပွားရေးဘက်၌ များစွာလည်လှသည်။ မိန်းမဖြစ်သူ ဒေါ်မခွေးကလည်း စီးတဲ့ရေဆည်တဲ့ကန်သင်းပမာ မောင်တစ်ထမ်းမယ်တစ်ရွက် ညီလှသည်။ ခြံထဲ၌ မွေးထားသောဝက်တွေကို သူမဖာသာပဲ အချိန်မှန်အစာကျွေးသည်။ သန့်ရှင်းရေးလုပ်သည်။ အစာကျိုသည်။ သည်ကြားထဲ မြို့ဈေးမှ အဝတ်အထည်များကို ဖောက်သည်ဈေးဖြင့်ဝယ်ကာ ရွာ၌ နေ့သွင်း၊ လပေးသဘောမျိုးဖြင့် အမြတ်ကျန်အောင် ဈေးတင်ရောင်းချသည်။ ငွေကြေးဖြင့် မဝယ်နိုင်ပါက စပါးနှင့်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ဆန်နှင့်သော်လည်းကောင်း၊ ပဲနှင့်သော်လည်းကောင်း လဲလှယ်နိုင်သေး၏။ သည်လိုမျိုး ပစ္စည်းနှင့်လဲလှယ်ခြင်း၊ ဖလှယ်ခြင်းက ပို၍တွက်သားကိုက်သည်ပဲ။

သည်လိုနှင့်ပင် တရုတ်ကျင်ငွေတို့ လင်မယားမှ တစ်စထက်တစ်စ စီးပွားတက်ကာ အိမ်ကြီးအိမ်ကောင်းဖြင့် နေနိုင်လာခဲ့ပေပြီ။

တစ်ရွာပြီးတစ်ရွာ ရွာချင်းမထပ်စေရဘဲ ဓားပြတိုက်စားနေခဲ့သော ဆင်ပေါက်အဖို့ရာ သည်တစ်ခေါက်ဓားပြတိုက်ဖို့ရာအတွက် ရွာစဉ်လှည့်ပြီး လေ့လာကြည့်တော့ သည်ရွာက တရုတ်ကျင်ငွေတို့အိမ်ကို သဘောကျသည်။

တစ်အချက်၊ ထိုအိမ်၌ ဟောင်မည့်ခွေး လုံးဝမရှိ။

နှစ်အချက်၊ လင်ကိုယ်မယား နှစ်ယောက်တည်းသာရှိပြီး အော်ဟစ်ငိုယိုမည့် ကလေးသူငယ်မရှိ။

သုံးအချက်၊ မည်သည့်အလုပ်သမား လူပိုမျှ ခေါ်ထားခြင်းမရှိ။

လေးအချက် အိမ်က ရွာအစွန်တွင်ရှိပြီး တစ်စုံတစ်ခုဖြစ်ပေါ်ပါက တစ်ဖက်တောအုပ်အတွင်းသို့ အလွယ်တကူ ထွက်ပြေးလွတ်မြောက်နိုင်၏။

သည့်အတွက် တရုတ်ကျင်ငွေတို့ အိမ်ကို သဘောကျခြင်းဖြစ်၏။ ပြီးတော့ ရွှေထည်များ အပေါင်ခံသည့်အပြင် ဝက်မွေးမြူရေးကလည်း အောင်မြင်သဖြင့် ဓားပြဝင်တိုက်ပါက ရွှေတွေလည်းရနိုင်သလို ငွေကြေးတွေလည်း ရမှာအသေအချာ။



သည်တော့ တပည့်များနှင့်တိုင်ပင်ကာ တရုတ်ကျင်ငွေတို့အိမ်ကို ဓားပြတိုက်ဖို့ ရက်ရွေးလိုက်သည်။

တိုက်မည့်နေ့ရောက်တော့ ထုံးစံအတိုင်း ရွာတော်ရှင်ကိုလည်းကောင်း၊ ကွင်းပိုင်ကိုလည်းကောင်း ပူဇော်ပသသည်။

○ ○ ○

လမိုက်ညမို့ တရုတ်ကျင်ငွေတို့ ရွာကလေးသည် အမှောင်ထုအောက်ဝယ် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျေးလက်တောရွာသဘာဝ ညဦးအနည်းငယ်နက်လျှင် နောက်တစ်နေ့ လုပ်ငန်းခွင်ဝင်နိုင်ဖို့အရေး အင်အားများပြန်လည်ဖြည့်တင်းသည့်အနေဖြင့် တစ်ရွာလုံးလိုလို အိပ်စက်အနားယူကြပေပြီ။

ကောင်းကင်မှာတော့ လရောင်ဆိတ်သုဉ်းလျက် ကြယ်ပြာကလေးတွေသာ မှုန်မှုန်စိပ်စိပ် ရိပ်ရိပ်ရေးရေးဖြင့် အင်အားရှိသမျှ လင်းနေပေ၏။

သည်လိုမျိုး အချိန်ကောင်းအခါကောင်းတွင် ဓားပြခေါင်းဆောင် ဆင်ပေါက်နှင့် နောက်လိုက်ငယ်သားတပည့်များသည် လက်နက်ကိုယ်စီဖြင့် တရုတ်ကျင်ငွေတို့အိမ်ကို ဝိုင်းထားလိုက်ပေပြီ။

'ဟော့… တံခါးဖွင့်… တံခါးဖွင့်'

ဓားပြခေါင်းဆောင် ဆင်ပေါက်၏အသံ။

'ဘယ်သူတွေလဲ အချိန်မဟုတ် အခါမဟုတ်'

'ဟော့ကောင်… စကားမရှည်နဲ့၊ ဖွင့်ပေးရင် အသက်ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်၊ မဖွင့်ဘူးဆိုရင် ငါတို့ တံခါးကိုဖျက်ပြီး မင်းတို့ လင်မယား နှစ်ယောက်စလုံးကို သတ်ပစ်မယ်။ ငါတို့က ဓားပြတွေ၊ အော်မယ်လို့လည်း မကြိုးစားနဲ့ တို့တွေအားလုံး သတ်ရဲ၊ သေရဲတဲ့ လူတွေချည်း။ ပြီးတော့ မင်းတို့ တစ်အိမ်လုံးကိုလည်း ဝိုင်းထားပြီးပြီ'

ဒေါ်ခွေးမကား သည်လိုမျိုး တစ်ခါဖူးမျှ မကြုံဖူးသဖြင့် ဒူးတဆတ်ဆတ်တုန်ကာ ကြောက်သေးများပင် ရွှဲနစ်နေလေပြီ။

'ဖွင့်··· ဖွင့်ပေးလိုက်ပါ ကိုကျင်ငွေရယ်၊ မဟုတ်ရင် ကျုပ်တို့ နှစ်ယောက်စလုံး ဒုက္ခတွေ များကုန်လိမ့်မယ်'

'အေး··· အေးပါကွာ'

တရုတ်ကျင်ငွေလည်း မတတ်သာသည့်အဆုံး တံခါးကို ဖွင့်ပေးလိုက်လေ၏။ တံခါးပွင့်လာတော့ လက်နက်ကိုင်ဓားပြများ လုပ်သေနတ်ကိုယ်စီဖြင့် အိမ်တွင်းသို့ ဝင်လာကြလေ၏။

'ကဲ··· အသက်မနေ့မြောရင် အပေါင်ခံထားတဲ့ ရွှေတွေ ထုတ်စမ်း ငွေစက္ကူတွေလည်း ထုတ်'

'ဟုတ်··· ဟုတ်ကဲ့ ခင်ဗျ'

သည်တဒင်္ဂအတွင်း တရုတ်ကျင်ငွေ၏ ဦးနှောက်ထဲ ဖျတ်ခနဲ ဖြစ်သွားသည်။ သူ့မှာ အကြံအဖန်လုပ်ရန်အတွက် ဝယ်ယူထားသော ဦးဖိုးချမ်းရွှေများကို ထုတ်ပေးလိုက်ဖို့ဖြစ်သည်။ သည့်အတွက် အခန်းထဲရှိ သေတ္တာငယ်တစ်လုံးကိုယူလာပြီး ဖွင့်ပြလိုက်သည်။

'ယူပါခင့်ဗျာ··· ယူပါ၊ လူတွေကိုတော့ ချမ်းသာပေးပါ'

'ဟုတ်ပြီ၊ တို့စကားနားထောင်ရင် မင်းတို့လင်မယား ဘာမှ



မဖြစ်စေရဘူး၊ ကိုင်း··· ရှောက်သီးရေ၊ ငါ သိမ်းခိုင်းထားတာပေးစမ်း'

တပည့်ကျော် ဓားပြရှောက်သီးက ပုလင်းလေးတစ်လုံးနှင့် ကျောက်ပြားလေးတစ်ပြားကို ထုတ်ပေးသည်။ ထို့နောက် ကျောက်ပြားပေါ်သို့ လက်ကောက်တစ်ကွင်းကိုယူကာ ခြစ်လေ၏။ ပြီး ပုလင်းထဲမှ အရည်အချို့ကို လောင်းချလိုက်၏။ ထိုမြင်ကွင်းကို ကြည့်လျက် တရုတ်ကျင်ငွေခမျာ ခြေတွေလက်တွေ တဆတ်ဆတ် တုန်လာလေတော့၏။

'တောက်! မိုက်ရိုင်းလိုက်တဲ့ တရုတ်လေညကွာ၊ ကဲ···'

'ဖြောင်း'

'အောင်မယ်လေး··· ဖြစ်မှဖြစ်ရလေ ကိုကျင်ငွေရဲ့'

ဆင်ပေါက်က လက်မြန်ခြေမြန်ဖြင့် သေနတ်ဒင်နှင့်ရိုက်ချလိုက်ရာ လူလည်ပတ်တီး တရုတ်ကျင်ငွေခမျာ နေရာတွင် ပုံလျက်သား လဲကျသွားလေတော့၏။

'ဟွန်း··· ဟွန်း··· ဟွန်း ငါတို့ တိုက်ခဲ့တဲ့ရွာတွေက မြမြလှိုင်တို့ တက်တူတို့လို ရွှေရည်စိမ်တွေနဲ့ လှည့်စားလို့ဘာရမလဲ နှစ်ခါပဲအလိမ်ခံမယ်၊ သုံးခါတော့ အလိမ်ခံ မထိစေရဘူး၊ ဒါကြောင့် ရွှေစစ်မစစ်သိရအောင် မှတ်ကျောက်နဲ့ငရဲမီးကို တစ်ပါတည်း ယူခဲ့တာကွ'

'ငါတို့ကို လှည့်စားချင်တဲ့ တရုတ်၊ ကဲ··· ကွာ'

'ဘုံး'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မယ်လေး… နံရိုးတွေ ကျိုးပါပြီဗျ၊ ကြောက်ပါပြီဗျာ၊ ရွှေအစစ်တွေ ထုတ်ပေးပါ့မယ်ခင်ဗျ'

တရုတ်ကျင်ငွေလည်း မနေသာတော့။

ရှေ့ဆက်ပြီး တင်းခံနေလို့ကတော့ အသက်မသေသည့်တိုင် မျော့မျော့ကလေးပဲ ကျန်ရတော့မည့်အဖြစ်။ သည့်အတွက် တကယ့်ရွှေအစစ်တွေကို ထုတ်ပေးလိုက်ရတော့၏။ ဒါကိုလည်း ဆင်ပေါက်က မှတ်တိုက်သွားခဲ့သေး၏။

လူလည်တရုတ်ကျင်ငွေအဖို့ သူ့ထက်လူလည်ကျသော ဓားပြဆင်ပေါက်နှင့်တွေ့မှ ကားခနဲ ဖြစ်သွားခဲ့ရလေပြီတကား။

○ ○ ○

'ဒီကနေ့အတွက်တော့
စိတ်ချလိုက်စမ်းပါ။
ခုအချိန် မိုးရိပ်မိုးငွေ့ရှိပေမဲ့
အတော်လေးကြာကျရင်
နေထွက်လာမှာပါ။
တစ်နေ့လုံး မိုးရွာပါစေ ဆုတောင်းဦး
အမောဆို့လို့ သေသွားမယ်။
တစ်နေ့လုံးကို
ကျဲကျဲတောက် ပူမှာ'

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ဘုဂလန့်ရွာကလေးသို့ ရန်ကုန်မြို့မှ ရုပ်ရှင်ရိုက်ကူးရေး အဖွဲ့တစ်ဖွဲ့ ရောက်လာခဲ့လေ၏။

သည်လိုမျိုး တစ်ခါဖူးမျှ မတွေ့ကြုံဖူးလေ၍ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေကြလေ၏။ မင်းသား မင်းသမီးနှင့် လူကြမ်းအဖွဲ့လည်း ပါလာသည့်အတွက် ရုပ်ရှင်အဖွဲ့သားများ၊ အထူးသဖြင့် မင်းသား၊ မင်းသမီးနှင့်လူကြမ်းတို့အား ကြည့်ချင်မြင်ချင်သဖြင့် ဘုန်းကြီးကျောင်းသို့ ရွာလုံးကျွတ်နီးပါး လာရောက်ကြည့်ရှုကြကုန်၏။

ရှုတင်မန်နေဂျာဆိုသူက ခုလိုမျိုး တစ်စုတစ်ဝေးကြီး မလာရောက်ခင် တစ်ပတ်အကျော်လောက်က သည်ရွာကလေးသို့ ကြိုတင်ရောက်လာပြီး သူကြီးဦးသြဘာထံ ရောက်ရှိလာခဲ့ပြီး အကျိုးအကြောင်းကို ပြောပြခဲ့လေ၏။

'သည်ရွာကလေးရဲ့ အနေအထားကို သိပ်သဘောကျသွားပြီ သူကြီးရာ၊ ကျွန်တော်တို့ ရိုက်မယ့်ဇာတ်လမ်းရဲ့ ဇာတ်ဝင်ခန်းတွေနဲ့လည်း အံကိုက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့ရောက်လာခဲ့ရင် လိုအပ်တဲ့အကူအညီတွေ ပေးစေချင်တယ်'

'ဟာ··· ပေးရမှာပေါ့ကွာ၊ ပေးရမှာပေါ့။ ငါတို့ ဘုဂလန့်ရွာဟာ နယ်နယ်ရရ မဟုတ်ဘဲ၊ ရုပ်ရှင်ထဲပါမယ်ဆိုတော့ လိုတဲ့အကူအညီကိုတောင်း၊ တို့ဘက်ကတော့ လိုတဲ့အကူအညီကို ပေးဖို့ရာ အဆင်သင့်ပဲ'

'ဝမ်းသာလိုက်တာ သူကြီးရယ်၊ အဓိက လိုအပ်တာကတော့ နေရေးထိုင်ရေးနဲ့ စားရေးသောက်ရေးပါပဲ'

'နေရေးအတွက်က ပူစရာမလိုပါဘူးကွာ၊ တို့မျှား အရှေ့ဘုန်းကြီးကျောင်း ရှိနေတာပဲ၊ ဇရပ်တွေလည်း ရှိနေတယ်၊ ရေမိုးချိုးဖို့လည်း ပူစရာမရှိဘူး၊ ရေတွင်းလည်း ရှိတယ်၊ ရေကန်လည်း ရှိတယ်'

'ဟုတ်ပြီ သူကြီး၊ ကျွန်တော်တို့ အဖွဲ့တွေက အသားလွတ်မတည်းပါဘူး၊ ဆရာတော်ကြီး ကျောင်းဝေယျာဝစ္စသုံးဖို့အတွက် နဝကမ္မ အလှူငွေထည့်ပြီး ကန်တော့ကြမှာပါ'

'ကောင်းတာပေါ့ကွာ မင်းသား မင်းသမီးတွေ သီးသန့်တည်းချင်ကြတယ်ဆိုရင် တို့မျှား ဘုဂလန့်ရွာမှာ အိမ်ကြီးရခိုင်တွေ ပေါမှပေါ၊ များမှများ၊ သူတို့ တည်းမယ်ဆိုလို့က ဝမ်းသာအားရ လက်ခံကြမှာဗျ၊ သူတို့အတွက် စားရေးသောက်ရေးတောင် တာဝန်ယူကြဦးမှာ'

'ဟာ··· ဒါဆို အဆင်ပြေတာပေါ့ သူကြီးရယ်၊ ကျွန်ုပ်ကြမ်းအဖွဲ့၊ စက်အဖွဲ့တွေအတွက် သူကြီးတို့ရွာမှာ ချက်ပြုတ်ပေးနိုင်မယ့်သူ ရှိသလား၊ ဈေးဖိုးလည်း ထုတ်ပေးမယ်၊ လုပ်အားခလည်းပေးမယ်'



'ရှိတယ်··· ရှိတယ် မပူနဲ့၊ ငါတို့ ဘုဂလန့်ရွာမှာတော့ မောင်ကြီးတို့ မသန်းလှတို့ဆိုတာ အချက်အပြုတ်မှာ နိုးတူးတွေပဲ၊ ရွာရဲ့သာရေးနာရေးတွေ မှန်သမျှ သူတို့လက်ထဲပဲ အချက်အပြုတ်ကိစ္စကို ဝကွက်အပ်ထားကြရတာ'

'ဟာ··· ကြားရတာ မင်္ဂလာရှိလိုက်တာ သူကြီးရယ်၊ ဒါဆို မြို့ကိုပြန်ပြီး စီစဉ်စရာရှိတာတွေ စီစဉ်ပြီး တစ်ပတ်လောက်နေမှ အုံနဲ့ကျင်းနဲ့ ပြန်လာခဲ့မယ်နော်၊ ဘုန်းကြီးကျောင်းမှာ စတည်းချဖို့ကိစ္စကိုလည်း သူကြီးပဲ တာဝန်ယူပေးပါ'

'ရပါတယ်ကွာ၊ စိတ်ချသာသွား ဒီရွာမှာ ငါက သူကြီးပါ၊ ငါပြီးရင် အားလုံးပြီးပါတယ်၊ မင်းတို့ ရုပ်ရှင်အဖွဲ့တွေ လာမှာသာ လာစမ်းပါ'

'ဟုတ်ကဲ့··· ဪ··· မေ့နေလိုက်တာ ဟောဒီမှာ သူကြီးအတွက် တိုက်ပုံစနဲ့ပုဆိုး၊ လက်ဆောင်လေ··· လက်ဆောင်'

'ဪ··· မင်းက အဲ့သလို မေတ္တာစေတနာထားမှတော့ ငါ့ဖက်ကလည်း တစ်ဦးကစေတနာ တစ်ဦးကမေတ္တာပဲပေါ့၊ ဟေ့··· မဲတူရေ၊ ညည်းကြပ်တိုက်ထားတဲ့ ငါးကျည်းခြောက်ကလေးတွေ လက်ဆောင်ပေးလိုက်ပါဦးဟေ့၊ ဒါထက် မင်းတို့အဖွဲ့ ရုပ်ရှင်လာရိုက်တဲ့အခါ ငါ့မိန်းမကို သင့်တဲ့အခန်းမှာ တစ်နေရာလောက် ထည့်ရိုက်ပေးပါလားကွာ'

'ဟာ··· ဖြစ်ပါတယ် သူကြီးရဲ့၊ သူကြီးကတော်တင် မကပါဘူး၊ ပါချင်တဲ့သူတွေကို အကုန်ထည့်ရိုက်ပေးမှာပါ။ ဓာတ်လမ်းက

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးမရခင်ကာလ နိုင်ငံရေးသမားတွေ မဲလာဆွယ်တော့ လူထုပရိသတ် အများကြီးလိုတယ်။

သူကြီးအိမ်ကို နောက်ခံထားပြီး သည်ရွာကလူတွေအားလုံးကို ထည့်ရိုက်မယ်။

သူကြီးကတော်ကိုတော့ ပိုပြီး ပေါ်လွင်စေရမယ်ပေါ့ဗျာ။ ကျွန်တော် ဒါရိုက်တာနဲ့ညှိပြီး ဆောင်ရွက်ပေးမှာပေါ့ သူကြီးရယ်။ ကျွန်တော်က နှယ်နှယ်ရရမှ မဟုတ်တာ။

ဇာတ်ကားတစ်ကားအောင်မြင်ဖြစ်မြောက်လာဖို့အတွက် အစစအရာရာ စီစဉ်ဆောင်ရွက်ရတဲ့ ရှုတင်မန်နေဂျာပဲဟာ'

သည်လိုနှင့်ပင် ရှုတင်မန်နေဂျာနှင့် သူကြီးဦးသြဘာတို့ အကြေအလည်ဆွေးနွေးပြီးနောက် ရှုတင်မန်နေဂျာလည်း ရန်ကုန်သို့ ပြန်သွားလေ၏။

သည့်နောက် တစ်ပတ်ကျော်လောက်အကြာတွင် ယခုကဲ့သို့ အုံလိုက်ကျင်းလိုက် ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

သည်ရှုတင်မန်နေဂျာက အတော်ကလေး လိမ္မာပါးနပ်သည်ဟု ဆိုရမည်။

ရောက်လာပြီး နောက်တစ်ညရောက်တော့ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ၄င်းတို့ ကုမ္ပဏီမှ ရိုက်ကူးထုတ်လုပ်ခဲ့ပြီးသော ရုပ်ရှင်ဇာတ်ကား(၃)ကားတိတိကို ပြသပေးလေရာ တစ်ရွာလုံးကို စည်းရုံးလိုက်နိုင်သည့် သဘောပင်။ နောက်ရက်မှ အစပြု၍ ရိုက်ကူးရေးအစီအစဉ်ကို စတင်ရတော့သည်။



တစ်မနက်ခင်း...

ရှုတင်မန်နေဂျာသည် ရွာအတွင်းရှိ အိမ်ကြီးရခိုင်များ၌ တည်းခိုကြကုန်သော မင်းသား၊ မင်းသမီး၊ ဇာတ်ပို့ဇာတ်ရံများကို သည်ကနေ့ ရိုက်ကူးမည့် အစီအစဉ်များကို ပြောကြားရန် ဖိုင်တွဲကြီး ကိုင်လျက် ဘုန်းကြီးကျောင်းမှ ရွာအတွင်းသို့ ဝင်လာခဲ့လေ၏။ ချောင်းစပ်တစ်ခုနားရောက်လေသော် ဘုဂလန့်ရွာ၏ ကာလသမီး ခေါင်းဆောင်ဒေါ်မေနှင်းသည် တဘက်ကိုခေါင်းပေါင်းပေါင်း၊ ထဘီကိုရင်လျားလျက် ချမ်းချမ်းစီးစီး အချိန်ကြီး၌ ဒိုင်းဝန်းတစ်ခုဖြင့် ငါးလေးပေါက်များကို လိုက်သဲ့နေလေ၏။

'ဟော... ရှုတင်မန်နေဂျာကြီးပါလား၊ ဒါက ဘယ်ကိုတုံး'

'ရွာထဲကိုသွားမလို့လေ ဒီနေ့ ဇာတ်ကားစရိုက်မယ်၊ အဒေါ်ကြီးလည်း ဒီလောက် ချမ်းချမ်းစီးစီးကြီးမှာ ရေထဲဆင်းပြီး ငါးရှာရသလား'

'မရှာလို့မဖြစ်ဘူးလေ၊ ဒီကနေ့ မိုးရွာမှာမို့ မရှာခင်စောစောစီးစီး လုပ်ထားတာ'

'ဟင်'

ဒေါ်မေနှင်းစကားကြောင့် ရှုတင်မန်နေဂျာအဖို့ ထိတ်ခနဲဖြစ်သွားရ၏။

မထိတ်လို့ကလည်း မဖြစ်။ ရုပ်ရှင်ကိုအောက်ဒိုး (ပြင်ပအခန်းများ) ရိုက်ကူးရာဝယ် ရာသီဥတုသည် လွန်စွာမှအရေးကြီး၏။ မှန်ထိုးရသောအလုပ်မှာ နေရောင်ကို အားကိုးရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကို ကြည့်လိုက်တော့ ကြည်ကြည်လင်လင်ရှိလှ၏။

မည်သို့သော မိုးရိပ်မိုးသားမျှ မရှိ။

ဒါကိုပင် သည်အဒေါ်ကြီးက သည်ကနေ့ မိုးရွာမည်ဟု ဆိုလေတော့ စိတ်မှမှန်ပါလေစ ဟူ၍ပင် သံသယဝင်လိုက်မိတော့၏။

သို့ဖြင့် ရပ်ရှင်အဖွဲ့သားများ ရွာအပြင်ဘက်၌ နေရာအထိုင်ချပြီး တစ်ခန်းစ၊ နှစ်ခန်းစရိုက်မည်အပြုမှာပင် အနောက်တောင်ထောင့်ဆီမှ မိုးသားများညို့တက်လာပြီး မိုးနံ့ပါသောလေက ဝေ့ခနဲတိုက်လာသည်။

ဤတွင် ဒါရိုက်တာက...

'ဗျို့... ရှုတင်မန်နေဂျာ မိုးရွာတော့မယ်၊ ပစ္စည်းတွေ မြန်မြန်သိမ်းမှ ဖြစ်လိမ့်မယ်'

ဒါရိုက်တာ၏ စကားအတိုင်းပင် စက်အဖွဲ့သားများ တက်ညီလက်ညီဖြင့် ပစ္စည်းတွေသိမ်းကာ အချိန်မီလေး မိုးလွတ်အောင် ရှောင်တိမ်းနေလိုက်ရ၏။

သည်တော့ ရှုတင်မန်နေဂျာစိတ်ထဲ ရာသီဥတုကြည်လင်နေသည့် အချိန်၌ သည်ကနေ့ မိုးရွာမယ်ဟူ၍ တပ်အပ်သေချာသော စကားကို ဆိုခဲ့သည့် ဘုဂလန့်ရွာ၏ ကာလသမီးခေါင်း ဒေါ်မေနှင်း အပေါ် စိတ်ဝင်စားသွားရသည်။

သည့်အတွက် နောက်တစ်နေ့ မနက်အရောက်တွင် ယမန်နေ့



က ဒေါ်မေနှင်းနှင့်ဆုံတွေ့ခဲ့ရာ ချောင်းကလေးဆီသို့ တွေ့လိုတွေ့ငြား လျှောက်သွားခဲ့လေ၏။

မနေ့နေ့လည်မှ တစ်နေ့လုံး ရွာခဲ့သောမိုးသည် ညသန်းခေါင်ရောက်မှပင် တိတ်သွားခဲ့လေသည်။ ဒါတောင်မှ မိုးရိပ်မိုးငွေ့တွေက မပြယ်ချင်သေး။ ရုပ်ရှင်သမားများအဖို့ အထူးစိုးရိမ်ထိတ်လန့်ရသည်မှာ ရန်သူမျိုးငါးပါးထက် မိုးလေဝသဖြစ်သည်ဟုဆိုက လွန်အံ့မထင်။

မနေ့က ဘာကဒ်တစ်ကဒ်မျှ မရိုက်လိုက်ရဘဲ အချိန်တွေ အလဟဿ ဖြစ်သွားခဲ့ရသည်။ သည်ကနေ့လည်း သည်ပုံအတိုင်းဆိုလျှင် ဒိုင်လျော်ရမည့်ပုံ ပေါက်နေသည်။

ထိုစဉ်မှာပင် ချောင်းစပ်၌ ငါးသဲ့နေသော ဒေါ်မေနှင်းကို အရန်သင့် တွေ့လိုက်ရရာ ရှုတင်မန်နေဂျာအဖို့ ဝမ်းသာသွားတော့၏။

'ဗျို့... အဒေါ်ကြီး၊ ငါးတော်တော် ရပြီလား'

'ဪ... ရှုတင်မန်နေဂျာကြီးပါလား၊ ဟင်းစားလောက်ပဲ ရပါသေးတယ်တော်၊ ဘာလဲ ရွာထဲသွားမလို့လား'

'ဟုတ်ကဲ့... ဒါပေမဲ့... ဒီကနေ့လည်း မနေ့ကလိုပဲ မိုးကဖျက်ဦးမလား မသိဘူး၊ မိုးရွာရင် ရိုက်လို့မရဘူး'

ဤ၌ ဒေါ်မေနှင်းသည် ကောင်းကင်ကို တစ်စက်ကလေးမှ မော့မကြည့်ဘဲ ဒိုင်းဝန်းဖြင့် ငါးလေးပေါက်များကိုခပ်ရင်း စကားဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကနေ့အတွက်တော့ စိတ်ချလိုက်စမ်းပါ၊ ခုအချိန် မိုးရိပ်မိုးငွေ့ ရှိပေမဲ့ အတော်လေးကြာကျရင် နေထွက်လာမှာပါ၊ တစ်နေ့လုံး ကျဲကျဲတောက်ကိုပူမှာ မန်နေဂျာကြီးရဲ့'

'ဟုတ်မှလည်းလုပ်ပါ အဒေါ်ကြီးရာ'

'အို… ဘာလို့မဟုတ်ရမှာလဲ၊ ကျုပ်ပြောတာ မမှန်လို့များ ကတော့ လျှာတောင်အဖြတ်ခံဝံ့သေးရဲ့'

'အေးဗျာ… ကျေးဇူးပါပဲ အဒေါ်ကြီး'

ရှုတင်မန်နေဂျာလည်း ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သည် တစ်နေ့တော့ အဒေါ်ကြီး အာမခံသည့်အတိုင်း ရိုက်ကူးဖို့ရာ ဆုံးဖြတ်လိုက်သည်။

အဖွဲ့သားတွေက မိုးကိုစိတ်မချကြောင်း အထွန့်တက်သည်ကို ပင် လက်မခံ။

'ကျုပ် ရှုတင်မန်နေဂျာ ပြောနေတာ။ ရိုက်သာရိုက် မိုးလုံးဝ မရွာစေရဘူး'

အမှန်တကယ်လည်း ထိုနေ့က နေထွက်လာပြီး ကျဲကျဲ တောက်ပူပေးခဲ့လေရာ ဒါရိုက်တာလည်း ကဒ်တွေတော်တော်များများ ကို ရိုက်ကူးပစ်လိုက်နိုင်၏။

သည့်အတွက် ဒါရိုက်တာက ရှုတင်မန်နေ ဂျာအား ချီးမွမ်း စကားဆို၏။

'ခင်ဗျားကိုတော့ သိပ်အံ့ဩသွားပြီ မန်နေဂျာကြီးရယ်၊ ကျုပ်တို့က သည်ကနေ့ မိုးဒုက္ခပေးမယ်လို့ ထင်နေတာ၊ ခင်ဗျားက



ရဲရဲကြီးအာမခံပြီး ရိုက်ခိုင်းတော့ မဝံ့မရဲနဲ့ ရိုက်လိုက်ရတာ၊ တကယ့် တကယ်ကျတော့ ခင်ဗျားပြောတဲ့အတိုင်း ကွက်တိမှကွက်တိပါပဲ ကလား။ နေကလည်း တစ်နေကုန်ပူဗျာ။ ကေန္တ မဟုတ်မှလွဲရော မန်နေဂျာကြီးများ အကြားအမြင်ရနေပလား'

'မဟုတ်ရပေါင် ဒါရိုက်တာရယ်၊ ပြောရင်ယုံမလားတော့ မသိဘူး၊ ဟောဒီ ဘုဂလန့်ရွာမှာ မိုးလေဝသနဲ့ ပတ်သက်ရင် အကြား အမြင်ရတဲ့ အဒေါ်ကြီးတစ်ယောက်ရှိသဗျ၊ ကျွန်တော်နဲ့တွေ့တာ နှစ်ရက်ရှိပြီ၊ မနေ့က မိုးရွာမယ်ပြောတော့ အမှန်တကယ်လည်း မိုးရွာ တာပဲ မဟုတ်လား၊ ဟော… သည်ကနေ့ကျတော့ တစ်နေကုန် နေကျဲကျဲတောက်ပူမယ်လို့ ပြောလိုက်တယ်။ သူပြောတဲ့အတိုင်းပဲ နေပူလို့ အလုပ်ဖြစ်တယ် မဟုတ်လား'

'ဟုတ်ပ… မန်နေဂျာကြီးရယ်၊ အဲ… နက်ဖြန်မနက်ကျရင် လည်း ရာသီဥတုအခြေအနေကို သွားမေးပါဦး'

'ဟာ… မေးရမှာပေါ့ဗျ၊ ဒီလောက် ကွက်တိမှန်တဲ့ အကြား အမြင်ပညာရှင်ကို တွေ့နေရပြီ ဥစ္စာ၊ လေးလေးစားစားနဲ့ကို သွားမေး ရမှာပေါ့'

'အဲ… သွားမေးရင်လည်း လက်ဆောင်ပစ္စည်းလေး ဘာ လေးနဲ့ဆို ပိုကောင်းလိမ့်မယ် မန်နေဂျာ'

'ဟုတ်ပါရဲ့ဗျာ… မေ့နေလိုက်တာ၊ 'ပေးကမ်းခြင်းသည် အောင်မြင်ရာ၏' ဆိုသလို ကျွန်တော်တို့ ဝယ်လာတဲ့အထဲက အိတ် ခြောက်တစ်ထုပ်ကို လက်ဆောင်ယူသွားပေးဦးမှပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စီစဉ်ထားသည့်အတိုင်းပင် မန်နေဂျာကြီးလည်း နောက်နေ့မနက် စောစော၌ ကိတ်ခြောက်တစ်ထုပ်ကိုကိုင်ကာ ဘုန်းကြီးကျောင်းမှ ထွက်လာခဲ့လေ၏။

ဦးစွာနှစ်ရက်ဆက်တိုက် ဆုံတွေ့ခဲ့သော ချောင်းစပ်သို့သွားပြန်၏။

ကံအားလျော်စွာပင်။

ရာသီဥတုအကြားအမြင်ရထားသည့် ပုဂ္ဂိုလ်ထူးအဖြစ် ထင်မြင်ယူဆထားမိလေသော ကာလသမီးခေါင်းဒေါ်မေနှင်းနှင့် တွေ့ရပြန်လေ၏။

သည်ကနေ့ မနက်မှာတော့ ငါးဆင်းမဖမ်းသေးဘဲ ချောင်းစပ်ရှိ သဖန်းပင်ကြီးအောက်၌ အေးအေးလူလူပင် ပြောင်းဖူးဖက်လိပ်ကြီးကို အငွေ့တထောင်းထောင်းထအောင် ဖွာနေလေသည်။

'ဗျို့… အဒေါ်ကြီး'

'အို… မန်နေဂျာကြီးပါလား၊ ထုံးစံအတိုင်း ရှာထဲပဲလား'

'ဟုတ်သဗျာ၊ ဟောဒီမှာ အဒေါ်ကြီးအတွက် လက်ဆောင်'

'ကျေးဇူးပါပဲ မန်နေဂျာကြီးရယ်၊ အိမ်ရောက်မှ ရေနွေးကြမ်းနဲ့ ဖိမ်ခံပြီးမြည်းရမယ်'

'ဒါထက် သည်ကနေ့ ရာသီဥတုအခြေအနေကလေးကိုကော ပြောပါဦး အဒေါ်ကြီးရဲ့'

'အင်း'

သည်သို့ အာမေဍိတ်ပြုရင်း ဖွာလက်စပြောင်းဖူးဖက်လိပ်ကြီး



အား နဘေးသို့ အသာချထားလိုက်သည်။ ပြီးတော့ မျက်လုံးကလေးကို မှိတ်ရင်း…

'သည်ကနေ့ ရာသီဥတုအခြေအနေကို ပြောရမယ်ဆိုရင် မွန်းလွဲပိုင်းအထိ နေပူလိမ့်မယ်၊ ညနေပိုင်းမှာ မိုးအုံ့လိမ့်မယ်၊ ညရောက်တာနဲ့ မိုးသည်းသည်းမည်းမည်း ရွာလိမ့်မယ်။ နက်ဖြန်မနက်ရောက်ရင် လေငြိမ်လိမ့်မယ်။

စွတ်စိုထိုင်းမှိုင်းမယ်။ ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ကနေ လှိုင်းကြီးလိမ့်မယ်။ မြေပြင်ရေပြင်လေကတော့ တစ်နာရီကို မိုင်နှစ်ဆယ်ကနေ သုံးဆယ်လောက်အထိ တိုက်ခတ်လိမ့်မယ် မန်နေဂျာကြီးရဲ့'

'အို… ဒါဆိုရင် သည်ကနေ့အဖို့ရာ ကျွန်တော်တို့ မွန်းလွဲပိုင်းအထိ စိတ်ချလက်ချ ရုပ်ရှင်ရိုက်နိုင်တာပေါ့နော်'

'ဟုတ်တာပေါ့တော်… သိပ်ဟုတ်တာပေါ့၊ စိတ်ချလက်ချသာ ရိုက်စမ်းပါ၊ မိုးတစ်စက်တစ်ပေါက်တောင် မွန်းလွဲပိုင်းအထိ မရွာဘူး'

သည်စကားကို သေချာမှတ်သား၍ ရုပ်ရှင်အဖွဲ့တွေ မွန်းလွဲပိုင်းအထိ ရနိုင်သမျှကဒ်တွေကို ရိုက်ကူးနိုင်ခဲ့၏။

မွန်းလွဲပိုင်းကျော်တော့ အဒေါ်ကြီးပြောသကဲ့သို့ ကောင်းကင်ပြင်၌ မိုးသားတွေညို့လာခဲ့၏။

သည်တော့လည်း စက်အဖွဲ့သားတွေမှာ စက်ပစ္စည်းများကို အလျင်အမြန် သိမ်းဆည်းကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေတစ်ပိုင်းလုံး မိုးတို့က အုံ့မှိုင်းနေကြ၏။ ညဘက်ရောက်လေသော် လေတွေတဝေါဝေါတိုက်ကာ မိုးသီးမိုးပေါက်များ ကြွေကျလာခဲ့လေ၏။ ရွာလိုက်သည့်မိုးကား တစ်ညလုံး ဖြောင်းဖြောင်းကိုဆန်လျက်။

○ ○ ○

'အင်း... သည်ကနေ့တော့
နေသာချိန် မရှိသလောက်ပဲ။
တစ်နေ့လုံး အုံ့ဆိုင်းပြီး
အခန့်မသင့်ရင်
မိုးဖွဲကလေးတွေ ကျနိုင်တယ်။
ရွာရန်ရာနှုန်းကတော့ ရှစ်ဆယ့်ငါး
သည်တော့...
မရိုက်ဘဲ နားလိုက်တာ
ကောင်းလိမ့်မယ် ဒါရိုက်တာကြီး'

www.burmeseclassic.com

www.burmeseclassic.com

ညကအတောမသတ် ရွာခဲ့သောမိုးသည် မိုးသောက်ယံအချိန် ရောက်မှပင် စဲပါလေတော့၏။

အလင်းရောင်ပွင့်လာတော့ လေသည်သက်မဲ့အလား ငြိမ်သက်ရပ်တံ့သွားခဲ့သည်။ ပတ်ဝန်းကျင် အခြေအနေက စွတ်စိုထိုင်းမှိုင်း နေလေ၏။

'သည်ပုံအတိုင်းဆိုရင် သည်ကနေ့ အောက်ဒိုးထွက်ရိုက်ဖို့ မလွယ်ဘူးနဲ့တူတယ် မန်နေဂျာ'

'အင်း… ရိုက်သင့်မရိုက်သင့်ကို ရွာထဲသွားပြီး ဒေါ်မေနှင်း ကြီးဆီမှာ စနည်းနာရမှာပေါ့ ဒါရိုက်တာ'

'အေးဗျာ… ခင်ဗျားရဲ့မိန်းမကြီးဟာ အတော်ကလေး အ ကြားအမြင်ပေါက်ပေတာပဲ၊ တတ်နိုင်ရင် အဲသည် မိန်းမကြီးဆီက အဲသည် ပညာရပ်ကို သင်ထားသင့်သဗျို့၊ သည်လို မိုးလေဝသအခြေ အနေမှန်ကို ဟောကိန်းထုတ်နိုင်လို့ကတော့ ရုပ်ရှင်လောကမှာ တစ် သက်လုံး စားရော့ပဲ'

'ဟုတ်တယ်၊ သူ့ဆီကို သည်ကနေ့ ရာသီဥတုအခြေအနေ ကိုမေးရင်း ပညာရပ်ဆိုင်ရာကို တီးခေါက်ကြည့်ရမယ်၊ ဒါရိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်း အားနေတာပဲဟာ၊ အညောင်းပြေအညာပြေ ခြေလက်ဆန့်ရင်း ရွာထဲသွားရအောင်၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါလား’

‘ကောင်းသားပဲ လိုက်ခဲ့မယ်ဗျာ’

သို့ဖြင့် ရှုတင်မန်နေဂျာနှင့်ဒါရိုက်တာတို့လည်း ရွာတွင်းသို့ ထွက်ခဲ့ကြလေ၏။ ညတုန်းက သည်းသည်းမည်းမည်း ရွာထားသော မိုးကြောင့် လမ်းပေါ်၌ ရေအိုင်ကွက်ကလေးများ ဖြစ်နေသည်။ ထိုရေအိုင်ကွက်ကလေးများကို ရှောင်ရှားကျော်ဖြတ်ရင်းမှ ဒေါ်မေနှင်း၏ အိမ်သို့ နှစ်ယောက်သား ရောက်ရှိလာခဲ့၏။

အဆင်သင့်ပါပေ။

ကာလသမီးခေါင်းဆောင် ဒေါ်မေနှင်းအား အိမ်ပေါ်တွင် အရံသင့် တွေ့လိုက်ရလေ၏။

‘ဟော... ရှုတင်မန်နေဂျာကြီးပါလား၊ လာပါ... ကြွပါ၊ သြော်... အဖော်လည်းပါသကိုး’

‘ဟုတ်ပ အဒေါ်ရယ်၊ ဒါ... အခု ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့က ဒါရိုက်တာလေ၊ ဒီမနက် ရာသီဥတုက သိပ်ဟန်ပုံမရတာနဲ့ ခြေခင်းလက်ခင်းဆန့်ရင်း အဒေါ့်ဆီကလည်း ရာသီဥတု အခြေအနေကိုကြားချင်တာနဲ့ နှစ်ယောက်သားတိုင်ပင်ပြီး ရောက်လာကြတာ’

‘သြော်... ဟုတ်လား၊ ရေနွေးကြမ်းတွေ သောက်ပါဦး၊ ထန်းလျက်ခဲလေးတွေလည်း စားကြပါဦး၊ ပုလင်းထဲမှာ အဆင်သင့်ပဲ’

‘ဟုတ်ကဲ့... သောက်လည်းသောက်ပါမယ်၊ စားလည်းစားပါ့မယ်၊ ကိုင်း... ဒီကနေ့ ကျွန်တော်တို့ ရုပ်ရှင်ထွက်ရိုက်လို့ ကောင်းမ



ကောင်း ရာသီဥတု၊ မိုးလေဝသ အခြေအနေကလေးလည်း ပြောပါဦး အဒေါ်ရယ်’

‘အင်း... သည်ကနေ့ကတော့ နေသာချိန် မရှိသလောက်ပဲ၊ တစ်နေ့လုံး အုံ့ဆိုင်းပြီး အခန့်မသင့်ရင် မိုးဖွဲလေးတွေ ကျနိုင်တယ်၊ ရွာရန်ရွာနှန်းကတော့ ရှစ်ဆယ့်ငါး၊ သည်တော့ မရိုက်ဘဲ နားလိုက်တာကောင်းလိမ့်မယ် မန်နေဂျာကြီး’

ဒေါ်မေနှင်း၏ စကားကြောင့် ရှုတင်မန်နေဂျာနှင့်ဒါရိုက်တာတို့မှာ တိုင်ပင်မထားပဲ တစ်ဦးကိုတစ်ဦးကြည့်လျက် ခေါင်းတဆတ်ဆတ်ညိတ်မိကြသည်။

‘သည်လိုဆိုတော့လည်း အဒေါ့်စကားအတိုင်း သည်ကနေ့ ရှုတင်ကို ဖျက်လိုက်ကြတာပေါ့၊ အဒေါ်နဲ့စတွေ့ကတည်းက ရာသီဥတုအခြေအနေ၊ မိုးလေဝသအခြေအနေတွေဆိုတာ အဒေါ်ပြောတဲ့အတိုင်း ကွက်တိမှကွက်တိပါပဲ၊ အခုလည်း အဒေါ်ပြောတဲ့ ဟောတဲ့အတိုင်းကွက်တိဖြစ်မှာ မလွဲပါဘူး’

‘ဟုတ်ပါတယ် အဒေါ်၊ သည့်အတွက် ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့အနေနဲ့ အဒေါ့်ကို သိပ်ကျေးဇူးတင်တာပဲ၊ မိုးလေဝသအခြေအနေမှန်ကို ကြိုသိထားတော့ ပြင်ဆင်သင့်တာပြင်ဆင်၊ နောက်ဆုတ်တန်ဆုတ်ရတာပေါ့။

ဒါ့ထက် မိုးလေဝသအခြေအနေကို အမှန်ကွက်တိဟောနိုင်တဲ့ ပညာကို အဒေါ်ဘယ်တုန်းက တတ်တာလဲဟင်၊ အဲဒီပညာရပ်နဲ့ ပတ်သက်ပြီး ပြောပြနိုင်ရင် ပြောပြပေးပါလား အဒေါ်ရယ်’

www.burmeseclassic.com

www.burmeseclassic.com



ရှုတင်မန်နေဂျာ၏ စကားကြောင့် ဒေါ်မေနှင်းလည်း ခပ်ပြုံးပြုံးလေး ဖြစ်သွားသည်။

'အဲဒီ ပညာရပ်က ဘာခက်တာမှတ်လို့ကွယ်၊ ပစ္စည်းကလေး တစ်ခုကို ဝယ်ထားနိုင်ရင်၊ ဆောင်ထားနိုင်ရင် အဲသည် ပညာရပ်ကို သေသေချာချာ သိရပြီပေါ့'

'ဟင်… ဟုတ်လား၊ အဲသည် ဆောင်ထားရမယ့် အဆောင်ပစ္စည်းက ဘာများပါလိမ့်၊ ကျွန်တော်တို့ကို ပြပါဦး၊ ဝယ်ပြီးဆောင်ချင်လို့ပါ'

'ဒါဆို… ခဏနေဦးနော်၊ အဒေါ်သွားယူလာခဲ့မယ်'

ထိုသို့ပြောဆိုရင်း ဒေါ်မေနှင်းလည်း အိမ်ခန်းအတွင်းသို့ ဝင်သွားလေသည်။ မကြာခင်မှာ ပစ္စည်းတစ်ခုကို ဝိုက်လျက်ထွက်လာ၏။

'ဒီမှာလေကွယ် ဒီမှာ… ဒီမှာ'

ဒေါ်မေနှင်း ထိုးပြသောပစ္စည်းကို ကြည့်လိုက်တော့ ရှုတင်မန်နေဂျာနှင့်ဒါရိုက်တာကြီးတို့မှာ မျက်လုံးမျက်ဆန်များ ပြူးသွားကြလေ၏။

အကြောင်းမှုကား…

'ရေဒီယို' ဖြစ်နေသောကြောင့်ပါပေတည်း။

✲ ✲ ✲



သည်ကနေ့က အဖိတ်နေ့တည်း။

ရွှေရိုးလည်း အားအားရှိသည်နှင့် ဗိန္ဓောဆရာဦးအောင်ကြီး အိမ်သို့ ထွက်လာခဲ့လေ၏။ ထိုသို့ထွက်လာရခြင်း၌ 'ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး' ဆိုသလို အကြောင်းရင်းနှစ်ရပ်ဖြင့် ထွက်လာခဲ့ခြင်း ဖြစ်၏။ ပထမအကြောင်းရင်းက ငါးရှဉ့်လိုက်ထိုးရာမှ ရလာသော ငါးရှဉ့်တို့အား ငွေးသီးနှင့်ချက်စားရန်ဖြစ်၏။

အိမ်မှာက ငါးရှဉ့်ကို ဘယ်သူမှမစား။ အမေဒေါ်မဲတူက ငါးရှဉ့်ဆိုမြင်ရုံနှင့် ကြောက်သကဲ့သို့၊ အစ်မငွေမိုးသည်လည်း မအေတူ သမီးဟူ၍ မပြောရ။ ငါးရှဉ့်ဆိုလျှင် ဒိုးဆလံ၊ ဒင်းဆလံ။ သည်တော့ ဗိန္ဓောဆရာ ဦးအောင်ကြီးကတော် ဒေါ်လှရီကို ချက်ခိုင်းရမည်။ ဒေါ်လှရီ ဟင်းချက်ကောင်းကြောင်းလည်း ဦးအောင်ကြီး မကြာခဏ ပြောဖူး၏။

'ဟကောင်… ရွှေရိုး၊ ငါးရှဉ့်ဆိုတာဟာ ငါတို့ယောကျ်ားတွေအတွက် တကယ်ကောင်းတဲ့ ဆေးပဲကွ၊ ငါးရှဉ့်အသားက လေးလေးပင်ပင်နဲ့ စားလို့ကောင်းသလို ငါးရှဉ့်သွေးကလည်း ယောကျ်ားတွေအတွက်တော့ တကယ့်ကို အားတိုးဆေးမှ အားတိုးဆေးပဲ။

ငါးရှဉ့်နဲ့ငွေးသီးကို ရောချက်စားလို့ကတော့ ဒူလာရောဂါဆိုတာ နင်နေငါသွားပဲ၊ သည်တော့ ငါးရှဉ့်ကလေးများရလာရင် ယူသာလာခဲ့ကွာ၊ ခြံထဲမှာလည်း ငွေးပင်က ငွေးသီးတွေ အဆင်သင့်ပဲ၊ ငါ့မိန်းမ မလှရီက ငါသာအားကောင်းမောင်းသန် ဖြစ်မယ်ဆိုရင်တော့ပဲ ချက်ကျွေးရ ချက်ကျွေးရ ချက်ပြုတ်ကျွေးမွေးတာကလွဲ

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ငါးရှဉ့်ကလေးများရလာသည်နှင့် ကြုံကြိုက်၍ ချက်ပြုတ်စားသောက်ရန်ကလည်း တစ်ကြောင်း၊ နောက်အကြောင်း တစ်ခုက အောင်သွယ်ကိစ္စ၌ လွန်စွာကျွမ်းကျင်သော ဒေါ်လှရီကို အလိုလိုက် အကြိုက်ဆောင်လျက် သူနှင့်အရီးပန်းရုံ၏ သမီးချောက လေးပန်းမှုံတို့ နီးစပ်ရေးအတွက် အကူအညီတောင်းရန်အတွက်လည်း ကောင်း ရည်ရွယ်ချက်ကြီးများစွာဖြင့် ငါးရှဉ့်တွဲကြီးဆွဲလျက် ရောက် လာခဲ့ခြင်းဖြစ်၏။

'လာကွာ… ရွှေရိုး၊ မနက်တုန်းက တံတွေးသီးတာ ဟင်း ကောင်းစားရမယ့် နိမိတ်ဖြစ်နေပြီ၊ မင်းရဲ့ ငါးရှဉ့်တွေကလည်း ဝင်း ဝင်းဝါဝါနဲ့ ထွားမှထွားပဲ၊ အိမ်မှာလည်း မနေ့ကတည်းက ခူးထားတဲ့ ငွေးသီးတွေကလည်း အရုံသင့်ပဲ၊ မလှရီရေ… အေ… မလှရီ'

'ရှင်… ရှင့်'

'လာပါဦးကွာ၊ ဟောဒီမှာ ရွှေရိုးက တို့အိမ်အတွက် ငါးရှဉ့် တွေ ဟင်းစားယူလာတယ်ဟေ့။ အဲဒါ ငွေးသီးနဲ့ ဆီကျန်ရေကျန်လေး ချက်ကွာ၊ အပူအစပ်တွေ သိပ်မကဲစေနဲ့၊ အဲဒါ တို့များယောက်ျား တွေအတွက် ပုရိသအားဆေးပဲကွ'

ပုရိသအားဆေးဆို၍ ဒေါ်လှရီ၏ မျက်နှာမှာ ဝင်းလက်သွား လေ၏။

'ကောင်းတာပေါ့တော်၊ စိတ်တိုင်းကျချက်ပေးမယ်၊ ဟဲ့… ရွှေရိုး နင်လည်း တစ်ခါတည်းစားသွားနော်'

'စားမှာပေါ့ ဒေါ်လှရီရယ်၊ ဒေါ်လှရီရဲ့ ဟင်းချက်လက်ရာ



သိပ်ကိုကောင်းတယ်လို့ ဦးအောင်ကြီးက ညွှန်းညွှန်းနေတာ၊ အဲဒါ ကြောင့် စား… ဦး… မှာ'

'ဟား… ဟား… ဟား၊ စားရမှာပေါ့ကွာ၊ ကိုင်း… နားနား နေနေ ထိုင်ဦးကွာ၊ ရေနွေးကြမ်းသောက် လက်ဖက်စား'

ရွှေရိုးနှင့်ဗိန္ဒောဆရာ ဦးအောင်ကြီးတို့ လေချနေချိန်ဝယ် ဒေါ်လှရီလည်း ငါးရှဉ့်ကိုင်ရန် မီးဖိုချောင်သို့ ဝင်သွားလေ၏။

ထို့ဖြင့် ကွမ်းတစ်ယာညက်ခန့်အကြာတွင် ခြံတွင်းသို့ ကြက် တင်းရိုးဆိုသည့် ချာတိတ်ကလေးရောက်လာ၏။ ကြက်တင်းရိုးကား ကာလသားခေါင်း ကြွက်နီနှင့်မမိဂျမ်းတို့၏ သားဖြစ်၏။ လူပုံက သေးသေးညှက်ညှက်နှင့် ဆော့ကစားသည့်နေရာဝယ် မျောက်လွဲကျော် ကပင် ဆလံသရမည့် မနုဿနွယ်ဖွား လူသားကလေးတစ်ဦး ဖြစ် ချေ၏။

'ဟေ့ကောင်လေး… ကြက်တင်းရိုး၊ ဘာကိစ္စလဲကွ'

'အမေက ဆရာဦးအောင်ကြီးကို ပင့်ခိုင်းလိုက်လို့ဗျ'

'ဟေ… မင်းအမေ မိဂျမ်း ဘာဖြစ်လို့တုံး၊ တစ်လောကပဲ မင်းရဲ့ဘွားအေ မိဂျမ်းရဲ့အမေ ဒေါ်တင်ကြီးကို ငါကုပေးရင်းနဲ့ အနိစ္စ ရောက်သွားတာ ဘာကြာသေးလို့လဲ၊ ရက်လည်ဆွမ်းသွတ်ပြီးတာ တောင် မသကာသုံးရက်လောက်ပဲ ရှိဦးမယ်၊ ခု မင်းအမေ မိဂျမ်းက ငါ့ကိုပင့်ခိုင်းရအောင် ဘယ်သူဘာဖြစ်လို့လဲ'

'ဖြစ်တာက အမေ မဟုတ်ဘူးဗျ၊ အဘွားဒေါ်တင်ကြီးရဲ့ညီမ ဘွားလေးဒေါ်ရင်ကြီးဗျ… ဘွားလေးဒေါ်ရင်ကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ဟော… မင်းဘွားလေး ဒေါ်ရင်ကြီးဆိုတာ မာမာချာချာကြီး ပါ၊ ဘာတွေဘယ်လို ဖြစ်ရတာတဲ့တုံး'

'ဟိုဗျာ… ဘွားလေးဒေါ်ရင်ကြီးကို အဘွားဒေါ်တင်ကြီး ဝင်ပူးနေလို့ဗျ… ဝင်ပူးနေလို့၊ အဲဒါ အခု လိုက်ခဲ့ပေးပါဗျာ'

'အေးပါကွာ လိုက်ခဲ့တာပေါ့၊ ကဲ… ရွှေရိုးရေ မင်းလည်း လိုက်ခဲ့ကွာ၊ ကိစ္စဝိစ္စပြီးမှပဲ တို့တတွေ ပြန်လာပြီး ထမင်းစားကြတာ ပေါ့၊ ကိုင်း… ငါလည်း ယူစရာရှိတာတွေ ယူဦးမယ်'

ပြောပြောဆိုဆိုနှင့် ဦးအောင်ကြီးလည်း ဘုရားကျောင်းဆောင် ၌ ချိတ်ဆွဲထားသော သိမ်ဝင်ပုတီးအား ဖြုတ်ယူကာ လည်၌ဆွဲလိုက် လေ၏။ ပြီးနောက် ကြက်တင်းရိုးနောက်သို့ လိုက်သွားခဲ့လေတော့၏။

❂ ❂ ❂

ဗိန္ဓောဆရာ ဦးအောင်ကြီးနှင့် ရွှေရိုးတို့နှစ်ယောက် ၎င်းတို့ အား လာပင့်သော ကြက်တင်းရိုးတို့ခြံဝရောက်တော့ ရုံးစုရုံးစုဖြစ်နေ ကြသော ရွာသူရွာသားအချို့ကို တွေ့ကြရလေ၏။

'ဟော့… ဖယ်ကြ၊ ဖယ်ကြ၊ ဆရာဦးအောင်ကြီးတို့ ရောက် လာပြီ'

ရွာသူရွာသားတွေအားလုံးပင် သိမ်ဝင်ပုတီးကြီးဆွဲထားသည့် ဗိန္ဓောဆရာ ဦးအောင်ကြီးအား ရှုပေးလိုက်ကြလေ၏။ ကြက်တင်းရိုး လာပင့်တုန်းက သူ့ဘွားလေး ဒေါ်ရင်ကြီးအား ရက်ကာလမကြာမတင် ကလေးကမှ လူ့ဘဝကို တော့တာလုပ်သွားခဲ့သည်။ အဘွားဒေါ်တင်



ကြီးက ဝင်ရောက်ပူးကပ်နေသဖြင့် လာရောက်ပင့်ခေါ်ခြင်း ဖြစ်သည်။

ခု အိမ်ပေါ်ရောက်တော့ ဒေါ်ရင်ကြီးမှာ ငုတ်တုတ်ထထိုင် လျက် ပြောင်းဖူးဖက်လိပ်ကိုခဲကာ တကယ့်ကို အကောင်းပကတိ။

'ကိုင်း… ဘယ်လိုဖြစ်ရတာတဲ့လဲ ဒေါ်ရင်ကြီး'

'ဘာမှမဖြစ်ရပါကလား ဆေးဆရာရယ်၊ ကျုပ် ထိုင်နေတာ သာ ကြည့်ပါရော့'

'မသိပါဘူးဗျာ၊ ခင်ဗျားမြေး ကြက်တင်းရိုးက ခင်ဗျားကို ခင်ဗျားအစ်မ ဒေါ်တင်ကြီးက ဝင်ပူးတယ်ဆိုလို့ လာခဲ့တာ'

'ဟယ်… မဟုတ်တာ၊ ညက လက်ဖက်တွေစားပြီး မျက် လုံးတွေကြောင်နေတာနဲ့ ညဉ့်ဦးယံကျမှ အိပ်ပျော်တာ၊ အေး… အဲဒါ အိပ်ရေးမဝလို့ ထင်ပါရဲ့၊ တသမ်းသမ်းတဝေဝေဖြစ်နေတာ၊ ဒါကို ဒီကောင်လေးက တစ်မျိုးမှတ်ပြီး ဆေးဆရာကိုသွားပင့်တာ နေမှာပေါ့'

ဒေါ်ရင်ကြီး၏စကားကြောင့် ဗိန္ဓောဆရာဦးအောင်ကြီးလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားရသည်။

'ဟယ်… နေဦး ဆရာ၊ ကျုပ် သွားလေသူ အမေနဲ့ပတ်သက် ပြီး ညက အိပ်မက်မက်တယ်တော့'

'အင်း… လုပ်စမ်းပါဦး၊ ဘာတွေများမက်တယ်တဲ့တုံး'

သွားလေသူ ဒေါ်တင်ကြီး၏ခင်ပွန်း ဦးကျောက်ဘီလူး၊ သမီး ဖြစ်သူ မမိဂျမ်းနှင့် သမက်ဖြစ်သူ ကာလသားခေါင်းကြွက်နီတို့အား အိပ်မက်မက်သည်ဆိုသော ဒေါ်ရင်ကြီးထံမှ အကြောင်းအရာအဖြစ် အပျက်တို့ကို နားစွင့်နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အစ်မက ပြောတယ်၊ အစ်မလေ ညည်းတို့အားလုံးကို ထားခဲ့ပြီး သေမင်းခေါ်ရာနောက်ကို လိုက်သွားမယ့်သာ သွားရတယ်၊ အားလုံးကို စိတ်မချဘူး၊ အထူးသဖြင့် မြေးလေးကြက်တင်းရိုးကို သက်နှုန်း စည်းမပေးခဲ့ရတာ သိပ်ကိုရင်နာတယ်'တဲ့။

နောက် ပြောတာတွေ ရှိပါသေး။

'အစ်မလေ အစ်မယောက်ျား ကျောက်ဘီလူးနဲ့ သမက်စုတ် သမက်ပဲ့ ကြွက်နီတို့ကိုတော့ လုံးဝမကျေဘူး၊ ဘဝအဆက်ဆက် ပြန်ဆုံခွင့်ရလို့ ဆုံခဲ့ရင် အမှုန့်ကိုချေပစ်မယ်'ဆိုပဲ'

ဒေါ်ရင်ကြီး၏ အိပ်မက်စကားကြောင့် ယောက္ခထီး ကျောက်ဘီလူးနှင့် သမက်တော် ကြွက်နီတို့မှာ မသိမသာ ခေါင်းငုံ့သွားကြသည်။ မမိဂျမ်းမှာမူ ၎င်း၏ယောက်ျား ကြွက်နီအား မျက်စောင်း တစ်ချက် ခဲလိုက်ပြီး...

'ပြောပါဦး ကြီးတော်ရယ်၊ အမေက အဖေနဲ့ ကိုကြွက်နီကို ဘာတွေများကျေနပ်တာတဲ့တုံး'

'ဘာတွေမကျေနပ်ရမလဲအေ၊ သူ သေငယ်ဇောနဲ့ မျောနေတဲ့အချိန်မှာ ယောက္ခထီးနဲ့ သမက်ဟာ ကြွေကရားအိုးထဲ အရက်ထည့်ခွက်လှည့်ပြီး ချစ်ကြည်ရေးလုပ်နေကြသတဲ့။

ပြီးတော့ သမပ်စုတ် သမက်ပဲ့ ကြွက်နီက သေငယ်ဇောနဲ့ မျောနေတဲ့ ငါ့ကို သေပြီးပြီးချင်း မြေမြှုပ်လိုက်တာ ကောင်းတယ်တဲ့၊ နို့မဟုတ်ရင် အပုပ်နံ့တွေ ဟောင်မှာကျိန်းသေတယ်၊ ခုတော့ အနံ့က ထွက်ချင်လာပြီဆိုပဲ'



ဒေါ်ရင်ကြီး၏စကားကြောင့် မျက်စောင်းခဲနေသော မမိဂျမ်းသည် တဂျိဂျိမြည်အောင် အံကြိတ်နေလေ၏။

'ကဲ... ဆက်ပြောပါဦး ကြီးတော်ရယ်'

'အေး... အဲသလို ညည်းယောက်ျား ကြွက်နီက ပြောတော့ ညည်းအဖေ ကျောက်ဘီလူးကလည်း သမက်ရဲ့စကားကို ထောက်ခံသတဲ့၊ သူ့အနေနဲ့ ညည်းအမေကို ယူချင်လို့ယူခဲ့ရတာ မဟုတ်ကြောင်း၊ သူ့ကို အမိဖမ်းခဲ့တဲ့အတွက် အကြောင်းပါသွားရတဲ့အကြောင်း၊ ညည်းအမေကို ကြောက်လို့သာပေါင်းနေရပေမယ့် တစ်စက်ကလေးမှ မေတ္တာမရှိတဲ့အကြောင်း မြန်မြန်သေပါစေ၊ ဒါမှ ဝဋ်ကျွတ်မယ်ဆိုတဲ့ အကြောင်း ပြောတယ်ဆိုပဲ'

ဒေါ်ရင်ကြီး၏ အိပ်မက်စကားများက ယောက္ခထီး ကျောက်ဘီလူးနှင့် သမက်ကြွက်နီတို့ကို မျက်နှာမထားတတ်အောင် ဖြစ်သွားစေခဲ့သည်။ အမှန်တကယ်လည်း ယောက္ခထီးနှင့် သဘောချင်း တစ်ထပ်တည်းကျ။

'နောက်ပြီး ရှိသေးတယ်၊ အစ်မလည်း ဆုံးပြီးရော အသုဘကိစ္စဆောင်ရွက်ဖို့ထက် ဖဲဝိုင်းလုပ်ဖို့ပဲ တာစူနေကြတယ်တဲ့၊ ယောက္ခထီးဖြစ်တဲ့သူက ပိုကာဝိုင်းမှာ အကောက်ကောက်၊ သမက်ဖြစ်တဲ့သူက ကိုးမီးဝိုင်းမှာ အကောက်ကောက်ပြီး အသုဘကို အမြတ်ထုတ်ကြသတဲ့၊ ရပ်ကလာပ်ထဲကို ကူးတို့ခတစ်မတ်တောင်မှ မထည့်ချင်ထည့်ချင်နဲ့ ထည့်လိုက်ရတာဆိုပဲ'

'ဟင်... ကိုကြွက်နီ၊ ရှင်... ရှင် တော်တော်လေးကို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



အမေအပေါ် မိုက်ရိုင်းရသလား၊ အမေက မွေးခဲ့လို့သာ ကျုပ်ကို ရှင်ရခဲ့တာမဟုတ်လား'

'ဟုတ်… ဟုတ်…'

'ဘာဟုတ်သလဲ၊ ကဲ… ကဲ…'

'အမလေး… ပြုတ်ထွက်တော့မယ်၊ နာတယ်ဟ မိဂျမ်း၊ နာတယ်၊ နာတယ်'

မိဂျမ်းခမျာ ဒေါသကို ချုပ်တီးမထားနိုင်တော့ဘဲ လင်တော်မောင် ကြွက်နီအပေါ် ခုန်အုပ်လျက် ဆွဲမိဆွဲရာ ဆွဲလိုက်ရာ ကြွက်နီခမျာ မခံချိမခံသာဖြင့် အော်ဟစ်နေရလေတော့သည်။ ဤတွင် ယောက္ခထီးကို အားကိုးတကြီး ကြည့်လေ၏။ ကျောက်ဘီလူးသည် ဘယ်အချိန်က ထလစ်သွားမှန်း မသိ။ နေရာမှ ပျောက်ခြင်းမလှ ပျောက်သွားလေတော့၏။

'ဟ… ဆွဲကြပါဟ၊ ဆွဲကြပါ၊ ကြွက်နီ သေတော့မယ်'

'အား… အား… ကယ်ကြပါ၊ ကယ်ကြပါ'

မမိဂျမ်းက တအားဆွဲထား၏။ ကြွက်နီက ရုန်းကန်၏။ လူများဆွဲလွဲကြသော်လည်း ပြေမသွား။ ဤတွင် တစ်ယောက်က ရေပုံးဖြင့် ရေတွေကို ဗွမ်းခနဲလောင်းချလိုက်တော့မှ လူချင်းကွဲသွားကြလေ၏။ လူချင်းကွဲသည့်တိုင် ကြွက်နီလည်း ကာလသားခေါင်းပီသစွာ 'နောက်ကျသည့်ခြေထောက် သစ္စာဖောက်' ဟူ၍ သတ်မှတ်ရင်း နေအိမ်ပေါ်မှ သုတ်ခနဲဆင်းပြေးလေတော့၏။

'မိဂျမ်းရယ်… တော်ပါတော့၊ သွားတဲ့လူလည်း သွားပါပြီ၊



နှင့်အမေဆိုတာ သူ့သက်တမ်းနဲ့သူ သက်တမ်းစေ့အောင်နေသွားရဘာပါ၊ သူ့အောက် အသက်ငယ်တဲ့သူတွေလည်း ငါ့လက်ချက်နဲ့ အဲ… ဟုတ်ပေါင်၊ သေသွားကြတာတွေ တစ်ပုံကြီး။

အိပ်မက်ဆိုတာ မှန်တာလည်းရှိသလို မှားတာလည်း ရှိနိုင်တာပဲဟာ။ သည်တော့ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်ကြီးကို ကျိန်းသေကေန် အမှန်ရယ်လို့ ယူဆထားမနေနဲ့။ ကျန်ရစ်တဲ့သူတွေအဖို့ ကိုယ့်အိမ်ထောင်၊ ကိုယ့်ဂေဟာ၊ ကိုယ့်မိသားစု စိတ်အေးချမ်းသာစွာနဲ့ ဘဝတိုးတက်ဖို့အရေးပဲ အာရုံပြုပေတော့။

ခု ညည်းတို့လုပ်ရမှာက သွားလေသူ ဘဝကူးကောင်းစေဖို့အတွက် သူဖြစ်သွားစေချင်ခဲ့တဲ့ သူ့မြေးလေး ညည်းတို့ရဲ့သားလေး ကြက်တင်းရိုးကို သင်္ကန်းစည်းပေးလိုက်ချေ၊ သံဃာတော်တွေကို ဆွမ်းသင်္ကန်းတွေကပ်လှူပြီး မိခင်ကြီးအတွက် အမျှအတန်းပေးဝေ ဖို့ပဲ မိဂျမ်း၊ ဟုတ်ပြီလား'

'ဟုတ်… ဟုတ်ပါတယ် ဦးအောင်ကြီးရယ်'

သို့ဖြင့် ဗိန္ဓောဆရာဦးအောင်ကြီးလည်း မိဂျမ်းအား တရားချဆုံးမပြီးသည့်နောက် ရွှေရိုးနှင့်အတူ ပြန်လာခဲ့ကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရိုးအဖို့ သည်ကနေ့ ဗိန္ဓောဆရာဦးအောင်ကြီးနှင့်ဒေါ်လှရီတို့ထံ လာခဲ့ရကျိုးနပ်ပြီဟု ဆိုရမည်။

ဦးအောင်ကြီးနှင့်အတူ မကြုံဖူးတာတွေလည်း ကြုံဖူးခဲ့ရပြီ။

သည့်နောက် ဒေါ်လှရီ၏ ငါးရှဉ့်ပွေးသီးချက် အထူးလက်ရာကိုလည်း မြိန်ရေရှက်ရေ စားသုံးခဲ့ရပြီ။ ပြီးတော့ သူ ပန်းမှုံအပေါ် မေတ္တာသက်ဝင် ချစ်ခင်မိကြောင်းကိုလည်း ထုတ်ဖော်တိုင်ပင်ပြီး ဒေါ်လှရီထံမှ အကူအညီတွေလည်း တောင်းခံခဲ့ပြီးပြီ။ ဒေါ်လှရီကိုယ်၌ကလည်း ပန်းမှုံနှင့်ဆွေမျိုးမကင်းဖြစ်ရုံမက ရွှေရိုးအပေါ်၌ အကောင်းမြင်ဝါဒ လွှမ်းခြုံနေသည်မို့ နှစ်ကိုယ်နီးဖို့အရေးကိစ္စအတွက် အတတ်နိုင်ဆုံး ပြေလည်အောင် ကူညီပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ကိုင်း… သည်တော့ ရွှေရိုးအတွက် ဘာများလိုအပ်ပါတော့မည်နည်း။

အနာဂတ်၏ ပန်းခင်းလမ်းကား ပွင့်ဖတ်ဝတ်မှုံတို့ဖြင့် ဖွေးတလွလွ။ ပြီးတော့ မွှေးတမြမြ။

❂ ❂ ❂

'ဟုတ်ပြီ… ဟုတ်ပြီ
အဲသလို ခြေထောက်ဆယ်လှမ်းစီလောက်ကျရင်
တစ်ခါ အော်ပေးရမှာ။
ကျွန်တော်တို့ လျှောက်နေတဲ့
တာပေါ်ကို ဆွမ်းလာလောင်းတဲ့အခါ
ခဏတော့
စောင့်ပေးနော် အရာကြီး'

www.burmeseclassic.com

www.burmeseclassic.com

ဗိန္ဓောဆရာဦးအောင်ကြီးနှင့်ဒေါ်လှရီတို့ လင်မယား အိမ်ရှေ့ခန်း၌ ထမင်းလုံးစီနေကြသည်။

'ကျုပ်တို့ ဘုဂလန့်ရွာမှာ ကာလသားတွေက အများသား။ ကျုပ်တော့ ကျုပ်တူမဝမ်းကွဲတော်တဲ့ ပန်းမှုံလေးနဲ့ သင့်တင့်တဲ့သူကို စဉ်းစားကြည့်တော့ အနုဘောထဲလူချောပဲပြောပြော ရွှေရိုးတစ်ယောက်ပဲ မြင်တယ်၊ ကောင်လေးက မဆိုးဘူး မဟုတ်လား။ တော်ကော ဘယ်လိုသဘောရသလဲ ကိုအောင်ကြီး'

ဒေါ်လှရီက ပြောင်းဖူးဖက်ဆေးလိပ်ကို ကြေးဝါမီးခြစ်ဖြင့် မီးညှိဖွာရှိုက်ရင်း စကားစသည်။ ဤ၌ ဗိန္ဓောဆရာဦးအောင်ကြီးလည်း ၎င်း၏ ကားစွင့်နေသော နှုတ်ခမ်းမွေးတို့ကို တယုတယသပ်လျက်။

'အင်း… မင်း ကောက်ချတာလည်း မလွဲပါဘူး မလှရီ၊ ကောင်လေးက အားလုံးထက်ယှဉ်ရင် သာတာတော့အမှန်ပဲ။ ဟိုးတစ်ခါတုန်းက ကလိမ်ကကျစ်ဝရတ်ကျင်ငွေဆီကနေ ဒေါ်ပန်းရုံကြီးရဲ့ လက်ကောက်အစစ်တွေကို ပြန်ရအောင် သူပဲ ကြံဆောင်ပေးခဲ့တာ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်တယ်လေ၊ အဲဒီကတည်းက ကျုပ်က ဒီကောင်လေးကို သဘောကျနေခဲ့တာ’

‘ပြောရဦးမယ် မလှရီရေ…

တို့များ ဘုဂလန့်ရွာသားတွေက သိပ်ပြီးချီးမွမ်းဖို့တော့ မကောင်းဘူး’

‘ဘာကြောင့်တုံးတော့’

‘ဘာကြောင့်ဆို စင်းလုံးချော မဟုတ်လို့ပေါ့ကွာ၊ တစ်နေရာ မဟုတ်၊ တစ်နေရာမှာတော့ ချော်တောငေါ့တတ်တာချည်းပဲ၊ မင်းက ရွှေရိုးအကြောင်း အကုန်သိလို့လား’

‘ဒါတော့ အကုန်ဘယ်သိမလဲတော်၊ ကဲ… ပြောစမ်းပါဦး’

‘ဒီကောင်လေးလည်း ဘုဂလန့်ရွာရဲ့ ရေခံမြေခံကောင်းမှာ မွေးလာတာဆိုတော့ စကားအကျအနကောက်တာရယ်၊ ကတ်တီးကတ်ဖဲ့လုပ်တာရယ်၊ အထက်မတက် အောက်မဆင်း ဝကျကျလုပ်တာရယ်ကတော့ မှတ်သားလောက်တယ်ဟေ့… မှတ်သားလောက်တယ်’

‘ဘယ်လိုများတုံး ကိုအောင်ကြီးရယ်’

‘ပြောရမှာပေါ့ မလှရီရေ၊ ဒီလိုဗျ၊ ဒီလို… ဒီလို’

သည်သို့ စကားခံပြီးသည့်နောက် ရွှေရိုး၏အကြောင်းကို နောက်ကြောင်းပင့်နှိုးလိုက်ပါသတည်း။

❂ ❂ ❂



သည်တုန်းက ရွှေရိုးတစ်ယောက် ခုလိုမျိုး လောက်လောက်လားလား ကာလသားကြီးမဖြစ်သေး။

ကြီးကောင်မဝင့်တဝင် ဘုန်းကြီးကျောင်းသားဘဝ။

ဘုန်းကြီးကျောင်းသားဆိုတော့လည်း မနက်အရုဏ်မတက်ခင် ဝေလီဝေလင်း၌ ဆွမ်းချိုင့်ချထားသော အိမ်များမှ ဆွမ်းချိုင့်တို့ကို သွားယူရသည်။ ကျောင်းဝေယျာဝစ္စတွေ လုပ်ကိုင်ဆောင်ရွက်ရသည်။ နံနက် ကိုးနာရီခွဲလောက်ရောက်တော့ ဆွမ်းအုပ်များ၊ ဆွမ်းဟင်းခွက်များ၊ ဆွမ်းချိုင့်များအပါအဝင် ဆွမ်းခံဆိုင်းထမ်းကို ပြင်ရသည်။ ထို့နောက် ဦးဇင်းတစ်ပါးပါးနှင့်ဖြစ်စေ၊ ကိုရင်တစ်ပါးပါးနှင့်ဖြစ်စေ ကြေးစည်တီးကာ ‘ဆွမ်းတော်ဖျို့’ ဟူ၍ ဟစ်အော်မည့် ကျောင်းသားတစ်ယောက်နှင့်တွဲလျက် ၎င်းက ဆိုင်းထမ်းကိုထမ်းကာ ဘုဂလန့်ရွာ တစ်ပတ် ဆွမ်းခံထွက်ရသည်။

တစ်နေ့ ဆွမ်းခံထွက်စဉ် လမ်းခုလတ်၌ တောင်းနှစ်လုံးကို ထမ်းလျက် တကြော်ကြော်ဟစ်အော်နေသော ကုလားတိန်တစ်ဦးနှင့် လမ်း၌ ဆုံ၏။

ထိုကုလားတိန်မှာ ရွာစဉ်လှည့်လျက် ကြေးနီ၊ ကြေးဝါ၊ ဒန်အိုး ဒန်ခွက်၊ သံချောင်းနှင့်တကွ ပုလင်းခွံအပါအဝင် တိုလီမုတ်စ များကို ကုလားပဲလှော်ဖြင့် လဲ၍သော်လည်းကောင်း၊ ငွေကြေးဖြင့် ဝယ်ယူ၍သော်လည်းကောင်း၊ စီးပွားရှာသူဖြစ်သည်။ သည်ကနေ့ သည်ကုလား ဘာပစ္စည်းမျှ ဝယ်ခြမ်း၍ရပုံမပေါ်။

‘ကြေးနီ၊ ကြေးဝါ၊ သံတို၊ သံစ၊ သံချောင်းတွေ ဝယ်တယ် ပုလင်းခွံတွေဝယ်တယ်’

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မဆလာသံဖြင့်အော်ကာ ဟောင်းနှစ်လုံးထမ်း၍ လျှောက်နေ၏။ ထိုနေ့က ရွှေရိုးဆွမ်းခံထွက်ရသည်မှာ တစ်ဦးတည်း ဖြစ်၏။ ကျောင်းထိုင်ဘုန်းကြီးနှင့်တကွ ဦးပဉ္စင်းတစ်ပါး၊ ကိုရင် တစ်ပါးနှင့်ကျောင်းသားတစ်ယောက်တို့မှာ ဟဖက်ရွာဆွမ်းကျွေး လာပင့်၍ ကျောင်းမှာမရှိ။ တကယ်တော့ ကျောင်းမှာလည်း ရွှေရိုး အတွက် တစ်ယောက်စာကတော့ ပြည့်ပြည့်စုံစုံရှိသည်။ ကျောင်းမှာ မစားချင်လျှင်လည်း အိမ်ပြန်စား၍ရသည်ပဲ။

သို့ရာတွင် အိမ်ကိုလည်း ပြန်မစားချင်။ ကျောင်းမှာလည်း ခပ်ပျင်းပျင်းမို့ ဆိုင်းတန်းထမ်းကာ တစ်ကိုယ်တော် ဆွမ်းခံထွက်လာ ခြင်းဖြစ်သည်။ ဤသို့ အခက်အခဲရှိသည်က ကြေးစည်ထုမည့်သူ၊ ထို့ပြင် 'ဆွမ်းတော်ဗျို့' ဟစ်မည့်သူ မပါခြင်းပင်။ ကြေးစည်မပါဘဲ 'ဆွမ်းတော်ဗျို့' ဟစ်၍ မရဘူးလားဆိုတော့ ရသည်။ သို့ရာတွင် ထိုသို့ မအော်ချင်ပေ။ သည်မှာတင် အကြံတစ်ခုက ရွှေရိုးခေါင်းထဲသို့ လက် ခနဲ အကြံအစည်တစ်ခုက ဝင်လာခဲ့၏။

'ဗျို့… အရာကြီး… အရာကြီး'

'ဟေ… ဘာတုံး ကန်းကလေး'

'ပစ္စည်းတွေလိုက်ဝယ်တာ အတော်ရပြီလား'

'ဟရေး… ခြေသလုံးတွေတာ ဖတ်ဖတ်မောတယ်၊ ဘာတစ် ခုမှမရသေးပါဘူးကွယ်'

'ဒါထက် အရာကြီးက သံချောင်းတွေတင်ပဲလား၊ သံသပိတ် ကောရရင် မဝယ်ချင်ဘူးလား'



'ဟရေး… ကုလားနော်၊ သံဆိုရင်ပြီးပြီ၊ သံချောင်းရရ၊ သံလုံးရရ၊ သံခဲရရ၊ သံသပိတ်ရရ ဝယ်မယ် ကန့်ကလေး၊ ကိုင်း… ဘယ်မှာရှိတာလဲ၊ ဘယ်တူရောင်းမှာလဲ'

'ရောင်းမယ့်အိမ်ကို ကျွန်တော်ပြမယ်လေ'

'ဟား… ကျေးဇူးပဲ၊ ကျေးဇူး… ကျေးဇူး… ကိုင်း… ကိုင်း… နောက်ကိုပြပါ ကန်းကလေး'

'ဒီလိုတော့ မရဘူးလေ၊ အရာကြီးကို ကျွန်တော်ကူညီသလို အရာကြီးကလည်း ကျွန်တော့်ကို အကူအညီပေးမှပေါ့ ဟုတ်ဘူးလား'

'သြ… ဒီလိုလား၊ ကမ်းဘီ ကန့်ကလေး၊ ပြောပါ… ကုလား… ဘယ်လိုကူညီရမလဲ'

'ဒီလိုပါ အရာကြီး၊ ဒီကနေ ဟိုးအရှေ့ပိုင်းက ဘုန်းကြီး ကျောင်းအထိ ဆွမ်းခံသွားရမှာ အရာကြီးက 'ဟောဒီက… ဆွမ်းတော် ဗျို့' လို့ ခြေလှမ်းဆယ်လမ်းစီလောက်ရောက်ရင် တစ်ခါ၊ ခြေလှမ်း ဆယ်လှမ်းရောက်ရင် တစ်ခါ အော်ပေးပါ၊ ကျောင်းဝရောက်တာနဲ့ ပြန်လှည့်ပေရော့၊ အဲဒီကျရင် သံချောင်းရော၊ သံလုံးရော၊ သံခဲရော သံသပိတ်ရော ရှိတဲ့အိမ်ကို ညွှန်ပြပေးလိုက်မယ် ဟုတ်ပလား'

'ဖြစ်တယ် ကန့်ကလေး၊ ကုလားအဖို့ ဒီကနေ့တော့ သံ ချောင်းရယ်၊ သံလုံးရယ်၊ သံခဲရယ်၊ သံသပိတ်ရယ် ရလို့ကတော့ တစ်ခါတည်း ရှေ့မဆက်တော့ဘဲ ပြန်တော့မယ်။

ဒါထက် ကုလားအော်ရမှာက ဘာတဲ့'

'ဟောဒီက… ဆွမ်းတော်ဗျို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟဒီကား ဆမ်တော်ဖိုး'

'ဟုတ်ပြီ… ဟုတ်ပြီ၊ အဲသလို ခြေလှမ်းဆယ်လှမ်းစီလောက် ကျရင် တစ်ခါအော်ပေးရမှာ၊ ကျွန်တော်တို့ လျှောက်နေတဲ့ တာပေါ်ကို ဆွမ်းလာလောင်းတဲ့အခါ ခဏတော့ စောင့်ပေးနော် အရာကြီး'

'စောင့်မယ်… စောင့်မယ်'

သို့ဖြင့် နှစ်ဦးသား အပေးအယူတည့်သွားကြပြီး ကြေးစည်သံ မကြားရပါပဲနှင့်…

'ဟဒီကား… ဆမ်တော်ဖိုး'

'ဟဒီကား… ဆမ်တော်ဖိုး'

ဟူသည့် တောင်းနှစ်လုံးနှင့် ဘော်တယ်ကုလားကြီး၏ နိဗ္ဗာန် ဆော် ဆွမ်းတော်ဖို့ဟစ်မှုကို ဘုဂလန့်ရွာသူရွာသားများသည် အထူး အဆန်းသဖွယ် ထွက်ကြည့်ကြရင်း ပြုံးစေ့စေ့ဖြစ်သူ၊ ရယ်မောဟား တိုက်ကြသူတွေ တစ်ပုံတစ်ပင်။

'ဟဒီကား… ဆမ်တော်ဖိုး'

'ဟဒီကား… ဆမ်တော်ဖိုး'

ကုလားကြီးလည်း ၄င်းလက်ဝယ်ရှိ လိုသောပစ္စည်းရှိရာ လမ်း ညွှန်ကိုရနိုင်ရေးအတွက် ရွှေရိုးအား ဘုန်းကြီးကျောင်းပေါက်ဝအထိ ဝန်ဆောင်မှုပေးလိုက်ပါ၏။

'ကိုင်း… ကန့်ကလေးနော်၊ ငါ့တာဝန်ကျေဘီ၊ နင်ပဲ ကျေဖို့ လိုတော့တယ်'

'စိတ်ချပါ အရာကြီးရယ်၊ အရာကြီးနဲ့ကျွန်တော်နဲ့ စပြီးရပ်ခ



ကားပြောတဲ့နေရာရဲ့ ခြေလှမ်းဆယ့်ငါးလှမ်းလောက်မှာ ကောက်ရိုးပုံ ကြီးတစ်ပုံပုံထားတဲ့ အိမ်ကြီးရှိတယ်၊ အဲဒီအိမ်မှာ သံချောင်း၊ သံလုံး၊ သံခဲ၊ သံသပိတ်တို့ ရှိတယ်၊ ကိုင်း… သွားပေရော့'

'ကောင်းပြီ… ကန့်ကလေး'

ကုလားကြီးလည်း ဝယ်လိုသောပစ္စည်းရတော့မည့် အရေး အတွက် ရွှင်ပြမြူးထူးစွာဖြင့် ရွှေရိုးလမ်းညွှန်ရာထံသို့ ရှေ့ရှုထွက်သွား လေတော့၏။

ကုလားကြီးသည် ပြုံးရွှင်လန်းဆန်းသော မျက်နှာဖြင့် တာရိုး အတိုင်းလျှောက်သွားပြီး ရွှေရိုးညွှန်ပြရာအိမ်သို့ ရာလေ၏။

'ဟော… ဟော… တွေ့ပြီ… တွေ့ပြီ၊ ကောက်ရိုးပုံကြီး တစ်ပုံ တွေ့ထားတယ်'

ကုလားကြီးလည်း ဝမ်းသာအားရဖြင့် တာလမ်းဘေးမှဆင်း ကာ ကောက်ရိုးပုံထားသော အိမ်ခြံဝင်းကြီးထဲသို့ တန်းတန်းမတ်မတ် ဝင်လာခဲ့လေ၏။

ဤတွင် ထဘီရင်လျားဖြင့် ရေတွင်းမှရေငင်နေသော ဒေါ်အသေးမသည် ကုလားကြီးအားမြင်သည်နှင့်…

'ဟဲ့… ကုလား၊ ငါ့ခြံထဲ ဘာဝင်လုပ်တာလဲ'

'ဟရေးအားမား၊ ကုလားနော်… ခြံထဲပဲ ဝင်ရသေးတာ ဘာမှမလုပ်ရသေးပါဘူး အားမား'

'အောင်မာ… ကုလားက စကားပြောတာများ ရယ်ရစေ ကိုင်း… ပြောစမ်း ဘာကိစ္စလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စကတော့ အားမားတို့အိမ်မှာရှိတဲ့ သံချောင်းရယ်၊ သံလုံးရယ်၊ သံခဲရယ်၊ သံသပိတ်ရယ်ကို ဝယ်ချင်လို့ အားမား၊ ကုလားနော် ဈေးမနှိမ်ဘူး၊ ကန်းကန်းပေးမယ်'

ကုလားကြီး၏စကားကြောင့် အိမ်ပေါ်မှ လူလေးယောက်ဆင်းလာ၏။ ထိုအထဲမှ အသက်ငါးဆယ်ခန့် ထိပ်ပြောင်ပြောင်နှင့်လူက…

'ဟေ့… ကုလား၊ လာမနောက်နဲ့ သေသွားချင်လို့လား'

'ဟရေး… အားကိုးကြီး၊ ကုလား ဘာပြို့လို့သေးရမှာလဲ၊ ကုလားဖာတာကုလား ရိုးရိုးတားတား ရောင်းဝယ်နေတာ၊ ကိုင်း… ဘယ်မလဲ သံချောင်း၊ သံလုံး၊ သံခဲ၊ သံသပိတ်တို့ဆိုတာ'

'အေး… သိချင်ရင်လည်း ပြောရတာပေါ့ကွာ၊ သံချောင်းဆိုတာ ငါ့နာမည်ကွ၊ ဟောဒီ ငါ့သားသုံးယောက်ရဲ့ နာမည်တွေက သံလုံး၊ သံခဲ၊ သံသပိတ်တဲ့ကွ'

'အာ… ရှိ… ရှိ'

သည်အခါကျလေတော့ ကုလားလည်း သူ့နဖူးကိုသူ ဖတ်ခနဲရိုက်လျက် သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ပြောလေရာ၊ အကြောင်းစုံ သိသွားပြီးဖြစ်သဖြင့် ကုလားကြီးအပေါ် ကရုဏာသက်ရသည်နှင့်အမျှ ရွှေရိုးအပေါ်၌ မေတ္တာပို့ကြလေတော့သတည်း။

✪ ✪ ✪

'ဘာပဲဖြစ်ဖြစ်ကွာ…
ဒါ… ငါတို့ရွာရဲ့…
သောက်သုံးရေကန်ကွ။
မင်းတို့ လက်စွပ်က အရေးမကြီးဘူး။
အခု… ပြန်တက်ပြီး
သွားကြတော့…'

www.burmeseclassic.com

www.burmeseclassic.com

ရွှေရိုး၏အကြောင်းကား သည်လောက်မျှနှင့်တော့ ပြည့်စုံလိမ့်မည့်မဟုတ်။

သည့်အတွက်ကြောင့်လည်း ဗိန္ဓောဆရာဦးအောင်ကြီးက မယားဖြစ်သူ ဒေါ်လှရီအား 'ပြောရဦးမယ် မလှရီရေ့' ဟုအစချီလျက် သာဓကတစ်ခုကို ဆောင်ပြန်ပါလေသတည်း။

'တစ်ခါတုန်းကပေါ့ကွာ…

အဲသည်တုန်းက အင်း… ရွှေရိုးဆိုတဲ့ကောင် ဘုန်းကြီးကျောင်းသား ဘဝလောက်ကပေါ့။

တစ်နေ့ ရွာထဲမှာ လတ်လျား၊ လတ်လျားလုပ်နေတုန်း သူ့ဘွားလေးအိမ်ကို ရောက်သွားတယ်၊ သူ့အဘွားလေး အိမ်မှာက ကြက်ဘွေ မွေးထားတာ တစ်ပုံကြီး၊ အဲဒါနဲ့ သူ့ကိုချစ်တဲ့ သူ့အဘွားလေးက ကြက်မကြီးတစ်ကောင်ကို ဖမ်းလို့…

'ဟဲ့… ငါ့မြေး ရွှေရိုး၊ ဟောဒီက ကြက်မက အင်မတန်ဖြူးကောင်းတယ်၊ အဲဒါကို မင့်အိမ်ယူသွား၊ ဘွားလေးနဲ့ ထ[illegible]စားနော်'

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ပေးလိုက်တယ်။

အဲသည်တော့ တို့ကောင်ရွှေရိုးလည်း အားရဝမ်းသာနဲ့ပေါ့၊ သူ့အိမ်ကို ကြက်မကြီး မချသွားတယ်၊ နောက်နေ့ကျတော့ ဘွားလေး အိမ်ကို ပြန်ရောက်သွားတာပေါ့။

ဒီတော့ သူ့ဘွားလေးက···

'ဟဲ့··· ရွှေရိုး၊ ဘယ်နှယ့်လဲ ဘွားလေးပေးလိုက်တဲ့ ထက်ဝက်စား ကြက်မကြီး'

လို့မေးလိုက်တော့ ဘာပြောကောင်းမလဲ။

ရွှေရိုးလည်း သူပါလာတဲ့ အမွေးနုတ်ပြီးသား ကြက်တစ်ခြမ်းကို ပေးလိုက်ရင်း···

'ချက်ပြီးရင်တော့ အင်မတန်စားလို့ကောင်းမှာ ဘွားလေးရဲ့၊ ခု ဘွားလေးရဲ့စကားအတိုင်း 'ထက်ဝက်စား' ဆိုတော့ တစ်ကောင်လုံး မစားတော့ဘဲ၊ ဘွားလေးကို ထက်ဝက်လာပေးတာ' တဲ့ဗျား။

'ဟား··· ဟား··· ဟား၊ ရွှေရိုးကတော့ တကယ့်ကောင် ပါပဲလား ကိုအောင်ကြီးရယ်··· နော်'

'ဟုတ်ပ··· မလှရီရေ ဟုတ်ပ၊ တစ်ခါတုန်းကလည်း ကြာဖြူကန်ရွာအသွားမှာ ကံကောင်းလို့ အရိုက်မခံရတာယ်၊ ဒါလည်း ဒီကောင် ဖြတ်ထိုးဉာဏ်ကောင်းပေလို့သာပေါ့'

'ပြောစမ်းပါဦး ကိုအောင်ကြီးရယ်'

'ပြောရမှာပေါ့ မလှရီရေ'

ဟုဆိုလျက် ဗိန္ဒောဆရာဦးအောင်ကြီးလည်း ခွတီးခွကျနိုင်



လှသော ဘုဂလန့်ရွာသား ရွှေရိုးအကြောင်းကို နောက်ဆက်တွဲလိုက် ပြန်ပါသတည်း။

✿ ✿ ✿

အဲသည်နေ့က ကြာဖြူကန်ရွာမှာ ကြက်ပွဲဖြစ်မည်ဆို၍ ယောင်တောင်ပေါင်တောင်နှင့် ရွှေရိုး ရောက်သွားခဲ့သည်။

ဘုဂလန့်ရွာနှင့်ကြာဖြူကန်ရွာမှာ ခရီးတာအားဖြင့် ငါးမိုင် လောက် ကွာလိမ့်မည်။ တာပတ်လမ်းခင်းထားသော ဆက်ထားသော လမ်းမရှိ။

နွေပေါက်လျှင် လယ်ကန်သင်းဘောင်များပေါ်မှ လျှောက် သွားရသည်။

တစ်ဖြောင့်တည်းမဟုတ်၍ ကွေ့ပတ်လျှောက်ရသည်မို့ ငါးမိုင် ထက်တောင် ပိုဝေးလေရော့သလားဟု ထင်ရသည်။

ဒါတောင် နေမထွက်မီသော်လည်းကောင်း၊ နေညိုမှသော် လည်းကောင်း လျှောက်ပါမှ သို့မဟုတ်လျှင်တော့ လမ်းတစ်လျှောက်၌ အရိပ်ရသစ်ပင် သိပ်မရှိ၍ နေပူပူအောက်မှာ ကျောကော့အောင် ချွေးသံ တရွှဲရွှဲဖြင့် လျှောက်ရလိမ့်မည် ကေန်ပင်။

အိမ်က တိုက်ကြက်ဖလေး၏အစွမ်းကို စမ်းသပ်လိုသည်မို့ အဖော်ဖြစ်သူ သံသပိတ်နှင့်အတူ နေလုံးမရင့်ခင်ကပင် ကြာဖြူကန်ရွာ သို့ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စပါးပင်တွေက ရိတ်သိမ်းပြီးဖြစ်လေတော့ လယ်ကွင်းတွေထဲမှာ ရိုးပြတ်တွေက တထောင်ထောင်။ လမ်းကို အဖြောင့်လျှောက်မည်ဆိုလျှင်ဖြင့် ထိုးထိုးထောင်ထောင်ဖြစ်နေသော ရိုးပြတ်တို့ကို တက်နင်းဖြတ်သန်းလျှင် ခရီးတာကြုံ့မည်မှန်သော်ငြား အန္တရာယ်ကားကြီးလှ၏။

အကြောင်းမူ ရိုးပြတ်များကြား၌ မြွေပွေးတို့ ခိုအောင်းနေတတ်သည် မဟုတ်ပါလား။

သည်တော့လည်း 'အလျင်မလို လမ်းအိုကိုလိုက်' ဆိုသည့်စကားအတိုင်း လယ်ကန်သင်းတွေပေါ်ကပဲ ဖြတ်လျှောက်ခဲ့ကြသည်။ ကံကောင်းထောက်မလျှင် လယ်ကန်သင်းဘေးဝဲယာ၌ နွေဖားများကို ရရှိတတ်သည် မဟုတ်လား။

တစ်မိုးတွင်းလုံး အစာရေစာဝလင်စွာ စားသောက်ပြီး ကိုယ့်အိမ်ကိုယ့်ယာ မဖွေရှာမဆောက်လုပ်ဘဲ လယ်ပုစွန်လုံးကွင်းများသို့ အတင်းတိုးဝင်သော လယ်ပုစွန်လုံးကို စားသောက်လျက် နပ်နေတတ်သော နွေဖားများ ရရှိလို့ကတော့ ကြက်သားနှင့်ပင် လဲနိုင်လိမ့်မည် မထင်။

ရွှေရိုးနှင့်သံသပိတ်တို့အဖို့ အိမ်မှမနက်လေးစာ ထမင်းကြမ်းကလေးမျှပင် မစားသောက်ခဲ့လေရကား ကြာဖြူကန်ရွာနားရောက်တော့ ပင်ပန်းနွမ်းနယ်ကာ ဝမ်းဟာသလို ဖြစ်ခဲ့ကြသည်။

'ဗိုက်ထဲက ဆာလာပြီ ရွှေရိုး၊ တဂွီဂွီနဲ့'

'မင်းချည်းပဲ မဟုတ်ပါဘူး၊ ငါလည်း ဗိုက်ဆာတာပါပဲ



သံသပိတ်ရဲ့၊ နေဦး ဘာများအစားအသောက် ရနိုင်မလဲလို့ ကြည့်လိုက်ဦးမယ်'

သံသပိတ်သာ မဟုတ်။

သူကိုယ်တိုင်ကပါ ဝမ်းထဲတကျုတ်ကျုတ် မြည်နေလေတော့ ရွှေရိုးလည်း အဆာပြေစားသောက်ရန်အတွက် ပတ်ဝန်းကျင်ဝဲယာကို စူးစမ်းကြည့်လိုက်သည်။

ကံအားလျော်စွာပင်...။

ကောက်ညှင်းပေါင်းသည်ကြီးတစ်သည်က ကြာဖြူကန်ရွာထိပ်ရှိ ညောင်ပင်ကြီးအောက်၌ ဈေးထိုင်ရောင်းနေသည်ကို တွေ့လိုက်ရသည့်အတွက် လှိုက်ခနဲ ဝမ်းသာသွားခဲ့ရသည်။

'ဟေး... အတော်ပဲကွ သံသပိတ်ရ၊ သည်မနက်စာတော့ ကောက်ညှင်းပေါင်းနဲ့ပဲ ဝမ်းမီးကိုငြိမ်းရတော့မှာပဲ'

'ဘာပဲ စားရစားရကွာ၊ ဗိုက်ပြည့်ရင် ပြီးတာပဲ'

သို့ဖြင့် ကောက်ညှင်းပေါင်းသည်ကြီးထံမှ ကောက်ညှင်းချိတ်ပေါင်း၊ ပဲပြုတ်နှင့်အာပြဲခြောက်တို့ကိုဝယ်ကာ ဗိုက်ပြည့်အောင် စားသောက်လိုက်ရသည်။

သည့်နောက် နှစ်ယောက်သား ကြက်ပွဲရှိမည့် ရွာအနောက်ဘက် ကုက္ကိုပိုင်းချောင်သို့ ထွက်လာခဲ့လေသည်။

ကြက်ဝိုင်းဖြစ်မည်ဟူ၍သာ ပြောသည်။

တကယ့် တကယ်ကျတော့ လူတွေရှင်းနေ၏။

'ဟ... ဘယ်လိုဖြစ်ရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပကွာ လူတွေကိုရှင်းလို့၊ လူမပြောနဲ့ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင်မှ မမြင်ရဘူး'

ထိုခဏ ကြာဖြူကန်ရွာသားတစ်ယောက် ရောက်လာသည်။ ရွှေရိုးလည်း အကြောင်းအရင်းစုံကို သိလိုသည့်အတွက် မေးလိုက်သည်။

'ဘယ်လိုလဲဗျ၊ ဒီနေ့ ကြက်ပွဲဖြစ်မယ်ဆိုလို့ လာခဲ့တာ၊ ဘယ့်နှယ် မဖြစ်ဘူးလား'

'ကနဦးတော့ ဖြစ်မလို့ပါပဲ၊ ဒါပေမဲ့ ရာဇဝတ်အုပ်နဲ့အဖွဲ့ ရွာကိုဆင်းလာမယ်လို့ သတင်းကြားတာနဲ့ ကြိုပြီးဖျက်ထားတာ'

'သေပါတော့ဗျာ၊ ကျုပ်တို့က ပွဲဖြစ်မယ်ထင်လို့ ဘုဂလန့်ရွာကနေ တကူးတကန့် လာခဲ့ကြတာဗျ၊ လာမောကြီးတော့ ဖြစ်ပါပြီ'

'ဒီတော့လည်း အေးအေးလူလူ ထန်းတောသွားပြီး နေညိုမှပဲ ပြန်ကြပေါ့ဗျာ'

'အင်းလေ… ခုနေကျကာမှတော့လည်း အဲသလိုပဲ လုပ်ရတော့မှာပေါ့'

ရွှေရိုးနှင့်သံသပိတ်လည်း စိတ်ပျက်လက်ပျက်နှင့်ပင် ကြာဖြူကန်ရွာသား ညွှန်ပြသော ထန်းတောရှိရာသို့ ထွက်လာခဲ့လေတော့၏။

ကြာဖြူကန်ရွာထန်းတော၌ တစ်ခွက်တစ်ဖလားချရင်း နှစ်ယောက်သား အချိန်ဖြုန်းနေမိကြသည်။



အပြင်မှာတော့ နေအရှိန်ကြောင့် တံလျှပ်ခိုးတံလျှပ်ငွေ့တို့မှာ တရိပ်ရိပ်တရေးရေး။

သည်အပူထဲမှနေ၍ ရွာကိုပြန်ရလို့ကတော့ အတော်လေးကို ချောင်မည်မဟုတ်။

သည်တော့လည်း ထန်းတဲမှာပင် ကျည်တောက်တစ်လုံးပြီး တစ်လုံးဖြိုရင်း နားနားနေနေ အပူခိုလိုက်ကြလေတော့၏။

သည်သို့ ထန်းရည်တန်ခိုးဖြင့်မှေးရင်း နေညိုလေတော့ ကြက်ကိုပိုက်လျက် ထန်းတောကို ကျောခိုင်းလိုက်သည်။

'ကိုင်း… ရွာပြန်ကြမယ် သံသပိတ်'

'ဒါပဲ ရှိတော့တာပေါ့ကွာ'

နှစ်ယောက်သား ဟိုကွေ့သည်ပတ်ဖြင့် လျှောက်လာခဲ့ကြလေ၏။

'ဟေ့ကောင်… သံသပိတ်'

'ဘာတုံး ရွှေရိုး'

'မင်းတော့ ဘယ်လိုနေတယ် မသိဘူး၊ ငါ့ရင်တွေ တစ်ခုလုံး ပူနေတယ်၊ လေတက်တော့လည်း မခံမရပ်နိုင်အောင်ပဲ'

'ဟုတ်ပါရဲ့ကွာ မင်းတင်မဟုတ်ဘူး၊ ငါလည်း ရင်ပူနေတာပဲ၊ ကေန္တ တို့တတွေ ကောက်ညှင်းတွေ မဆန့်မပြဲစားခဲ့ကြလို့ထင်တယ်'

'သေချာတာပေါ့ကွာ၊ ဒီတော့ ရင်ပူသက်သာအောင် ဘယ်လို လုပ်ကြရင် ကောင်းမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အေး··· တစ်နည်းတော့ရှိတယ်၊ ရင်ပူသက်သာအောင် ရေထဲဆင်းစိမ်တာ အကောင်းဆုံးပဲ'

'ဟာ··· ဒါဆို အတော်ပဲ၊ ဟောဟိုရှေ့မှာ ရေကန်ကြီးတစ်ကန်ကွ၊ အဲသည်မှာသွားပြီး စိမ်ကြရအောင်'

'ဟာ··· အရမ်းမလုပ်နဲ့ဦး ရွှေရိုး၊ ဘေးဘီကိုလည်း ကြည့်ဦး'

'ဘာဖြစ်လို့လဲကွ'

'ဘာဖြစ်ရမလဲ၊ အဲဒါ ရွာရဲ့သောက်သုံးရေကန်လေကွာ၊ တို့တွေ ဆင်းစိမ်တာတွေ့ရင် ပြဿနာတက်လိမ့်မယ်'

'မတက်နိုင်ပါဘူးကွာ၊ အခုလည်း ကန်ပတ်ဝန်းကျင်မှာ ဘယ်သူမှ မတွေ့ရဘူး၊

စိမ်လိုက်မှ ရင်ပူသက်သာမှာ'

'သဘောပဲကွာ'

သို့ဖြင့် နှစ်ယောက်သား စိတ်တူကိုယ်တူ၊ တိုက်ကြက်ကိုကြိုးချည်ခဲ့ကာ အဝတ်အစားများစုပုံလျက် ရေထဲဆင်းစိမ်လိုက်ကြသည်။

'ဟား··· ကောင်းလိုက်တာကွာ၊ ရေက အေးစိမ့်နေတာပဲ၊ ပူနေတဲ့ရင်တွေ ယူပစ်လိုက်သလိုပဲ'

'ဟုတ်ပကွာ ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်၊ ဟာ··· ရွှေရိုး၊ ဟို··· ဟို··· ဟိုမှာ··· ဟိုမှာ'

'ဟေ့ကောင်··· သံသပိတ်၊ ဘာဖြစ်နေတာလဲ'



'ဘာဖြစ်ရမလဲ၊ ရွာထဲကလူတွေ ဟုတ်တွေ၊ ဓားတွေနဲ့ တို့ဆီပြေးလာကြပြီ'

မှန်ပေစွ။

ရွာထဲမှ ရွာသားအချို့ တုတ်ဓားများကိုင်ဆောင်လျက် သူတို့ရေစိမ်နေသည့် အရပ်သို့ ဦးတည်လာကြသည်ကို တွေ့လိုက်ရလေ၏။

'ရွှေရိုးရေ··· သည်တခါတော့ သူများရပ် သူများရွာမှာ မာလကာဇီဝိန်ကြွတော့မယ် ထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ၊ ကုန်းပေါ်တက်ပြေးလည်း လွတ်မှာ မဟုတ်ဘူး'

အမှန်တကယ်လည်း လွတ်ကင်းမှာမဟုတ်။

သည်တော့ ရွှေရိုးအဖို့ ရုတ်တရက်ချက်ချင်း စဉ်းစားရတော့သည်။

'ဟေ့ကောင်··· သံသပိတ်၊ ငါပြောသလိုလုပ်··· ငါပြောသလိုလုပ်'

'ပြော··· ပြော၊ ဘာလုပ်ရမှာလဲ··· ဘာလုပ်ရမှာလဲ'

'ရေငုပ်··· ရေငုပ်၊ ပြီးရင် ခေါင်းပြန်ဖော် နောက် ပြန်ငုပ်၊ သူတို့ သည်နားရောက်လာရင် မင်းပါးစပ်က တစ်လုံးမှ မဟနဲ့၊ ငါ ရှင်းထုတ်လိုက်မယ်'

သံသပိတ်လည်း ရွှေရိုး စီမံသည့်အတိုင်း ရေကန်ထဲသို့ ငုပ်လိုက်၏။

ထို့အတူ ရွှေရိုးလည်း ရေကန်ထဲသို့ ငုပ်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြာကြာမငုပ်နိုင်၍ ဘွားခနဲ ပြန်ပေါ်၏။

'ဟော့ကောင်··· ထပ်ငုပ်ဦး··· ထပ်ငုပ်ဦး'

သည်သို့ နှစ်ဦးသား ငုပ်လိုက်ပြန်ပေါ်လိုက်၊ ငုပ်လိုက်ပြန်ပေါ်လိုက် ဖြစ်နေစဉ်မှာပင် တုတ်များဓားများ ကိုင်ဆောင်ထားကြသည့် ကြာဖြူကုန်ရွာသားများ ရောက်ရှိလာကြသည်။

'ဟော့ကောင်တွေ··· မင်းတို့ လူလိုနားမလည်ဘူးလား၊ ဒါ တို့များ တစ်ရွာလုံးရဲ့ သောက်ရေကန်ကွ··· သောက်ရေကန်'

'တောက်! တက်ခဲ့စမ်း၊ တို့များရွာကိုလာပြီး စော်စော်ကားကားကွာ၊ တို့ကြာဖြူကုန်ရွာကို ဘာမှတ်သလဲ၊ အသေကို တီးပစ်လိုက်မယ်၊

တက်စမ်း··· တက်ခဲ့စမ်း၊ ခု··· တက်ခဲ့စမ်း'

ဒေါသတကြီးဖြင့် အော်ဟစ်ဆဲဆိုကြိမ်းမောင်းကာ ခုတ်မည်၊ ရိုက်မည် တကဲကဲဖြစ်နေကြသည့် ကြာဖြူကုန်ရွာသားများကို ကြည့်လျက် သံသပိတ်ခမျာ မျက်နှာကလေး ဆီးရွက်လောက် ဖြစ်နေလေသည်။

'ဘယ်··· ဘယ်လိုလုပ်ကြမလဲ ရွှေရိုး၊ သည်တစ်ခါတော့ ကိုယ်ကျိုးနည်းပြီ ထင်ပါရဲ့ကွာ'

'ဟော့ကောင်··· သံသပိတ်၊ မင်းအသာနေ ဣန္ဒြေမပျက်စေနဲ့ ငါ့ဖာသာငါ ကြည့်ဖိမ့်မယ်'

ရွှေရိုးက သံသပိတ်အား မျက်နှာရိပ် မျက်နှာကဲပြကာ ခပ်တိုးတိုးလေး ပြောလိုက်သည်။



ထိုအခါ ရွှေရိုးလည်း ကုန်းဘောင်တံတားအပေါ်ရောက်လာသော တုတ်ကိုင်ထားသည့်လူအား···

'ကျွန်တော်တို့ ဘုဂလန့်ရွာကပါ နောင်ကြီးရာ၊ ဒီရွာမှာ ကြက်ပွဲဖြစ်မယ်ထင်လို့ ရောက်လာကြတာပါ၊ ပွဲမဖြစ်လို့အပြန်မှာ ရေသိပ်ဆာတာနဲ့ ဟောဒီ ကျွန်တော့်သူငယ်ချင်းက ရေကိုလက်ခုပ်နဲ့ လှမ်းအခပ်မှာ သူဝတ်ထားတဲ့ လက်စွပ်ကျွတ်သွားလို့ ဆင်းစမ်းနေတာပါ။

လက်စွပ်က ငါးမူးသားတောင်ရှိတာ၊ တမင်သက်သက် ရေကန်ထဲကို ဆင်းတာမဟုတ်ပါဘူး'

'ဘာပဲဖြစ်ဖြစ်ကွာ ဒါ ငါတို့ရွာရဲ့ သောက်သုံးရေကန်ကွ၊ မင်းတို့ လက်စွပ်က အရေးမကြီးဘူး၊ အခု ပြန်တက်ပြီး သွားကြတော့'

'ဟုတ်ကဲ့ပါခင်ဗျာ··· ဟုတ်ကဲ့ပါ၊ လာ··· သံသပိတ် ရွာပြန်ရောက်မှ အိမ်ကိုအကျိုးအကြောင်း ရှင်းပြတာပေါ့'

နှစ်ယောက်သား ကန်ပေါ်ပြန်တက်ကာ အဝတ်အစားများ ပြန်ဝတ်၍ ကြက်ကိုပြန်ကောက်ပြီးနောက် ခပ်သွက်သွက်ကလေး လစ်ထွက်ခဲ့ကြလေ၏။

'မင်း သိပ်တော်တယ် ရွှေရိုးရာ၊ အလျှောက်ကောင်းလို့ အထောင်းသက်သာတယ်ဆိုတာ ဒါမျိုးထင်တယ်၊ နို့မဟုတ်ရင် ဘယ့်ကလောက်တောင် အနှာခံရမယ်မသိဘူး··· ဟူး'

သူတို့နှစ်ယောက် ခပ်ဝေးဝေးအရောက်မှာတော့ ရွှေရိုးက သံသပိတ်၏ ပခုံးကိုလှမ်းပုတ်ရင်း···

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်··· သံသပိတ်၊ အနောက်ဘက်ကို လှည့်ကြည့်လိုက်စမ်း'

သံသပိတ်လည်း ရွှေရိုး ညွှန်ပြရာကို ကြည့်လိုက်တော့ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

အကြောင်းမူ တုတ်ခါးကိုင်ဆောင်ထားကြသည့် ကြာဖြူကန်ရွာသားအပေါင်းမှာ တုတ်ခါးတွေကိုချ၊ အဝတ်အစားတွေ ချွတ်လျက်ရေကန်အတွင်း ဒိုင်ဗင်ပစ်ဆင်းကာ သံသပိတ်ပျောက်သည်ဆိုသောလက်စွပ်အား ရေငုပ်ရှာနေကြသည်ကို တွေ့လိုက်ရသောကြောင့်ပါတည်း။

○ ○ ○

'ဟ…!

ငါက လူကြမ်းနေရာမှာ

ဖက်တီးနဲ့မောင်ပိန့်ကို

နှင်ချထားပြီးသားကွ။

မင်းကို ထပ်ဖြည့်လိုက်ရင်

ငါ့အပေါ်

ငြိုငြင်လာကြတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com

ဘုဂလန့်ရွာဘုရားပွဲက တပေါင်းလပြည့်နေ့မှာ ကျင်းပလေ့ရှိ၏။

သည်တစ်နှစ်တော့ ကိုယ့်ရပ်ကိုယ့်ရွာ စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင် ဖြစ်ရေးအတွက် သူကြီးဦးသြဘာနှင့်တကွ ရပ်မိရပ်ဖ ကာလသားတွေက အရပ်ဇာတ်ကလေး တစ်ခုကို ထည့်စေချင်သည်။

ရွာမှာလည်း တီးတတ်မှုတ်တတ်သောသူ၊ ဆိုတတ်ကတတ်သောသူတွေ ရှိလေသည်မို့ ကိုယ့်အရပ်နှင့်ကိုယ့်ဇာတ် အဟာပ်မကွာစေဖို့ ဆရာလေးကိုစိန်ဘန်းကို တာဝန်ပေးလေ၏။

သည်တော့လည်း ဆရာလေးကိုစိန်ဘန်းတစ်ယောက် ကျေးလက်အကြိုက် အကြမ်းအရမ်း၊ အလွမ်းအသောတို့ စုံစီနဖာပါဝင်သော ဇာတ်လမ်းဇာတ်ကွက်ကို စဉ်းစားရသည်။

ပြီးတော့ အချိတ်အဆက်မိအောင် စီကာစဉ်ကာ ရေးရတော့သည်။

တကယ်တမ်း ဈာန်ဝင်စားပြီး ရေးလိုက်တော့လည်း ဘာမျှမကြာ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ရက်အနည်းငယ်အတွင်းမှာပင် 'ခွေးမသား သူပုန်' ဆိုသည့် ပြဇာတ်တစ်ပုဒ် ဖြစ်လာလေတော့သတည်း။

'ဟာ… ဆရာလေးရဲ့ ပြဇာတ်နာမည်ကြီးကလဲ'

'ဟုတ်ပါရဲ့ ခေါ်ရတာလွယ်ပေမဲ့ ကြမ်းလွန်းသလိုပဲ'

အချို့က ဤသို့ဤပုံ ဝေဖန်ကြသည်။

သည်တော့လည်း ဇာတ်ဆရာအဖြစ် တာဝန်ယူမည့် ဆရာလေးကိုစိန်ဘန်းက…

'ခင်ဗျားတို့က ခြေခြေမြစ်မြစ် မသိဘဲ ရမ်းသန်းပြီး ဝေဖန်ကြတာကိုးဗျ၊ ကျုပ်ရဲ့ ဇာတ်လမ်းမှာ အမေမုဆိုးမကြီးနဲ့ သားဖြစ်တဲ့သူက အမေတစ်ခု သားတစ်ခု၊ သားက အပေါင်းအသင်းမှားပြီး သူပုန်ဖြစ်သွားတာ၊ သူ့အမေက ဒေါ်ခွေးမတဲ့။ ဒါကြောင့် ဒေါ်ခွေးမရဲ့ သားဖြစ်တဲ့ သူပုန်အကြောင်းကို ရေးထားတာမို့ 'ခွေးမသား သူပုန်' လို့ နာမည်ပေးလိုက်တာ'

'ဪ… သည်လိုကိုး ကောင်းတယ်ဆရာလေး… ကောင်းတယ်'

သို့ဖြင့် 'ခွေးမသား သူပုန်'မှာ စင်မတင်မီကပင် နာမည်ဟိန်းထွက်လာလေတော့၏။ ဆရာလေးကိုစိန်ဘန်းလည်း ဘုန်းကြီးကျောင်းဝင်းရှိ ဓမ္မာရုံကြီး၌ ဇာတ်တိုက်ရန် စီစဉ်ရလေပြီ။ သည်သတင်းကြားရလေတော့ ဇာတ်ပိုးအင်မတန်ကြီးသော ကိုဂျက်ကြီးမှာ မနေသာ။

ဘုဂလန့်တစ်ရွာလုံး၌ အသားအမည်းဆုံးပုဂ္ဂိုလ်ကို ပြပါဆို



လျှင် ကိုဂျက်ကြီးကိုပဲ ညွှန်းရပေလိမ့်မည်။ လူပုံက ပုကွကွ၊ ဂင်တိုတို၊ ဗိုက်ရွဲရွဲ၊ မျက်နှာမှာလည်း ကျောက်ပေါက်ရာ ဗလပွနှင့်၊ သူ့လောက် ရုပ်ဆိုးသူ တစ်ရွာလုံးမှာ သူမှလွဲ၍ အခြားမရှိ။

ဒါပေသည့် အနုပညာပိုးကတော့ မသေး။ ခုလည်း ဘုဂလန့်ရွာဘုရားပွဲမှာ ပြဇာတ်ကမည်ဆိုတော့ စိတ်ထဲမှာ ရှုပိုးထိုးလာခဲ့ပေပြီ။ ထို့ကြောင့်လည်း ပြဇာတ်ဒါရိုက်တာအဖြစ် ဇာတ်စီးမည့် ဆရာလေးကိုစိန်ဘန်းထံသို့ အပြေးကလေး သွားရောက်ခဲ့သည်။

'ဆရာလေး… ဆရာလေး'

'ရော…ဂျက်ကြီးပါလား၊ အူလျားဖားလျားနဲ့ ဘယ်ကိစ္စများပါလိမ့်'

ဂျက်ကြီးလည်း အဆီပျံလျက်ရှိသည့် မျက်နှာမည်းကြီးအား တဘက်ခပ်ညစ်ညစ်ဖြင့် သုတ်ရင်း…

'အဟီး… ကျုပ် ဆရာလေးတို့ ကပြမယ့် ပြဇာတ်ထဲပါချင်လို့'

ဂျက်ကြီး၏ စကားကြောင့် ဆရာလေးကိုစိန်ဘန်းခမျာ ဆတ်ကနဲ တုန်လှုပ်သွားခဲ့ရသည်။ ပြီးတော့ အထိတ်အလန့်ဖြစ်သွား သလိုလို။

'ခက်တယ် ဂျက်ကြီးရာ၊ ပြဿနာပဲ ငါ့ပြဇာတ်မှာ လူတွေက ပြည့်နေပြီ။

မင်းသားလုပ်မယ့်သူက သူကြီးသားရွှေရိုး၊ ရွှေရိုးနဲ့ မအေလုပ်မယ့်သူက ကာလသမီးခေါင်းဒေါ်မေနှင်း၊ လူကြမ်းတွေက ဖက်တီး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မောင်ပိန်၊ ပြီးတော့ ဇာတ်ရန်တွေက လူစေ့တက်စေ့ ပြည့်နေပြီ'

'မင်း… မင်းသမီးကကောဟင်'

'မင်းသမီးက ဇာတ်ခေါင်းကွဲသွားတဲ့ဇာတ်က ရွှေ့ထွက် မင်းသမီးတစ်ယောက်ကို ငှားထားတယ်၊ 'ချောကလျာဝင်း' တဲ့'

မင်းသမီးကို မမြင်ဖူးသေး။ နာမည်ကြားရုံနှင့်ပင် ဂျက်ကြီး အဖို့ မရိုးမရွဖြစ်နေခဲ့ပြီပင်။

သည်ပြဇာတ်၌ သူ ပါဝင်ခွင့်မရလျှင် နှလုံးရပ်ပြီး သေဖို့သာ ရှိတော့သည်။

'လုပ်ပါ ဆရာလေးရယ်၊ ဆရာလေးက ပြဇာတ်ဒါရိုက်တာပဲ ဟာ၊ ဆရာလေးရေးတဲ့ဇာတ်လမ်း ဇာတ်ကောင်တစ်ကောင် ပိုထည့်တာ ဘာမှဖြစ်မသွားပါဘူး ဆရာလေးရယ်'

'ခက်တော့တာပဲကွာ'

ဆရာလေးကိုစိန်ဘန်းက စိတ်ရှုပ်ဟန်ဖြင့် ဆံပင်တိုနံ့နံ့ ဦး ခေါင်းအား တဗျင်းဗျင်းကုတ်လေ၏။

'လုပ်ပါ ဆရာလေးရယ်၊ ဆရာလေးတို့ ပြဇာတ်အတွက် လိုအပ်တဲ့နေရာမှာ သုံးရအောင်လို့ ရန်ပုံငွေအဖြစ် ငွေငါးထောင် ထည့်ပါ့မယ်၊ ဟောဒီမှာ… ဟောဒီမှာ'

စကားကို အမြှင်မပြတ်ပြောရင်း ဆရာလေးကိုစိန်ဘန်း အိတ် ထဲသို့ ငွေစက္ကူခေါက်ကို အတင်းကာရော ထိုးထည့်လေ၏။ သည် တော့လည်း ဆရာလေးကိုစိန်ဘန်းခမျာ မတတ်သာ တတ်သာ အမူ အရာဖြင့်…



'ဟူး… မင်းကတော့ကွာ လုပ်ပြီ၊ အင်းလေ… မနိုင်ရင်ကား လူတွေဆိုတော့ လုပ်ပေးရတော့မှာပေါ့ကွာ'

'အဟီး… မင်းသမီးနဲ့တွဲရတဲ့အခန်းမှာ ထည့်ပေးနော် ဆရာလေး'

'ဟာ… ,မင်းသမီးနဲ့တွဲရမှာ မင်းသားကွ၊ မင်းသား'

'ဒါဆို မင်းသမီးကို ဆွဲမယ့်၊ လွဲမယ့် လူကြမ်းနေရာက ကောဟင်'

'ဟ… ငါက လူကြမ်းနေရာမှာ ဖက်တီးနဲ့ မောင်ပိန့်ကို ခွင်ချ ထားပြီးသားကွ၊ မင်းကို ထပ်ဖြည့်လိုက်ရင် ငါ့အပေါ် ငြိုငြင် လာကြ တော့မယ်'

'ဒါ… ဒါဆိုရင်'

'အေး… မင်းသမီးရဲ့အဖေ လူမမာအခန်းက သရုပ်ဆောင်ရ လိမ့်မယ်၊ အခန်းက တစ်ခန်းတည်း၊ လူမမာအသည်းအသန် ဖြစ်နေလို့ သမီးဖြစ်တဲ့ မင်းသမီးက ဆေးတိုက်မယ်၊ ဆေးတိုက်ပြီးတာနဲ့ ခေါက် ခနဲ အမောဖောက်ပြီး အသက်ထွက်သွားရမယ် ဒါပဲ။ မင်း သရုပ် ဆောင်နိုင်ရင်ဆောင် မဆောင်နိုင်ရင် မင်းပိုက်ဆံပြန်ယူသွား'

ဆရာလေးကိုစိန်ဘန်း၏ ပြတ်သားသောစကားကြောင့် ဂျက်ကြီးခမျာ ရင်တုန်ပန်းတုန်ဖြစ်သွားပြီး…

'ဟာ… မ… မယူပါရစေနဲ့ ဆရာလေးရယ်၊ ကျုပ် သရုပ် ဆောင်ပါ့မယ်၊ အဲ… ကျုပ်က မင်းသမီးအဖေ လူမမာဆိုတော့ မင်းသမီးက ကျုပ်ကိုပွေ့ပြီး တယုတယနဲ့ ဆေးတိုက်မှာနော်'

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း ဂျက်ကြီးမှာ သွားရည်တွေ တမြားမြားကျလာသည်။

နှာခေါင်းမှာလည်း ပြောင်တင်းလာကာ မျက်လုံးတွေကလည်း ဝင်းဝင်းတောက်လျက်။

'မဟုတ်ဘူးကွ၊ အဲသလို မဟုတ်ဘူး'

'ဒါဆိုရင် ဘယ်လိုလဲ ဆရာလေး'

'ဘယ်လိုလဲဆိုတော့ မင်းက ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း ချောင်းတွေတဟွတ်ဟွတ်ဆိုးလို့ ဟောဟဲ… ဟောဟဲ ဖြစ်နေရမယ်၊ အဲသည်အချိန်မှာ ရည်းစားနဲ့ချိန်းတွေ့ပြီး ပြန်လာတဲ့ မင်းသမီးက 'အဖေ ချောင်းတွေသိပ်ဆိုးပြီး အမောဖောက်နေသလား၊ သမီးလည်း ဘာမှမလုပ်တတ်ဘူး၊ ဒီတော့ ဆေးရုံတက်ရအောင် ဆိုက်ကားသွားခေါ်လိုက်မယ်နော်' လို့ ပြောပြီး ကားလိပ်ကြားထဲ ပြန်ဝင်တဲ့အခိုက်မှာပဲ ဂစ်ခနဲမြည်လို့ ခေါက်ခနဲ အသက်ထွက်သွားရမယ်'

'ဆရာလေးရယ်… ဒီလောက်တောင်လည်း မရက်စက်ပါနဲ့ဗျာ၊ အခန်းလေးတစ်ခန်းပါရတဲ့ ဥစ္စာ၊ မတော် လက်ကလေးဘာလေးကိုင်ရရင် တော်သေးတာပေါ့၊ လူကြမ်းတွေဆိုရင် ဆွဲလားရမ်းလားတောင် လုပ်ရသေးတာ'

'ငါကလည်း မင်းကို အတတ်နိုင်ဆုံး လုပ်ပေးထားရတာ၊ နကိုတုန်းက ဒီအခန်း လုံးဝပါတာ မဟုတ်ဘူး၊ လုပ်ပြီကွာ၊ ခုတော့… မင်းကြောင့် ဦးနှောက်တွေ ထူပူကုန်ပြီ'

သည်သို့ ညည်းညည်းညူညူ ပြောဆိုရင်း ခေါင်းတွေကို



တဗျင်းဗျင်းကုတ်လိုက်ပြန်သည်။ ဤတွင် ဂျက်ကြီးက တစ်ထောင်တန်တစ်ရွက်ကို ဆတ်ခနဲထုတ်ပြီး ဆရာလေးကိုစိန်ဘန်း အိတ်ထဲသို့ ထိုးထည့်လေ၏။

'လုပ်ပါဆရာလေးရယ်… လုပ်ပါ၊ လက်ကလေးကို ခဏတဖြုတ်လောက်ကိုင်ရရင်ပဲ ကျေနပ်လှပါပြီ'

'အေးကွာ… အေး… အေး၊ အကြာကြီး မကိုင်ရဘူးနော်'

'စိတ်ချပါဆရာလေးရယ်… စိတ်ချပါ'

'ကိုင်း… သွားပေတော့၊ ဒီည စပြီးဇာတ်တိုက်မှာနော်၊ မင်းသမီးလည်း ညနေဆိုရောက်လာတော့မှာ'

'စိတ်ချ ဆရာလေး၊ မဖြစ် ဖြစ်တဲ့နည်းနဲ့ အရောက်လာခဲ့မယ်၊ ဒါမှ ဇာတ်ရည်လည်မှာ… ဇာတ်ရည်လည်မှာ… အဟီး'

ဂျက်ကြီးလည်း သူ့အလိုဆန္ဒ ပြည့်ဝသွားပြီ ဖြစ်သည့်အတွက် မှိုရသည့်မျက်နှာဖြင့် ရွှင်လန်းသွက်လက်စွာ ထွက်ခွာသွားလေသတည်း၊

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com

'အဟွတ်... အဟွတ်
အဖေ့နားမှာ
ခဏလေးထိုင်စမ်းပါဦး သမီးရယ်...
အဖေလေ...
အဖေခံစားနေရတဲ့ ဝေဒနာကို သိပါတယ်။
အဖေဟာ လူ့လောကထဲမှာ
ကြာရှည်နေရမှာ မဟုတ်လို့
ပြောချင်တာလေးတွေ
ပြောပါရစေ သမီးရယ်'

www.burmeseclassic.com

www.burmeseclassic.com

ဘုဂလန့်ရွာ ဘုရားပွဲကား စတင်ခဲ့ပြီ။

ပျော်ပွဲရွှင်ပွဲတော်နေ့ခဲ့သည်မို့ တစ်ရွာလုံးလိုလိုပင် ညနေစောင်းသည်နှင့် ပွဲခင်းထဲသို့ ရောက်ရှိနေကြပေပြီ။ ဓာတ်စင်ရှေ့မှာတော့ မနက်ခင်းကပင် ဖျာကြမ်းတွေ ဂုံနီအိတ်တွေခင်းကာ နေရာယူထားခဲ့ကြသည်။

ကလေးသူငယ်အပေါင်းမှာလည်း ကျွမ်းထိုးသူ ထိုးကြ၊ လက်သီးထိုးတန်း ကစားလိုကစားကြနှင့် ပြောင်းဆန်နေပေသည်။

ပွဲဈေးတန်းကြီးမှာလည်း စည်စည်ကားကား။

ကွမ်းယာသည်၊ အရုပ်သည်၊ ပူဖောင်းသည်၊ ရေမုန့်သည်၊ ကောက်ညှင်းကျည်တောက်သည်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲသည်၊ ဘူးသီးကြော်သည်၊ မုန့်လက်ကောက်သည်၊ ဝက်ခေါင်းသုပ်သည်၊ စသည်တို့နှင့် မြိုင်ဆိုင်နေသကဲ့သို့ ပွဲခင်းနှင့်ခပ်လှမ်းလှမ်းရှိ ကုက္ကိုပင်ကြီးအောက်မှာတော့ ဖိုးသာဒင်၏ ခွက်ပုန်းဆိုင်ကလေးက မူးယစ်ရီဝေလိုသူတို့ကို စောင့်စားလျက်ရှိ၏။

ဘုဂလန့်ရွာမှာ ပြဇာတ်ကမည်ဆိုတော့ ရွာနီးချုပ်စပ်တွေကပါ ရောက်လာလေကြရာ ညအမှောင်နားနီးလေ ပို၍စည်ကားလေဖြစ်နေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲခင်း၏ တစ်နေရာမှာတော့ ဒေါ်လှရီနှင့် ပန်းမှုံတို့ ရောက်ရှိနေကြ၏။

ပန်းမှုံကား သွေးသားမကင်းသော အဒေါ်ဒေါ်လှရီ၏ နားချမှုကြောင့် ရွှေရိုးအပေါ် အာရုံကျလာခဲ့ပြီဖြစ်၏။

သို့ရာတွင် ဘဝတစ်ခုလုံးအတွက် အရေးပါသောကိစ္စဖြစ်သဖြင့် တိကျပြတ်သားသော အဖြေကိုမပေးသေးဘဲ အချိန်ကို ဆွဲဆန့်ထားလေ၏။

ညသည် တဖြည်းဖြည်း ရင့်လာခဲ့သည်နှင့်အမျှ ညကိုအန်တုမည့် မီးရောင်များ ထိန်ထိန်ညီးလာပြီး ပရိသတ်အပေါင်း မွေ့လျော်စောင့်စားနေကြသော ဖျော်ဖြေရေး အစီအစဉ်များကို စပါလေတော့၏။

ပထမဦးဆုံး ဘုဂလန့်ရွာလုလင်ပျိုများ၏ အိုးစည်ဒိုးပတ် အကအခုန်များနှင့် ဖျော်ဖြေ၏။

ပြီးတော့ ဘုဂလန့်ရွာသူလုံမေပျိုတို့၏ ပုသိမ်ထီးယိမ်းအကဖြင့် ဖျော်ဖြေ၏။

သည့်နောက်ပိုင်းမှာတော့ အများမျှော်လင့်စောင့်စားနေကြသော ပြဇာတ်ဒါရိုက်တာ ဆရာလေးကိုစိန်ဘန်း၏'ခွေးမသား သူပုန်' ပြဇာတ်ကို တင်ဆက်ပါလေ၏။

ဒေါ်ခွေးမအဖြစ် ကာလသမီးခေါင်းဒေါ်မေနှင်းက သရုပ်ဆောင်၍ ဒေါ်ခွေးမ၏သားအဖြစ် ရွှေရိုးက သရုပ်ဆောင်၏။ ရွှေရိုးတို့မှာ အမေတစ်ခုသားတစ်ခု ဖြစ်သကဲ့သို့ ရွှေရိုး၏ချစ်သူ ချောကလျာဝင်းမှာလည်း မုဆိုးဖိုဖခင်ကြီးနှင့်နေထိုင်ရ၏။ ဖခင်ကြီးက ရင်ကြပ်ပန်းနာရောဂါသည် ဖြစ်၏။



တစ်နေ့ ရွှေရိုးတို့ရွာသို့ သူပုန်များ ဝင်ရောက်စီးနင်းပြီး အရွယ်ရောက်သူများကို စည်းရုံးသိမ်းသွင်း ခေါ်ဆောင်သွားရာ ရွှေရိုးလည်း သူပုန်ဖြစ်သွားလေ၏။

သူ့အား ဒေါ်ခွေးမ၏သား ဖြစ်သောကြောင့် 'ခွေးမသား သူပုန်' ဟူ၍ ခေါ်ကြလေ၏။ ခွေးမသားသူပုန်သည် အမြင်မှန်မရသေးဘဲ သူပုန်စိတ်ဓာတ်ဖြင့် အဖျက်လုပ်ငန်းများကို လုပ်ကိုင်၏။ သည့်အတွက် ချစ်သူချောကလျာဝင်းက ချိန်းဆိုပြီး အကျိုးသင့်အကြောင်းသင့် ရှင်းပြကာ အမှောင်ထဲမှထွက်၍ အလင်းဝင်ရန် ဖြောင်းဖျလေတော့၏။

ပရိသတ်ကား ဇာတ်လမ်းထဲ၌ မျောပါနေကြ၏။ ပန်းမှုံအဖို့ ရွှေရိုးနှင့်မင်းသမီးတို့ တွဲပြီဆိုလျှင် စိတ်ထဲ၌ မနာလိုသလိုလို၊ သဝန်တိုသလိုလို ဖြစ်ပေါ်ခံစားနေရလေရာ သူမအပေါ်သူမ နားမလည်သလိုပင် ဖြစ်ရလေတော့၏။

'အို… ပန်းမှုံရယ်၊ ပြဇာတ်ဆိုတာ သဏ္ဌာန်လုပ် သရုပ်ဘေအောင် သရုပ်ဆောင်ရတာပဲဟာ၊ ဘယ်အမှန်တကယ် ဟုတ်ပမလဲ ပြီးတော့လည်း ပြီးသွားတာပဲ ဥစ္စာ။

ဟော… ဟော… ဟို… ဟိုမှာ ဂျက်ကြီးရဲ့ အခန်းရောက်လာပြီ၊ ကြည့်… ကြည့်'

ကားလိပ်အဖွင့်မှာတော့ ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



ဇရာမမီးသွေးခဲတုံးကြီးအား ပန်းပုထုဆစ်ထားသည့်အလား ဂျက်ကြီး သည် ခပ်ကွေးကွေးကလေး ထိုင်နေ၏။

'အဟွတ်… အဟွတ်… အဟွတ်… ဟွတ်'

ဂျက်ကြီးကား လူမမာပုံအပြည့်အဝဖမ်းလျက် ချောင်းကို အဆက်မပြတ်ဆိုးနေလေ၏။ သဏ္ဌာန်လုပ် သရုပ်တူအောင် ကြိုးစားပါ သော်ငြား ပုကွကွ၊ ဂင်တိုတိုကိုယ်လုံးကြီးကြောင့် လူမမာပုံ သိပ်မ ပေါက်ချေ။

သူက ဤပြဇာတ်၌ မင်းသမီး၏ အဖေဖြစ်၏။

သည်တော့ အသက်အရွယ်ကြီးသည့် ပုံပေါက်အောင် ဆံပင် ကို ထုံးရည်ခပ်ပျစ်ပျစ်ဖြင့် သုတ်လိမ်းကာ ဆံပင်ကို နောက်လှန်ဖြီး ထား၏။

ပုဆိုးအကွက်တုံးကြီးနှင့် ကုတ်အင်္ကျီကြီးကို ဝတ်ဆင်ထားရာ အင်မတန်မှ ကြည့်ရဆိုးလှချေ၏။ သို့ရာတွင် ပရိသတ်အပေါင်းမှာ မည်သို့မျှ ဝေဖန်ခြင်း၊ စောဒကတက်ခြင်း မပြုဘဲ ဂျက်ကြီးတစ် ယောက် ဘယ်လိုများ အစွမ်းပြမည်ကိုသာ အာရုံဝင်စားနေမိ ကြလေ တော့၏။

'အဟွတ်… အဟွတ်… အဟွတ်… အမယ်လေး… လေး။ ရင်ထဲကကြပ်ပြီး အသက်ရှူရတာ မောလိုက်တာ၊ အင်း… သမီး… သမီး… သမီး၊

ငါ့သမီးလေး ဘယ်ကိုများ ရောက်နေပါလိမ့်ကွယ်။

အဖေတစ်ခု သမီးတစ်ခု၊ တကယ်လို့များ အဖေသာ မျက်



ကွယ်ပြုသွားခဲ့ရင်ဖြင့် ငါ့သမီးလေး ဘယ်လိုများ နေရစ်ပါ့မလဲနော်၊ အင်း… အဟွတ်… အဟွတ်… အဟွတ်'

ထိုအခိုက်မှာပင် မင်းသမီးသည် လိုက်ကာကြားမှ ထွက်လာ လေ၏။

ထို့နောက် ဖခင်ဖြစ်သူ ဂျက်ကြီးထံ လျှောက်လာရင်း…

'အဖေ… ချောင်းတွေသိပ်ဆိုးနေပါလား၊ မဖြစ်ဘူး… မဖြစ်ဘူး၊ ဆေးရုံပို့တာ ကောင်းလိမ့်မယ်၊ အဖေ့ကို ဆေးရုံပို့ရအောင် သမီး ဆိုက်ကားသွားခေါ်လိုက်ဦးမယ်နော်'

သည်သို့ဆိုပြီး မင်းသမီးက လှည့်ထွက်ဖို့ ပြင်သည်။

တကယ်ဆိုလျှင် မင်းသမီးလှည့်ထွက်ကာ လိုက်ကာကြားထဲ ဝင်ရောက်သွားချိန်၌ ဂျက်ကြီးတစ်ယောက် အမောဖောက်ပြီး ခေါက်ခနဲ အသက်ထွက်ရမည် ဖြစ်၏။ သို့ရာတွင် 'တံမြက်စည်းမှာ လည်း အတံနှင့်၊ ဂျက်ကြီးမှာလည်း အကြံနှင့်' ဆိုသကဲ့သို့ အနားရောက် လာသော မင်းသမီး၏လက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်လေ၏။

'အို… အမေ့'

'အမေ မဟုတ်ပါဘူး သမီးရယ်၊ သမီးကို အမေလိုတစ်မျိုး အဖေလိုတစ်သွယ် ပြုစုစောင့်ရှောက် ချစ်လာခဲ့ရတဲ့ အဖေပါ သမီး'

ဂျက်ကြီးတစ်ယောက် နဂိုခွင်ချထားသည်တို့ကို ဥပေက္ခာပြု လျက် လုပ်ချင်ရာလုပ်နေပေပြီ။

ပရိသတ်ကြီးကတော့ မသိ။

ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြ၏။ ဇာတ်ဆရာ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



လေးကိုစိန်ဘန်းမှာတော့ မျက်လုံးမျက်ဆန်တွေ ပြူးလာ၏။ မင်းသမီးသည် လက်ကို ရုန်း၏။

ဘယ်ရမှာတဲ့နည်း။

ဂျက်ကြီးက လွယ်လွယ်နှင့်လွှတ်မပေး။

'အဟွတ်··· အဟွတ်၊ အဖေ့နားမှာ ခဏလေး ထိုင်စမ်းပါဦး သမီးရယ်၊ အဖေလေ··· အဖေခံစားနေရတဲ့ ဝေဒနာကို သိပါတယ်။ အဖေဟာ လူ့လောကထဲမှာ ကြာရှည်နေရမှာ မဟုတ်လို့ ပြောချင်တာလေးတွေ ပြောပါရစေ သမီးရယ်'

မင်းသမီးလည်း ကြောင်တက်တက်နှင့် ဂျက်ကြီး၏နဘေး၌ ကြုံ့ကြုံ့ကလေး ထိုင်ချလိုက်လေ၏။ ထိုအခါ ဂျက်ကြီး၏ လက်တစ်ဖက်သည် မင်းသမီး၏ ပခုံးပေါ်သို့ ရောက်သွားလေ၏။ ဤတွင် မင်းသမီးက ···

'အဖေ··· စကားသိပ်မပြောနဲ့နော်၊ မောနေတယ် မဟုတ်လား၊ သမီးရေသွားခပ်လိုက်ဦးမယ်'

ဟူ၍ ဥပါယ်တံမျဉ်ဖြင့် ပြောသည်ကို ဂျက်ကြီး လက်မခံ။ အလွယ်တကူ ခေါင်းညိတ်လိုက်ပါက လက်ရှိရနေသော အခွင့်အရေးတို့ လက်လွှတ်ဆုံးရှုံးသွားမှာကို စိတ်ထဲကသိနေသည်။

ထို့ကြောင့် မင်းသမီးကို ထခွင့်မပေး။

ဖက်ထားသည်ကိုလည်း မလွှတ်။

'သမီးရယ် အဖေက မကြာခင် သေရမယ့်လူပါ၊ အဖေ မျက်စိမမှိတ်ခင် မှာချင်တာမှာသွားပါရစေဦး'



နောက်ခံတေးသွားက အလွမ်းသံစဉ်ကို တီးခတ်ပေးနေသည့်အတွက် ရုပ်မပျက်သည့်အပြင် ပို၍ပင်ပီပြင်လာသလို ဖြစ်နေ၏။ ဂျက်ကြီးကား ကုလားထိုင်မှ လက်တစ်ဖက်ဖြင့် လှမ်းဖက်ရသည်ကို အားမရ။

သည့်အတွက် အပါးကပ်သွားစေရန် ကုလားထိုင်ကိုအရွေ့ဝယ် ဈေးချုပ်ချုပ်ထားသော အပ်ချည်ခွေးတို့မှာ တင်းမခံသာတော့ဘဲ ပြုတ်ထွက်သွားသဖြင့် ···

'ဝုန်း'

'အောင်မလေး··· သေပါပြီဗျ'

ဂျက်ကြီးတစ်ယောက် ကုလားထိုင်ပေါက်ထဲ နောက်ပြန်ကျကာ ခြေထောက်နှစ်ဖက်ထောင်လျက် ကိုးရို့ကားယား ဖြစ်သွားလေတော့၏။

'အို··· အဖေရယ်၊ ဖြစ်မှဖြစ်ရလေ၊ သမီးကို မှာစရာရှိတာတောင်မှ မမှာနိုင်တော့ဘဲ သမီးကိုပစ်သွားပြီလား၊ အဟင့်··· အဟင့်'

မင်းသမီးက ငိုချင်းချလေတော့၏။ သည်ခဏ ဂျက်ကြီးသည် ခေါင်းပြန်ထောင်ရင်း···

'ဟဲ့··· မသေသေးဘူးလေ'

ပရိသတ်အပေါင်းမှ ဝါးခနဲရယ်မောသံကြီး ထွက်ပေါ်လာလေတော့သည်။

ထိုအသံကို အခွင့်ကောင်းယူလျက် မင်းသမီးက···

'သေတော့လေ··· ဘယ်လိုလူလဲ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… နင် ငါ့ကိုပွေ့မှသေမှာ နို့မဟုတ်ရင် မသေဘူး'

'တောက်!'

မင်းသမီးလည်း မချင့်မရဲဖြင့် ပွေ့ထူတော့မှ ဂျက်ကြီးလည်း ပီတိအဖွေးသားဖြင့် ခေါင်းလည်ကာ မင်းသမီး၏ ရင်ခွင်ထဲ ငိုက်ကျသွားလေတော့သတည်း။

ထိုစဥ်မှာပင် ကားလိပ်ကျလာလေတော့၏။

✪ ✪ ✪

'ဒီမယ်… ပန်းမှုံ'
လောကမှာ လူချင်းတူပေမဲ့
အသက်ရှူတာကျတော့ ကွဲတတ်ကြပါတယ်။
ငါ… နင့်အပေါ်ထားတဲ့ မေတ္တာဟာ
ယာယီမဟုတ်ပါဘူး။
ရာသက်ပန်မေတ္တာပါဟာ
နင်နဲ့ရပြီးရင်
နင့်အလိုကို အမြဲလိုက်မယ့်သူပါ'

www.burmeseclassic.com

www.burmeseclassic.com

ဘာပဲပြောပြော 'ခွေးမသား သူပုန်' ပြဇာတ်မှာတော့ အကြီးအကျယ် နာမည်ရသွားသူမှာ ဂျက်ကြီးပင် ဖြစ်လေ၏။

'ဂျက်ကြီးတို့ကတော့ ပိုင်တယ်ကွာ၊ တစ်ခန်းဆို တစ်ခန်းတည်း သရုပ်ဆောင်ရပေမဲ့ မင်းသမီးရဲ့လက်ကိုလည်း ကိုင်ရတယ်၊ ပခုံးလည်းဖက်ရတယ်၊ ဒါ့အပြင် မင်းသမီးရင်ခွင်ထဲ ခေါင်းစိုက်ပြီး မျက်နှာအပ်ရတယ်ဆိုတော့'

'အဟီး… ဒါမှလည်း ငွေကုန်ရကျိုးနပ်မှာပေါ့ကွ'

သည်ပြဇာတ်၌ ပါဝင်သရုပ်ဆောင်သူတွေကို ဂုဏ်ပြုသည့်သဘောဖြင့် စုပေါင်းထမင်းချက်စားကြသည့်ပွဲ၌ တစ်ယောက်တစ်ပေါက် ဝေဖန်သံများကြားဝယ် ဂျက်ကြီးအဖို့ အထူးပင် မျက်နှာပွင့်လှပေတော့၏။

ထိုပွဲအပြီးမှာတော့ ဒေါ်လှရီ၏ စီမံပေးမှုဖြင့် ရွှေရိုးအဖို့ ပန်းမှုံနှင့်တွေ့ရပေဦးတော့မည်။

တွေ့ရမည်ဆိုတော့ ရင်တွေကအခုန်သား။

ရင်ခုန်ဆို သည်ကနေ့မှာပဲ ပန်းမှုံထံမှ အဖြူအမည်း ပြတ်သားသော အဖြေစကားကို ကြားရလိမ့်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှရီတို့ အိမ်ကိုရောက်တော့ ဗိန္ဓောဆရာဦးအောင်ကြီးက အိမ်မှာမရှိ။

တခြားရွာမှ လာပင့်သည့်အတွက် ဆေးလိုက်ကုနေ၏။ ကံများကောင်းချင်တော့ မျက်နှာပူရမည့် ဦးအောင်ကြီးက အိမ်မှာမရှိဘဲ ဒေါ်လှရီနှင့်ပန်းမှုံတို့သာ အိမ်မှာရှိနေသည်။

'ကိုင်း… ရွှေရိုး… ထိုင်ဦး… ငါ အနောက်ပိုင်းက ဒေါ်ကလေးမဆီမှာ ဟင်းစားမှာထားတာ သွားယူလိုက်ဦးမယ်၊ ကဲ… ပန်းမှုံ အဒေါ်သိပ်မကြာဘူး ပြန်လာမှာ၊ ရွှေရိုးကို ရေနွေးလေးဘာလေးနဲ့ ဧည့်ခံလိုက်ဦး'

'ဟုတ်ကဲ့… ဒေါ်လေး'

သည်ကတည်းက ဒေါ်လှရီ ရှောင်ပေးမှန်း သိသာလှပါ၏။ သည်လိုမျိုး ကျေးဇူးများသော ဒေါ်လှရီအား ၎င်းတို့ကိစ္စအဆင်ချောပြီး မင်္ဂလာပွဲကြီးဆင်နွှဲသည့်အခါဝယ် ဝတ်ကောင်းစားလှဝတ်စုံဖြင့် ကန်တော့ဖို့ရာ ရွှေရိုးစိတ်ထဲ ဆုံးဖြတ်ထားလိုက်၏။

ဒေါ်လှရီ ထွက်သွားအပြီးမှာတော့ ပန်းမှုံက ရွှေရိုးသောက်ဖို့ရာ ရေနွေးဗန်းလာချပေး၏။

'ပန်းမှုံ'

'ရှင်'

'ငါ့ကို ဒီကနေ့ အဖြေပေးမယ်ဆို ပြောလေဟာ၊ ငါ ကြားချင်လှပြီ'

'ခက်တာပဲ ကိုရွှေရိုးရယ်၊ ကျုပ်လေ တစ်ခါမှရည်းစား



မထားဖူးဘူးတော့၊ ဒါကြောင့် စဉ်းစားရခက်နေတယ်၊ ပြီးတော့ အပျိုကြီးဒေါ်မေနှင်း ပြောထားတာလည်း နားထဲကမထွက်ဘူးဆိုတော့'

'ပြော… ပြောစမ်းပါဦး၊ အပျိုကြီးဒေါ်မေနှင်းက ဘာတွေများပြောထားလို့လဲ'

'ဩော်… တခြားတော့ မဟုတ်ပါဘူး၊ ယောကျ်ားတွေဆိုတာဟာ မရခင်သာ အလိုလိုက်အကြိုက်ဆောင်ပြီး သဘောတွေ ထွေတ်ကောင်းနေကြတာတဲ့။ သူတို့လိုတာ ရပြီးသွားပြီဆိုရင် ပေလျက်ပြုပြီး သူတို့စိတ်ထင်သလို ကြဲတော့တာပဲ တဲ့'

'ဟာ… ဒါကတော့ မဟုတ်တမ်းတရား ပြောတဲ့စကားပဲ ဒါကြောင့်မို့ ခုထိ မစွံနိုင်ဘဲ အပျိုကြီးဖြစ်နေတာ။

ဒီမှာ ပန်းမှုံ လောကမှာ လူချင်းတူပေမဲ့ အသက်ရှူတာကျတော့ ကွဲတတ်ကြပါတယ်။ ငါ… နင့်အပေါ်ထားတဲ့ မေတ္တာဟာ ယာယီမဟုတ်ပါဘူး၊ ရာသက်ပန်မေတ္တာပါဟ။ နင်နဲ့ရပြီးရင် နင့်အလို ကို အမြဲလိုက်မယ့်သူပါ'

ထိုခဏ ပန်းမှုံ၏ ပါးပြင်၌ ပရွက်ဆိတ်ကလေးတစ်ကောင် ဘယ်ပုံဘယ်နည်း ရောက်လေသည်မသိ။ ရွရွကလေးလှုပ်ရှားလျက် မျက်လုံးရှိရာသို့ ဦးတည်နေ၏။

'ဟာ… ပရွက်ဆိတ်… ပရွက်ဆိတ်၊ ပန်းမှုံရဲ့မျက်လုံးထဲဝင်တော့မယ်'

ရွှေရိုး၏ နှုတ်မှစိုးရိမ်တကြီး အသံပေါ်ထွက်လာသည်နှင့် အတူ လက်ကလည်း ရုတ်ချည်းဆိုသလို ပန်းမှုံ၏ပါးပြင်ထက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ပရွက်ဆိတ်အား ဖယ်ရှားပြီး ဖြစ်သွားလေ၏။ ရွှေရိုး၏အကျင့်က သူတစ်ပါး၌ ဝက်ခြံရှိလျှင် မနေနိုင်၊ မထိုင်နိုင် ညှစ်ပေးချင်တတ်သော၊ အနာပြည်မှည့်နေပါက ဖောက်ပေးချင်တတ်သော၊ သွေးစုပေါက်ပါက မေတ္တာရှိ ညှစ်ထုတ်ပေးချင်တတ်သော၊ ဆံပင်ဖြူ ထိုးထိုးထောင်ထောင် ပေါက်နေပါက နုတ်ပေးချင်တတ်သော အကျင့်က ပါနေလေသည့်အတွက် ယခုလို ချစ်ရသူပန်းမှုံ၏ ပါးပြင်ထက်၌ ပရွက်ဆိတ်တက်နေသည်ကို မြင်ရလျှင်ပင် စိတ်ထဲအလိုလို မရိုးမရွဖြစ်လာကာ ယောက်ျားရင့်မကြီး ဖြစ်သော်ငြား စိုးရိမ်တကြီးဖြင့် လက်က အလိုလိုရောက်ရှိလျက် ဖယ်ထုတ်ပြီးသား ဖြစ်သွားလေ၏။ သည်မှာတင် ပန်းမှုံ၏နှုတ်ဖျားမှ ထင်မှတ်မထားသော စကားလုံးတချို့ ထွက်ပေါ်လာလေ၏။

'ကိုရွှေရိုးကို ပန်းမှုံ ချစ်ပါတယ်တဲ့ရှင်'

'အမယ်လေး… ဝမ်းသာလိုက်တာ ပန်းမှုံရယ် တကယ်ပါပဲ'

အမှန်မတော့ ပန်းမှုံ၏ဦးနှောက်ထဲ၌ အဒေါ်ဒေါ်လှရီ ပြောထားသော စကားတစ်ခွန်းက သံမှိုနှက်ထား၍ပဲ ဖြစ်သည်။

'ဒီမယ် ငါ့တူမ၊ ရွှေရိုး ညည်းအပေါ်ကို ဂရုစိုက်မစိုက်၊ သူ့အချစ်စစ်မစစ် စမ်းသပ်ချင်ရင် အသေးအဖွဲကလေးနဲ့ စမ်းရတယ်။ ညည်းရဲ့ ပါးပြင်ပေါ်ကို သူမသိစေဘဲ ပရွက်ဆိတ်သေးသေးလေးကို တင်ကြည့်။ သူ့အနေနဲ့ ညည်းအပေါ်ကို သိပ်ဂရုစိုက်တာမှန်ရင် ပုရွက်ဆိတ်ကလေးကို ချက်ချင်းဖယ်ပေးလိမ့်မယ်။ အဲသလိုမှ မဟုတ်ရင်



ဂရုမစိုက်တာ အပေါ်ယံကြောဆိုတာ သေချာတယ်။ အဒေါ်လည်း ကိုအောင်ကြီးကို ယူခဲ့တာ၊ ခုဆို အိမ်ထောင်သက် မနည်းတော့ဘူး။ အဒေါ့်အပေါ် ဂရုစိုက်လိုက်တာများ တုန်နေအောင်ပဲ'

သည်စကားအရပင် ပန်းမှုံအဖို့ ရွှေရိုး၏အချစ်အား ယတိပြတ်လက်ခံလိုက်ခြင်းပင်။

'သိပ်ချစ်တာပဲ… ပန်းမှုံရယ်'

သည်သို့ဆိုပြီးသကာလ ပန်းမှုံအား လှမ်းဖက်မည်အလုပ် 'အဟမ်း… အဟမ်း'ဆိုသည့် ချောင်းဟန့်သံနှင့်အတူ ဒေါ်လှရီ ရောက်လာသဖြင့် ရွှေရိုးခမျာ သူ့ဦးလှမိခံရမည့်ကိန်းနှယ် ပြုံးဖြီးဖြီးကြီး ဖြစ်သွားရလေသည်တမုံ့။

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါတယ်...

သူဟာ... နာမည်ကြီး ဓားပြခေါင်းဆောင်ပါပဲ။

သူဟာ နောက်ပိုင်းမှာ

ဓားပြတိုက်ရုံတင် မဟုတ်ဘူး။

လူသတ်မှုကိုပါ ကျူးလွန်လာတယ်။

လက်ရဖမ်းဆီးဖို့ရာ...

အရှောင်အတိမ်းကောင်းနေတော့'

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခေါက် သူကြီးဦးသြဘာ မြို့ကအစည်းအဝေးခေါ် သဖြင့် ရွာမှာတစ်ပတ်လောက်ကြာအောင် ပျောက်နေခဲ့သည်။ သူကြီး နှင့်အတူ ပါသွားသူက ရာအိမ်မှူးဖိုးကျယ် ဖြစ်၏။

တစ်ပတ်လောက်ကြာတော့မှ ဘုဂလန့်ရွာသို့ နှစ်ဦးသား ပြန်ရောက်လာတော့၏။ ခရီးပန်းလာ၍ထင့် အိမ်ပြန်ရောက်တော့ သူကြီး ဖျားလေသတည်း။

ရာအိမ်မှူးဖိုးကျယ်ကတော့ သူကြီးထက် ငယ်ရွယ်ပြီး ကိုယ် ကာယဗလတောင့်တင်းသဖြင့် ဘာမှတော့မဖြစ်။ သူကြီးက ဖျားမည့် သာဖျားသည်။

ဟန်တွေကတော့ အပြည့်။

'သည်တစ်ခေါက် မြို့ကိုတက်တာ အတော်လေးကို အကြား အမြင်ဗဟုသုတတွေ တိုးခဲ့ရတယ်ကွာ၊ အုပ်ချုပ်သူလူကြီးတွေက လည်း အစည်းအဝေးမှာ အပြောကောင်းမှကောင်းပဲ။

'ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မူလပထမ' တဲ့။ ဒါ သိပ်မှန်တယ်။ တရားဥပဒေသာမစိုးမိုးရင် ရပ် ရွာဆိုတာ အေးချမ်းသာယာလိမ့်မှာ မဟုတ်ဘူး။ သည်တော့ မင်းမဲ့

www.burmeseclassic.com

www.burmeseclassic.com



စရိုက်တွေ ကင်းရှင်းပပျောက်ရလေအောင် ရပ်ရွာအုပ်ချုပ်သူတွေမှာ တာဝန်ရှိသလို အုပ်ချုပ်ခံလူထုဖြစ်တဲ့ ရွာသူရွာသားတွေမှာလည်း တာဝန်ရှိတာပဲ'

သူကြီးက သူ့မိသားစုနှင့်တကွ သတင်းမေး ရောက်လာကြသူတို့အား စောင်ကြီးခြုံလျက်သားဖြင့် အာပေါင်အာရင်းသန်နေ၏။

သူကြီးကတော်ဒေါ်မဲတူကား ခင်ပွန်းသည်ပြောနေသော နိုင်ငံရေး စကားလုံးများအပေါ် စိတ်ဝင်တစား ဖြစ်နေမိသည်နှင့်အမျှ အထင်ကြီးစိတ်များလည်း တဖွားဖွားဖြစ်ပေါ်နေလေ၏။

'ခုတစ်လောကျေးရွာတချို့မှာ သူခိုးဓားပြရန်တွေဟာ အတော်ကလေးကို ခေါင်းထောင်ထနေတယ်။ အထူးသဖြင့် ဓားပြခေါင်းဆောင်ဆင်ပေါက်တို့ အဖွဲ့ဆိုတာ နာမည်ကြီးပဲ။ ခုထိ မမိသေးဘူး။ တို့ရွာကနေ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုတဲ့ထုံးကို နှလုံးမူလို့ ခြေစုံကန်သွားတဲ့ တရုတ်ကျင်ငွေတို့ လင်မယားကို သိကြတယ်မဟုတ်လား'

'နေပါဦး သူတို့ ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ ဓားပြဆင်ပေါက်တို့ လက်ချက်မိသွားလို့ ဖြူကာပြာကာ ကျသွားတာပေါ့'

'ကောင်းတယ်... ကောင်းတယ်၊ ကျုပ်တို့ တစ်ရွာလုံးကို မဟုတ်တမ်းတရားတွေ လုပ်ခဲ့တာ၊ ခုတော့ လူပါးပုလင်းထိတာပဲပေါ့။ ဒါ ဝဋ်လည်တာပဲ သူကြီး'

ကာလသားခေါင်းကြွက်နီက မှတ်ချက်ချသည်။



အားလုံးကလည်း ခေါင်းတညိတ်ညိတ်။

'ဒါကတော့ သူပြုတဲ့ကံ သူပြန်ခံရတာပဲလေ။ ဒါပေမယ့် ရပ်ရွာထဲမှာ ခုလိုမျိုး ဓားပြဝင်တိုက်သွားတယ်။ လူကိုလည်း ထုနှက်သွားတယ်ဆိုတော့ ဒါဟာ တရားဥပဒေကို ဆန့်ကျင်တဲ့သဘောပဲ။ ရာဇဝတ်မှုကို ကျူးလွန်တာပဲ။ အကယ်တန္တ အဲသည်ရပ်ရွာဟာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိမယ်။ လုံခြုံရေးသတိ အမြဲရှိပြီး ပေါင်းစုအားနဲ့ တွန်းလှန်မယ်ဆိုရင် သည်လိုမျိုး ဓားပြတွေ၊ ခိုးသားတွေဆိုတာ ရွာထဲကိုဝင်ဖို့ မဆိုထားနဲ့ ရွာအနားတောင် သီဝံ့မှာ မဟုတ်ဘူး'

'ဒါလည်း ဟုတ်ပေတာပဲ'

'ဒီတော့ ငါတို့ ဘုဂလန့်ရွာလည်း ခိုးသားဓားပြရန်တွေက ကင်းလွတ်ရလေအောင် သည်ကနေ့ကစလို့ ဆယ်အိမ်တစ်ယောက်နှုန်း ရွာအပြင်ထွက်ပြီး ညကင်းစောင့်ကြရလိမ့်မည်။ မစောင့်နိုင်ဘူးဆိုတဲ့လူကို ဒဏ်ငွေဆောင်ခိုင်းမယ်'

'ကောင်းတယ် သူကြီး၊ ကောင်းတယ်၊ ဆယ်ရက်နေမှ တစ်ရက်ပဲ ကင်းလှည့်ရတဲ့ဥစ္စာ'

'မစောင့်ဖြစ်တဲ့ အိမ်အတွက်ရလာတဲ့ ဒဏ်ကြေးတွေကို ကင်းလှည့်တဲ့သူတွေ စားသောက်ဖို့ ဖန်တီးရမယ်'

'ကောင်းတယ် သူကြီး၊ ကိုယ့်ရပ်ကိုယ့်ရွာလည်း လုံခြုံအေးချမ်းမယ်။ ကင်းလှည့်တဲ့သူတွေလည်း အစုံမယ်ဆိုတော့ သူကြီးရဲ့ အစီအမံကို အပြည့်အဝထောက်ခံတယ်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ကြေညာချက်ထုတ်ပေတော့၊ တစ်ရွာလုံးကိုမောင်းထုပြီး အသိပေး ကြေညာမယ်'

သို့ဖြင့် နောက်တစ်ရက်မှာတော့ ဘုဂလန့်ရွာ၌ မောင်းထု လှည့်လည်သံကို ကြားရလေတော့၏။

ကြေညာရမည့် စာသားကို ဆရာလေးကိုစိန်ဘန်းက ရေးသား ပေးပြီး ရွာဆော်ဖြစ်သော ကိုသိန်းဒံက မောင်းထု၍ ကြေညာလေ တော့၏။

'ဘုဂလန့်ကျေးရွာအတွင်းရှိ ကျေးရွာသူ ကျေးရွာသား အပေါင်းတို့ ခင်ဗျား...

ဘုဂလန့်ကျေးရွာအတွင်းရှိ ကျေးရွာသူ ကျေးရွာသားအပေါင်း တို့ ခင်ဗျား...

ခိုးသားဓားပြရန်တွေကင်းဝေးပြီး ရပ်ရွာအေးချမ်းသာယာရေး အတွက် ယနေ့မှစ၍ ဆယ်အိမ်ထောင်လျှင် လူတစ်ယောက်နှုန်းကျ ရပ်ရွာအပြင်၌ ညကင်းလှည့်ကြရပါမည်။

အကယ်၍...

မိမိတို့၌ ကျရောက်သည့်ရက်တွင် ပျက်ကွက်ခဲ့ပါက သူကြီး ထံ၌ ဒဏ်ကြေးငွေ ပေးဆောင်ရမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ပုံ- သူကြီးဦးသြဘာ'

'ဒူ... ဟူ... ဟူ'

ရွာတွင်းအနှံ့ မကြားရမရှိလေအောင် လှည့်လည်ကြေညာ



မောင်းခတ်သံကြောင့် ဘုဂလန့်တစ်ရွာလုံးလည်း လုံခြုံရေးအသိဖြင့် နိုးနိုးကြားကြား ဖြစ်သွားလေတော့၏။

❂ ❂ ❂

ဘုဂလန့်ရွာမှာက အိမ်ခြေသုံးရာလောက်ရှိသည်ဆိုတော့ ဆယ်အိမ်တစ်ယောက်နှုန်းကျ တာဝန်ခွဲဝေထားလေသည့်အတွက် ခန့်မှန်းခြေအယောက်သုံးဆယ် ထွက်လာ၏။

ဤတွင် ဆယ်ယောက်စီသုံးစုခွဲပြီး ကိုယ့်အစီအစဉ်နှင့်ကိုယ် ကင်းလှည့်ကြရမည်ဖြစ်၏။

အဆိုပါ ကင်းအဖွဲ့ကို ဆရာလေးကိုစိန်ဘန်းက စစ်ဆေးရ ၏။

တာဝန်စကျသည့်နေ့ဝယ် သူကြီးအိမ်လည်း ပါလေသည်

'ငါဟာ... ဒီရွာကိုအုပ်ချုပ်ရတဲ့ သူကြီးဆိုပြီး ကင်းလှည့် တာဝန်လွတ်ရမယ်ဆိုရင် မဟုတ်သေးဘူး၊ အုပ်ချုပ်သူကိုယ်တိုင် စံပြအဖြစ် ခေါင်းဆောင်ပြရမယ်'

သူကြီးဦးသြဘာက ကိုယ်ဖော်သည့်ဆေးကို ကိုယ်ပြန်စား သည့်အနေဖြင့် တိကျပြတ်သားသော စကားကို စောင်ကြီးခြုံလျက်သား မှ ပြောလာသည်။

'ဟာ... အဖေကလည်း နေသိပ်ကောင်းတာ မဟုတ်ဘဲနဲ့ သက်သက်သာသာ နေစမ်းပါ၊ ကျုပ်ပဲ ကင်းလှည့်တဲ့ဆီ လိုက်သွား မယ်'

www.burmeseclassic.com

www.burmeseclassic.com



ရွှေရိုးက ထိုသို့ဆို၏။

'ဟုတ်သားပဲတော် ရွှေရိုးပြောသလို အိမ်မှာနားနားနေနေ နေစမ်းပါ၊ အဖျားက ပျောက်သေးတာ မဟုတ်သေးဘူး'

သူကြီးကတော် ဒေါ်မဲတူက ထိုသို့ တားမြစ်၏။

သည်တော့လည်း သူကြီးခမျာ သားနှင့်မယားတို့၏ စကားကို မလွန်ဆန်သာ။

သို့ဖြင့် ရွှေရိုးလည်း စုရပ်ဖြစ်သော ကျေးရွာစာသင်ကျောင်းသို့ ခါတ်မီးတစ်လက်၊ ဝါးဆစ်ပိုင်းတစ်ချောင်းဖြင့်သွားကာ ကင်းမှူး ဖြစ်သော ဆရာလေးကိုစိန်ဘန်း၏ တာဝန်ခွဲဝေမှုကို လက်ခံရ၏။

သို့ဖြင့် ဆယ်ယောက်တစ်စုဆီ ရွာဆုံးရွာဖျား ကွေ့ပတ်ကာ ကင်းလှည့်ကြလေ၏။

ညကား လရောင်ကင်းမဲ့သဖြင့် ကြယ်ကလေးတွေကိုပဲ အဖော် ပြုရဟန်ရှိလေသည်။

ညကိုးနာရီတီတီမှသည် အရုဏ်တက် မိုးသောက်ချိန်ရောက် သည်အထိ ရပ်ရွာလုံခြုံရေးအတွက် ကင်းလှည့်ကြရမည်။

ဤ၌ သဒ္ဓါတရားပေါက်သော အစီးလေးပန်းရုံက ကင်းသမား များစားဖို့ရာ ကောက်ညှင်းပေါင်း ပေါင်းပြီး တစ်ယောက်တစ်ထုပ်စီ ဝေငှပေးခဲ့၏။

'ကိုရွှေရိုး သတိဝီရိယနဲ့ စောင့်နေပါနော်၊ ခြေခင်းလက် ခင်းကိုလည်း ဂရုစိုက်'

'အေးပါ ပန်းမှုံရယ်၊ သတိထားမှာပါ'



ချစ်သူ၏ စိုးရိမ်စကားလေးကြောင့် ရွှေရိုးစိတ်ထဲ လန်းဆန်း သွားရသည်။

ကြည်နူးချမ်းမြေ့သွားရသည်။

'ဒါထက် စပါးတွေသိမ်းပြီးတာနဲ့ ပန်းမှုံကိုလာတောင်းမှာ နော်'

'အင်းပါ... အမေကလည်း ကိုရွှေရိုးကို သဘောကျပြီး သားပါ၊ သူ့လက်ကောက်တွေ တရုတ်ကျင်ငွေဆီက ပြန်ရအောင် စွမ်းဆောင်ပေးခဲ့ကတည်းကိုက ချီးမွမ်းမဆုံးဖြစ်နေတာ'

သည်လိုဆိုလျှင်ဖြင့် ချစ်သူနှစ်ဦး၏ အနာဂတ်ခရီးလမ်းသည် သာယာဖြောင့်ဖြူးဖို့ပဲ ရှိတော့မည်။

'ကိုင်း... ရွှေရိုးရေ၊ သွားကြမယ်ဟေ့'

'ဟုတ်... ဟုတ်ကဲ့ ဆရာလေး'

ချစ်သူနှစ်ဦး ကြည်နူးမဆုံးဖြစ်ကြစဉ် တာဝန်ဆိုသော အသံ ကြောင့် ကြည်နူးရိပ်ကလေးများကို တဒင်္ဂဖယ်ရှားပစ်လိုက်ရသည် တူနှစ်ကိုယ်နီးပါမှပဲ အတိုးချ ကြည်နူးရပါလိမ့်မည်။

ကင်းသမားတွေ အုပ်စုသုံးအုပ်စုခွဲလျက် ကင်းလှည့်နေခိုက် ဖြစ်၏။

ရွှေရိုးတို့အဖွဲ့ ကင်းသုံးပတ်ခန့် လှည့်အပြီးမှာတော့ ချောင်းနံ စပ်ဆီမှ လူပုံသဏ္ဌာန်အရာတစ်ခုက ၄င်းတို့ထံ ရွေ့လျားလာနေသည်ကို ထင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှူး… တို့ဘက်ကို လာနေတဲ့ပုံပဲဟေ့၊ သည်တော့ ကင်းပုန်းဝပ်ကြ… ကင်းပုန်းဝပ်ကြ'

ရွှေရိုး၏ စကားကြောင့် ကင်းသမားတွေ ကင်းပုန်းဝပ်လိုက်ကြ၏။

မှန်ပေစွ…။

ရွာဆီသို့ဦးတည်ကာ လူတစ်ယောက် ယိမ်းထိုး ယိမ်းထိုးလျက် လာနေကြောင်းကို တစထက်တစ သိလိုက်ရ၏။

ကင်းသမားတွေ အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်စွာနှင့်ပင် ကင်းပုန်းဝပ်ရင်း အခြေအနေကို စောင့်ကြည့်နေခဲ့ကြသည်။

တဖြည်းဖြည်း ပုံသဏ္ဌာန်ကို သဲကွဲစွာမြင်လာရသည်။

သူစိမ်းယောကျာ်းတစ်ယောက်။

ဒယိမ်းဒယိုင်ဖြင့် လှမ်းလာနေရာ ခပ်လှမ်းလှမ်းဆီ အရောက်မှာတော့ ရွှေရိုး၏ လက်နှိပ်ဓာတ်မီးက ဖျတ်ခနဲပွင့်သွားပြီး အလင်းရောင်တန်းသည် ထိုပုဂ္ဂိုလ်ထံသို့ ကျရောက်သွားလေ၏။

'ဟေ့… ရပ်လိုက်စမ်း'

'ပြေးမယ် မကြံနဲ့၊ တစ်ခါထဲ အသက်ထွက်သွားမယ်'

ရွှေရိုး ဦးဆောင်လျက် ထိုသူစိမ်းရပ်နေရာသို့ လက်နက်ကိုယ်စီဖြင့် ဝိုင်းရံလိုက်ကြသည်။

သူစိမ်းကား ထွက်မပြေး။

သူ့မှာလည်း ထွက်ပြေးနိုင်စွမ်း မရှိတော့၍ထင့်။

စူးရှသောအလင်းရောင်ကို လက်ဖြင့်အုပ်ကာထား၏။ အဝတ်



အစားတွေမှာလည်း စုတ်စုတ်ပြတ်ပြတ်။ မကြာခင်မှာပင် ရပ်နေရာက ခွေကနဲ လဲကျသွားလေ၏။

ရွှေရိုးလည်း ဝါးဆစ်ပိုင်းကို တဆဆလုပ်ရင်း ထိုသူလဲကျရာနေရာသို့ တိုးကပ်သွားလေ၏။

'ဟေ့ကောင်… မင်း ဘယ်သူလဲ'

'… … … … …'

'ဟေ့ကောင်… မင်း ဘယ်သူလဲ၊ ဘယ်ကလဲ မေးနေတာ ဖြေလေကွာ၊ မဟုတ်ရင် တီးထည့်လိုက်မယ်နော်'

'အား… အီး… ကျွတ်… ကျွတ်… ကျုပ်… ကျုပ်'

စကားကို ရှေ့မဆက်နိုင်တော့။ ထိုမျှသာဆိုပြီး ငြိမ်ကျသွားသည်။

ထိုသူ၏ ခါးကြားကို ကြည့်လိုက်တော့ လုပ်သေနတ်တစ်လက်။

'ဟာ… ဒီကောင် တို့ရွာကို ဓားပြတိုက်ဖို့လာတာ ဖြစ်ရမယ်။ ဒီတော့ ကိုယ်ကဦးအောင်တွယ်ထားမှ'

သို့ဆိုလျက် ခြေထောက်ဖြင့် လှိမ့်ကန်လိုက်ရာ ထိုသူလည်း လည်၍ကျသွားလေ၏။

'ဟေ့ကောင်… မူလကျီသွန်နီ လုပ်မနေနဲ့၊ ထစမ်း… ထစမ်း၊ ဟေ့ကောင်တွေ… ကြိုးတုပ်ဖို့ ကြိုးရှာကြစမ်း'

ကင်းသမားတွေ လှုပ်လှုပ်ရှားရှား ရှိကြသလောက် ငြိမ်သက်လွန်းသူကား လူစိမ်းပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သမှ တုပ်တုပ်မျှပင် မလှုပ်။

ထိုခဏ အခြားကင်းတစ်ဖွဲ့ ရောက်လာသည်။ ထိုအထဲ၌ ဆရာလေးကိုစိန်ဘန်းလည်းပါ၏။

'မှန်းစမ်း'

မီးရောင်အောက်၌ ငြိမ်သက်နေသော လူစိမ်း၏ အခြေအနေကို ကိုစိန်ဘန်းလည်း သေသေချာချာ စစ်ဆေးကြည့်ရှုလိုက်၏။

'ဟာ... ဒီလူ အသက်မရှိတော့ဘူး၊ သေသွားပြီ'

'ဟယ်'

'အို'

အာမေဋိတ်သံများ ပေါ်ထွက်လာကြ၏။

'ဘယ်က ဘယ်လိုဖြစ်တာလဲ'

သည်တော့ ကင်းသမားများက အဖြစ်မှန်ကို ရှင်းပြကြ၏။

'အင်း... ဒီလူစိမ်းဟာ လူကောင်းလား လူဆိုးလား မခွဲခြားနိုင်ပေမဲ့ လက်နက်ပါပုံထောက်တော့ လူဆိုးပဲဖြစ်ဖို့များတယ်။ လူဆိုးဖြစ်နေပေမဲ့ ခုလိုမျိုး အသက်ဆုံးရတယ်ဆိုတော့ ဒါဟာ ရာဇဝတ်မှုပဲ'

'ဒါ... ဒါဆို'

'ဟုတ်တယ် ရွှေရိုး၊ မင်းတော့ အမှုပတ်ပြီ'

'ဟာ... ဒါဆို အမှုမပတ်အောင် ဒီလူသေကို မြေမြှုပ်လိုက်ရင် ကိစ္စမပြတ်ဘူးလား၊ သူ့ဆီက သေနတ်ကို ကျေးရွာကာကွယ်ရေးအတွက် သိမ်းလိုက်တာပေါ့ ဆရာလေးရယ်'



'ဟကောင်... မင်း စကားကို အလွယ်မပြောနဲ့၊ အခု ဖြစ်တဲ့ကိစ္စက ပေါ့သေးသေးမဟုတ်ဘူး၊ လူသေမှုကွ... လူသေမှု၊ အခန့်မသင့်ရင် လူသတ်မှုနဲ့တောင်မှ မင်း ငြိသွားနိုင်သေးတယ်။ ဒါကို ဆက်ပြီးမြေမြှုပ်ပစ်လိုက်ရင် အလောင်းဖျောက်ဖျက်မှုရယ်၊ လက်နက်မှုရယ် ထပ်ငြိသွားဦးမယ်'

'ဒါ... ဒါဆိုရင်၊ ကျုပ် ဘာလုပ်ရမလဲ ဆရာလေး'

တကယ်တမ်း အရေးကြုံလာတော့လည်း ရွှေရိုးအဖို့ အသားတွေတဆတ်ဆတ်တုန်နေပေပြီ။ သူ အမှုပတ်ပြီး ထောင်ကျသွားပါက သူတည်ဆောက်လိုသော စိတ်ကူးယဉ်ဗိမာန်ကြီးသည် အလဲလဲအပြိုပြိုဖြစ်ရတော့မည် မဟုတ်လား။

'ငါ ကောင်းသလို စီမံပေါ့မယ်ကွာ၊ အလောင်းကို ဘယ်သူမှ မထိကြနဲ့ မကိုင်ကြနဲ့'

သည့်နောက် ဆရာလေးကိုစိန်ဘန်းလည်း သူကြီးထံ သွားရောက်အကြောင်းကြားလျက် တိုက်နယ်ရဲစခန်းသို့ အကြောင်းကြားရန် စီစဉ်ရလေတော့၏။

❂ ❂ ❂

မနက်ခင်း၌ သည်သတင်း ထွက်ပေါ်လာတော့ တစ်ရွာလုံး ထိတ်လန့်ကုန်ကြ၏။

'ဘာ... ဘာ ကိုရွှေရိုးလုပ်လို့ လူတစ်ယောက်သေသွားတယ် ဟုတ်လား အမေ'

www.burmeseclassic.com

www.burmeseclassic.com



ပန်းမှုံက ရင်တုန်ပမ်းတုန်ဖြင့် မိခင်ဒေါ်ပန်းရုံကို မေးလေ၏။

'အမေလည်း အဲသလိုပဲ ကြားတာ သမီးရယ်၊ သူနဲ့ပါတဲ့ ကင်းသမားတွေကလည်း ရွှေရိုးက ခြေထောက်နဲ့ ပစ်ကန်ထည့်လိုက်လို့ အသက်ထွက်သွားတယ်လို့ အစစ်ခံကြတယ်တဲ့။

အခု သူကြီးအိမ်မှာ မြို့ကရဲတွေလည်း ရောက်နေကြပြီ'

'ဒါ... ဒါဆိုရင် ကိုရွှေရိုး အဖမ်းခံရမှာပေါ့နော်၊ ထောင်ကျမှာပေါ့နော်'

'မပြောတတ်ပါဘူး သမီးရယ်၊ တကယ်အပြစ်ရှိရိုးမှန်ရင် အပြစ်ပေးခံရမှာပေါ့'

'သမီး သူကြီးအိမ်သွားပြီး ကိုရွှေရိုးနဲ့ တွေ့ချင်တယ် အမေ'

ပန်းမှုံ၏ မျက်နှာကလေးက ဝမ်းနည်းရိပ်ဖြင့် မှိုအစ်နေသည်။ မဒေါ်ပန်းရုံအဖို့ သမီးကလေး ဝမ်းနည်းကြေကွဲနေလိမ့်မည်ကို ရိပ်စားမိပါသည်။

ကိုယ်ချင်းလည်းစာပါသည်။

ထို့အတူ ရွှေရိုးကိုလည်း သနားပါသည်။ သို့သော် မပြေးသော်လည်း ကန်ရာကရှိခဲ့ပြီမို့ သဗ္ဗေသတ္တာကမ္မသကာ ဟူ၍ပဲ သဘောထားကာ တရားနှင့်သာ ဖြေစရာရှိတော့သည်။

'သွားလေ... သမီး... သွား... သွား'

မိခင်၏ ခွင့်ပြုချက်ဖြင့် သူကြီးအိမ်ရောက်သွားတော့ ရွာသူရွာသားတို့မှာ အုံခဲနေသည်။



ရဲတပ်ဖွဲ့ဝင်တွေ ရှေ့မှာတော့ ရွှေရိုး။

သူ့ကို ကြိုးများတုပ်ထားလေမလား။ လက်ထိပ်များ ခတ်ထားလေမလားဆိုပြီး ကြည့်လိုက်တော့လည်း ကြိုးနှင့်လည်း တုပ်မထား။ လက်ထိတ်လည်း ခတ်မထား။

ဤသို့ တာဝန်ရှိရဲစခန်းမှူး၏ စကားက ထိုးဖောက်ထွက်ပေါ်လာခဲ့သည်။

'တကယ်တော့ မောင်ရွှေရိုးရဲ့ ပယောဂကြောင့် သေရတယ်ပဲ ထားပါတော့။ မောင်ရွှေရိုးကို ကျွန်တော်တို့ မဖမ်းပါဘူး'

'ဟင်'

'ဟာ'

ထင်ထားတာက တခြား။

ဖြစ်လာခဲ့သည်က တစ်မျိုး ဆိုတော့ ရွာသူရွာသားအပေါင်းမှာ ပါးစပ်အဟောင်းသားဖြင့် အံ့အားတသင့် ဖြစ်နေကြလေသည်။ သူကြီးကလည်း မနေနိုင်။

'အဲဒါ ဘာကြောင့်ပါလဲ စခန်းမှူးကြီးရယ်၊ ကျုပ်တို့တော့ နားမလည်တတ်အောင် ဖြစ်နေပြီ'

'ဘာကြောင့်လဲဆိုတော့ အခု သေသွားတဲ့သူဟာ ရဲတပ်ဖွဲ့က အသေရရ၊ အရှင်ရရ အလိုရှိနေတဲ့ ဓားပြခေါင်းဆောင် ဆင်ပေါက်ဆိုတာပဲ'

'ဟင်'

'ဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါ… ဒါဆို တို့ရွာက တရုတ်ကျင်ငွေတို့ လင်မယားကို ဓားပြတိုက်ခဲ့တဲ့ ဓားပြခေါင်းဆောင်ပေါ့'

'ဟုတ်ပါတယ် သူဟာ နာမည်ကြီး ဓားပြခေါင်းဆောင်ပါပဲ၊ သူဟာ နောက်ပိုင်းမှာ ဓားပြတိုက်ရုံတင် မဟုတ်ဘူး၊ လူသတ်မှုကိုပါ ကျူးလွန်လာခဲ့တယ်၊

လက်ရဖမ်းဆီးဖို့ရာ အရှောင်အတိမ်းကောင်းနေတော့ အသေရရအရှင်ရရ ဆုငွေငါးသောင်းထုတ်ထားရတဲ့သူပါ။

ခုတော့ မောင်ရွှေရိုးကြောင့် ဓားပြဆင်ပေါက်ကို အသေရလိုက်တဲ့အတွက် ဆုတော်ငွေချီးမြှင့်ခံရဦးမှာပါ'

စခန်းမှူးကြီး၏ စကားကြောင့် ပန်းမှုံ၏ ရင်ထဲစိုးရိမ်သောကများ ပြယ်လွင့်သွားရသည်။ ရွှေရိုးကို ကြည့်လိုက်တော့လည်း လန်းလန်းရွှင်ရွှင်။

'ဟိုး တစ်လောက သူတို့ သတင်းကို စုံစမ်းလို့ရတာနဲ့ ကျွန်တော်တို့ ဝိုင်းကြရင်း ပစ်ခတ်ကြရာက သူ့တပည့် ရှောက်သီးနဲ့ မောင်သိုက်ကို အသေရပါတယ်၊ သူကတော့ လွတ်ထွက်သွားတယ်၊ သည်လိုနဲ့ တောထဲမှာပုန်းအောင်းရင်း တောကောင်တွေနဲ့တွေ့၊ အစာရေစာပြတ်၊ အဖျားရောဂါဝင်ပြီး သူကြီးတို့ရွာမှာ အကူအညီတောင်းဖို့အဝင် ကြမ္မာငင်တော့တာပဲ ဆိုပါတော့။

ကိုင်း… ကျွန်တော်တို့လည်း အလောင်းသယ်ယူရေးကိစ္စ၊ အခြားအခြားသောကိစ္စတွေ ဆောင်ရွက်ရဦးမှာမို့ ခွင့်ပြုကြပါဦး'

'ဟုတ်ကဲ့ စခန်းမှူးကြီး'



'အဲ… မကြာခင်မှာ မောင်ရွှေရိုးကို ကျွန်တော်တို့ ရဲတပ်ဖွဲ့က ဂုဏ်ပြုပွဲလုပ်မှာမို့ နီးလာရင်အကြောင်းကြားလိုက်ပါ့မယ်'

'ဟုတ်ကဲ့ပါ စခန်းမှူးကြီး'

စခန်းမှူးနှင့်အဖွဲ့ ဘုဂလန့်ရွာမှ ထွက်ခွာသွားချိန်မှာတော့ ကင်းလှည့်အဖွဲ့၌ ပါဝင်သော ဂျက်ကြီးတစ်ယောက် စူပွစူပွလုပ်ပါလေတော့၏။

'တောက်! ဒီလို ပွပေါက်တိုးမှန်မယ်းသိရင် ဓားပြစုတ်ဆင်ပေါက်ကို ငါပဲ ဦးအောင်ပစ်ကန်ပါတယ်ကွာ'

'ဟား… ဟား… ဟား'

ခုတော့ စိတ်သောကရောက်စရာများ ချုပ်ငြိမ်းကွယ်ပျောက်သွားရပါပြီ။

မကြာခင်ကာလမှာတော့ ဘုဂလန့်တစ်ရွာလုံးကို ဝက်သားပြောင်ကျွေးမည့် ရွှေရိုးနှင့်ပန်းမှုံတို့၏ မင်္ဂလာပွဲလည်း ကျင်းပကြပါတော့မည်။

ဤသို့ ဂျက်ကြီးက တစခန်းထလာပြန်ပါ၏။

'ဟေ့ကောင်… ရွှေရိုး မင်းတို့ မင်္ဂလာပွဲကျရင် ပြဇာတ်ထည့်ဖို့ ဆရာလေးကိုစိန်ဘန်းကို ပြောကွာ'

'နေပါဦး ဘယ်ပြဇာတ်ကို ထည့်ရမှာလဲ'

'ဟ…ဘယ်ပြဇာတ်ကမလဲကွ၊ တစ်ခန်းဆိုတစ်ခန်း ငါ့အပိုင် သရုပ်ဆောင်ခွင့်ရတဲ့ 'ခွေးမသား သူပုန်' ပြဇာတ်ပဲပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com


ရွှေရိုးနှင့်ပန်းမှုံတို့ ချစ်သူနှစ်ဦးမှာတော့ ဂျက်ကြီး၏ မဲ့မဲ့ရွဲ့ရွဲ့နှင့်ဟန်မူပါပါ ပြောလိုက်သော စကားကြောင့် ခိုးခိုးခစ်ခစ် ဖြစ်သွားကြပါလေတော့သတည်း။

ပြုံးပျော်ကြည်နူးကြပါစေ

မြို့မေတ္တာခံယူမယ့်

ကိုရွှေတောသား

(၁၇.၉.၂၀၁၀)

BURMESE CLASSIC .com
www.burmeseclassic.com